www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၁၅၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၁၂၀၈၀၉
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
အတွင်းနှင့် အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ံပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀ ကျပ်
ဖြန့်ချီရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ၈ီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** - 095163764, 095162031

၈၉၅.၈၃
ဒေဝီ
ကြောက်တတ်တဲ့သူ မလာနဲ့/ ဒေဝီ ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၀၉။
(၂၂၄) စာ၊ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ
(၁) ကြောက်တတ်တဲ့သူ မလာနဲ့


## အခန်း (၁)

ရွှေဘိုစုရွာမှာ စိုးကြီးဆိုရင် မသိတဲ့လူ မရှိဘူး။ ကနီ ရွှေဘိုစု၊ ချမ်းသာ၊ ကျောင်းစု အနီးဝန်းကျင်ကအစ စိုးကြီးဆို အကုန်သိကြတယ်။ သရဲကိုက်လို့ ဥတစ်လုံးပျောက်ခဲ့ရတဲ့ စိုးကြီး ရဲ့အဖြစ်ကလည်း ကျော်မကောင်း ကြားမကောင်း ဖြစ်ခဲ့ရတာ ကိုး။

စိုးကြီးတစ်ယောက် လယ်ထဲက ထိန်ပင်ကြီးအောက်ရှိ ကွက်တွင်းမှာ ကွက်လိုက်တုန်းကပေါ့။

ကြွက်တွင်းရဲ့ ဂယ်ပေါက်တွေကိုပိတ်ပြီး တွင်းထဲ ရေ အပြည့်ထည့်လိုက်ရော။ တွင်းထဲက ကြွက်က ရေမွန်းပြီး ဂယ် ပေါက်တွေပိတ်ထားလို့ ဝင်ပေါက်တစ်ပေါက်ထဲကနေ ဖောက်ထွက်ခုန် ပြေးအထွက်။



www.burmeseclassic.com

www.burmeseclassic.com



တွင်းပေါက်မှာ မှိန်းတစ်လုံးနဲ့ အသင့်ထိုးဖို့စောင့်နေတဲ့ စိုးကြီး။

လယ်ပြင်မှာ ဘယ်သူမှမရှိတော့ ရွှတ်လွှတ်လပ်လပ်ပဲ ပုဆိုးကို မြှောင်အောင်ကျိုက်ထားလိုက်တယ်။

မုဆိုးဒူးထောက် ထိုင်ပြီး မှိန်းတစ်လုံးကို အသင့်ကိုင်ထားချိန်။

စိုးကြီးအနားမှာ လက်စွဲတော် ကြွက်လိုက်ခွေးကလည်း ကြွင်းပေါ်မေးတင်ပြီး အသင့်ဟပ်ဖို့ ပါးစပ်ပြင်ထားချိန်။

ကြွက်က ဖလွှတ်ခနဲ အပြေး…

ခွေးက ကြွက်ကို ဆတ်ခနဲ ဟပ်ပြီး ကိုက်ခဲပစ်လိုက်တယ်။

'အား…'

တစ်လုံးတည်းသာ စိုးကြီး အော်လိုက်နိုင်ပြီး နေရာမှာတင် မေ့လဲနေပါလေရော။ နာရီဝက်လောက် စိုးကြီး မေ့သွားတာ ရွှေဘိုစုရွာသားတစ်ယောက်က တွေ့လို့ ရွာထဲပြေး အကြောင်းကြားတာနဲ့ လူအုပ်စုလိုက် စောင်ပုခက်တွေနဲ့ ရောက်လာပြီး ကျောင်းစုဆေးရုံကို ပို့လိုက်ရတယ်။





'ဒီထိန်ပင်ကြီးနားမှာ ကြွက်မထောင်ပါနဲ့လို့ ငါပြောသားပဲ စိုးကြီးရာ'

စိုးကြီးရဲ့ ယောက္ခမ ဦးသန်းက မချိတင်ကဲ ပြစ်တင်မြည်တွန်တယ်။

'ထိန်ပင်စောင့်သရဲက ခွေးကို ဝင်ပူးပြီး ကိုက်ခိုင်းလိုက်တာဖြစ်လိမ့်မယ်'

'ဒီသရဲက 'ဥ'မှ ချွေးလိုက်ရတယ်လို့ကွာ'

စိုးကြီးတစ်ယောက် ဆေးရုံမှာ တစ်ပတ်လောက် တက်လိုက်ရတယ်။

စိုးကြီး မကျေနပ်ဘူး။

သူ့ကို လူညွှန့်တုံးအောင်လုပ်တဲ့ ထိန်ပင်စောင့်သရဲကို လုံးဝမကျေနပ်ဘူး။

သူ့ရဲ့အချစ်တော် ခွေးကိုတော့ အပြစ်မတင်ဘူး။

ဘာမဆိုင် ညာမဆိုင် ထိန်ပင်စောင့်သရဲတော့ အကျိန်းခံနေရပြီ။ စိုးကြီး ဆေးရုံကဆင်းလာတော့ မိန်းမဖြစ်သူက ပျော်နေတယ်။ ကလေးမမွေးရတော့လို့လေ။

စိုးကြီးမှာ ဝတုတ်ဆိုတဲ့ သမီးတစ်ယောက်ရှိတယ်။ [illegible]လေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နှစ်သမီး ဝတုတ်ပြဲလေး။ စိုးကြီးရဲ့ အချစ်တော်ပေါ့။ ဘယ်သွားသွား စိုးကြီးက ခေါ်သွားတယ်။ အမှန်ဆို စိုးကြ ..၂ သားသမီးတွေ လိုချင်သေးတာ။

သမီးလေးဝတုတ် တစ်ယောက်တည်း အဖော်မဲ့နေမှာ စိုးလို့။

ခုတော့ ဝတုတ်တလေး အဖော်မဲ့ရပြီပေါ့။

ဒါတွေကို စိုးကြီး တွေးမိတိုင်း ထိန်ပင်စောင့်သရဲကို အပြတ်ရှင်းပစ်ချင်တယ်။ ဒီထိန်ပင်ကြီးကို ခုတ်လှဲပစ်ရင် ထိန်ပင်စောင့်သရဲလည်း နေစရာမရှိတော့ဘူးပေါ့။

ခုတ်မယ်။ ဒီထိန်ပင်ကြီးကို မရရအောင် ခုတ်မယ်။

✣ ✣ ✣

BURMESE CLASSIC .com

စိုးကြီးတစ်ယောက် ထိန်ပင်ခုတ်ဖို့ ရွှေဘိုစုရွာထဲက လူငယ်တွေကို လိုက်ခေါ်တယ်။

'အရက်တစ်လုံး၊ ကြက်ကြော်တစ်ကောင် တိုက်မယ်၊ ထိန်ပင်ခုတ် လိုက်ခဲ့ကြကွာ'

'ခင်ဗျား ယောက္ခမပိုင်တဲ့ လယ်ထဲက ထိန်ပင်ကြီးလား'





'အေး...'

'ဟာ... အဲဒါကြီးဆို မခုတ်ရဲဘူး'

'ဘာဖြစ်လို့လဲ'

'နှစ်ချို့ပင်ကြီး၊ ပင်စည်က လူတစ်ဖက်မကတော့ဘူး၊ အဲဒါမျိုးက အစောင့်ကြီးတယ်၊ ခုတ်ရင် နိုက်တတ်တယ်ဗျ'

'မင်းတို့ကလည်း အယူသည်းနေပြန်ပြီ၊ ငါတစ်ယောက်လုံး ရှိပါတယ်ဟ'

'ခင်ဗျားတောင် ခံခဲ့ရပြီးပြီပဲ၊ ခင်ဗျား အားကိုး ပိုသာဆိုးတော့မပေါ့ဗျာ'

'ရော်... ဒီကောင်တွေ ခက်နေပြန်ပြီ၊ အရက်တစ်လုံးခေါင် တိုက်မှာနော်၊ ပြီးတော့ ကြက်ကြော်လည်း ကျွေးဦးမှာ'

'ဆင်တစ်ကောင်လုံးကြော်ကျွေးတောင် မလိုက်ဘူး'

'ဟုတ်တယ်၊ အရက်ကိုးမောင်းတိုက်လည်း မလိုက်ဘူး'

ရွှေဘိုစုရွာက ကာလသားတွေ မျက်စိမှိတ် ဘူးခံပြီး ငြင်းနေတာနဲ့ စိုးကြီးလည်း အဖော်ရှာဖို့ ကနီရွာဘက် ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကန်ရွာထဲက ချစ်ခွေကြီး အရက်ဆိုင်မှာ လူရှုတ်လူပေတွေ ရှိတာကိုး။

ဖိုးလုံး၊ ဖိုးချွန်၊ ဖိုးတုတ်တို့ဆိုတာ သရဲနဲ့တောင် နပန်းလုံးဖူးတဲ့ကောင်တွေ။ ရွာသချိုင်းထဲ လောင်းကြေးစားကြေး သွားအိပ်ရဲတဲ့ကောင်တွေ။

ချစ်ခွေကြီးကတော့ လူကြောက်ကြီး။ အကြီး။ ပါးစပ်ကတော့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ တကယ့် တကယ် ပုရွက်ဆိတ်တောင် မဖမ်းနိုင်ဘူး။ ကိုယ်ခန္ဓာကြီးကတော့ ... ကြီးလောက်ကို အားကောင်းမောင်းသန်ကြီး။ တော်ရုံတန်... လောက်တော့ ဟိန်းလိုက် ဖိန့်လိုက်ရင် နောက်တွန့်သွားမယ်။

'ချစ်ခွေကြီး'

'ဘာတုံးဟ'

'ဖိုးလုံးတို့အဖွဲ့ ဆိုင်မလာဘူးလား'

တောအရက်ဆိုင်ဆိုပေမယ့် အိမ်လိုပါပဲ။ အိမ်ပေါ်မှ... ဖျာခင်းပေးတာ။ တောချက်အရက်နဲ့ ကြွက်ကြော်၊ ဖားကြော်... ငါးကြော် အမြည်းတွေ ရောင်းတဲ့ဆိုင်ပေါ့။

'ငါ နွားမကျောင်းဘူးကွ'





ကဲ... ကြည့်။ ပြောပုံဆိုပေါက်က ထောင့်မတည့်ဘူး။ ဖိုးလုံးတို့ကို နွားမကျောင်းဘူးတဲ့။

'ခင်ဗျား ဘာလုပ်နေတာလဲ'

'အရက်သမားတွေ အသေစောမှာစိုးလို့ အရက်ကို ရေရောနေတာကွ'

'ဩော်... စေတနာရှင်ကြီးကိုး'

ဒီအချိန်မှာပဲ ဖိုးလုံးနဲ့ ဖိုးချွန်တို့ ရောက်လာတယ်။ လက်ထဲမှာလည်း ဖျိုင်းအသေ သုံး၊ လေးကောင်နဲ့။

'ချစ်ခွေရေ... မင်းမိန်းမကို ဒီဖျိုင်းတွေ ကြော်ခိုင်းကွာ'

'ဟေ့ကောင် ဖိုးလုံး၊ ဆီဘာယ်ဈေးမှတ်နေသလဲ၊ မင်းတို့ ပိုတက်ပိုးသတ်ဆေးနဲ့ ဖမ်းထားတဲ့ ဖျိုင်းတွေ အဆိပ်သင့်မှာစိုးလို့ ငါတို့ မစားဘူးကွ'

'ချစ်ခွေကလည်း စလောင်းဖုံးအုပ်ပြီး မကြော်ရင် အဆိပ်မသင့်ပါဘူးဟ၊ ကြော်စမ်းပါ၊ မင်းတို့အတွက် နှစ်ကောင်၊ ငါနဲ့ ဖိုးချွန်အတွက် အမြည်းနှစ်ကောင် လုပ်ပေး၊ စိုးပြီးပါ ရောက်နေတာကိုး၊ ကြုံတုန်း အရက်တိုက်စမ်းကွာ'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'တိုက်မယ်၊ တိုက်ချင်လို့ မင်းတို့ကို လိုက်ရှာတာ၊ ငါ့ယောက္ခမဦးသန်း လယ်ထဲက ထိန်ပင်ကြီးကို လိုက်ခုတ်ပေးစမ်းပါကွာ၊ အရက် အဝတိုက်မယ်၊ ကြက်ကြော်ပါ ကျွေးမယ်ကွာ'

စိုးကြီး စကားကြောင့် အကြံသမား ဖိုးလုံးက မေးစေ့ကို လက်နှင့် သပ်သွား၏။

ဖိုးချွန်ကတော့ ချစ်ဆွေကြီးအလစ်မှာ အရက်တစ်ခွက် ငှဲ့ထည့်ပြီး စွပ်ခနဲ သောက်ချလိုက်၏။

ဖိုးချွန်က အရက်သိပ်မကြိုက်ရှာပါဘူး။

အရက်နဲ့ ထမင်းတောင် နယ်စားတဲ့ကောင်။ ထမင်းကို အရက်ဆမ်းစားတာ ဒီရွာမှာ ဖိုးချွန်တစ်ယောက်ပဲ ရှိတယ်။ ပြီးတော့ အရက်ကို ရေနွေးကြမ်းနဲ့ မြည်းတာ ဒီရွာမှာ ကိုကံစိန်တစ်ယောက်ပဲရှိတယ်။

အရက်တစ်ခွက်သောက်လိုက် ရေနွေးကြမ်းတစ်ခွက် မြည်းသောက်လိုက်နဲ့ပေါ့။

ချစ်ဆွေကြီးကတော့ ဗျိုင်းလေးကောင်နဲ့ အလုပ်ရှုပ်နေပြီ။ သူ့မိန်းမက ရွာထဲ ခဏသွားနေတာကိုး။

'စိုးကြီး လုပ်ခတော့ ပေးဦးမှပေါ့'



BURMESE CLASSIC .com



'ရတယ်၊ ထိန်ပင်ခုတ်ပြီး ထင်းတွေကို ထိုက်ကြီးတို့ဆိုင်မှာ သွားရောင်းမှာပေါ့'

ထိုက်ကြီးဆိုတာ ဖိုးလုံးရဲ့တူမ။ ရွာထဲမှာ ကုန်စုံဆိုင်ဖွင့်ထားပြီး ပြေလည်နေကြတဲ့သူတွေ။ ဖိုးလုံးရဲ့ မရီးက မသန်းနုတဲ့။ ထိုက်ကြီးတို့ရဲ့ အမေပေါ့။

'မမသန်းနုက ထင်းတော့ မဝယ်ဘူး၊ မြွေပွေး မြွေဟောက်ဆိုတာလာထား၊ အကုန်ဝယ်တယ်ကွ'

'မြွေအလမ္ပာယ် ပြစားမလို့လား'

'ထပ်… ဘယ်ကလာ၊ မြွေဆိပ်တွေထုတ်ပြီး မြွေသားကို တောက်တောက်စဉ်း ငါးဖယ်ဆုပ်လို ချက်စားတာ၊ ကြက်သားနဲ့မလဲနိုင်ဘူးဆိုပဲ မောင်ရ'

စိုးကြီးခမျာ ညှိမရလို့ ခေါင်းတဖျင်းဖျင်း ကုတ်ပါလေရော။

'ကိုချစ်ဆွေ ဒီမှာ တစ်လုံးယူမယ်နော်'

'အေး… အေး… အရင်ကြွေးတွေလည်း ဆပ်ဦး၊ အခုတစ်လုံးကိုလည်း ဘီလ်မထုသွားနဲ့၊ အကြွေးစာရင်းမှာ မင်းကနံပါတ်တစ်ပဲ ဖိုးချွန်'



www.burmeseclassic.com

www.burmeseclassic.com



'ဆယ်မှဒပါဗျ။ ကျားဆောက်နေတယ်၊ ကျုပ် ကျားအောင်ရင် ငါးတွေ ဒလဟောရမှာ၊ ရရင် ငွေပေါ်ပြီပေါ့၊ ခုလည်း ငွေဝင်တော့မှာပါ၊ စိုးကြီးကို ဘော်ချက်နေပြီလေ'

စိုးကြီးတို့ သုံးယောက်သား သောက်စားကြတယ်။ ဖိုးတုတ် ရောက်လာတော့ ဝိုင်းပိုစည်သွားရော။ စိုးကြီးက လူပါး။ အခကြေးငွေ မပေးရအောင် ဖိုးလုံးတို့ မခံချင်အောင် ပြောတာပေါ့။ အမူးချိန်တက်လာတာနဲ့...

'ထိန်ပင်သရဲမကလို့ ဘီလူးလာလာ ဖိုးလုံးတို့က မကြောက်ဘူးကွ၊ ကြိုက်တဲ့အကောင်နဲ့ တွေ့ပါစေ၊ ငါ အပင်ကို ခုတ်လှဲပြမယ်၊ ကြာတယ်၊ ခုပဲ သွားမယ်'

'ညနေစောင်းနေပြီ၊ နေအေးအေးမှာ ခုတ်ရုံပဲ'

စိုးကြီးလည်း ဝမ်းသာအားရ လှေတွေ၊ ဓားတွေ ခပြေးယူ တော့တာပေါ့။

ထိန်ပင်ကြီးအောက်ရောက်တော့...

'သင်းသပ်ဦးမလား'

'တန်းလှဲမယ်ကွာ'

ဖိုးလုံးက စခုတ်တယ်။ သုံး၊ လေးချက်မှာတင် ဓားကျွတ်



BURMESE CLASSIC .com



သွားပါလေရော။ လှေနဲ့ တိုက်ပြန်တော့ လှေသွားက မတိုးနိုင်ဘူး။

'ဒီလှေ သွေးထားတာကွ၊ ဘယ့်နှယ်ဖြစ်ပါလိမ့်'

'ကိုင်းတွေကို အရင်တက်ခုတ်မလား စိုးကြီး'

'ဘာထူးမလဲ၊ ပင်စည်ကို ခုတ်လှဲပစ်မယ်'

နွားရိုင်းသွင်းချိန်ရောက်တဲ့အထိ ဓားမတိုး လှေမတိုးတဲ့ ထိန်ပင်ကြီးကို ဖိုးလုံးတို့အဖွဲ့တွေ အော်တုတ်ကုန်ကြပြီ။ ထိန်ပင် စောင့်သရဲခများ မအေတွေရော၊ နှမတွေရော၊ ညီမတွေရော၊ ဆွေမျိုးစုလိုက်ပါ အဆဲခံလိုက်ရရှာတယ်။

'မှောင်ပြီ၊ နောက်နေ့မှ လှေထပ်သွေးပြီး လာခုတ်ကြမယ် ဟေ့'

လေးယောက်သား မကျေမချမ်းနဲ့ ပြန်လာကြတယ်။ လမ်းမှာ မည်းမည်းကြီးတစ်ကောင် ပိတ်ရပ်နေတယ်။

အသေအချာ ကြည့်လိုက်တော့ ကျွဲနက်ကြီး။ ဦးချိုကားကားကြီးနဲ့။ ဆိုင်ကြည့်နေတယ်။

'ဟေ့... သတိထားကြ၊ ရှေ့ကကျွဲ မူမမှန်ဘူး၊ ခွာယက်နေပြီ၊ လိုက်ခတ်တော့မယ်'

'အဲဒါ ချမ်းသာရွာထဲက ကိုတင်ကြိုင်နဲ့ မဖွားငင်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွဲမဟုတ်လား၊ ခုထိ ရွာထဲ မပြန်သေးဘူး၊ နွားကျောင်းတဲ့ကောင်တွေများ မေ့ထားခဲ့တာလား မသိဘူး'

ကျွဲကြီးက နှာမှုတ်ပြီး ပြေးခတ်ပါလေရော။

လေးယောက်သား ကန့်သင်းရိုးတွေရော၊ လယ်ပပ်ကြားအက်မြေတွေပေါ်မှာရော ကဆုန်ပေါက်ပြီး ပြေးလိုက်ကြတာများ ကျွဲခလေက်သံကြီး တဒေါက်ဒေါက်က နီးလာလိုက်၊ နောက်ကျန်ခဲ့လိုက်နဲ့။

ရွာထဲက ချစ်ဆွေကြီး ဆိုင်ပြန်ရောက်တဲ့အထိ ခလောက်သံက ကြားနေရတုန်းပဲ။

'ဟော့ကောင်တွေ… ဘာဖြစ်လာတာတုံးဟ'

BURMESE CLASSIC .com

ချစ်ဆွေကြီးက အိမ်သာထဲနေ လှမ်းအော်မေးတယ်။ ချစ်ဆွေကြီးက အားကောင်းမောင်းသန်ကြီး။ တော်တန်ရုံ ကျွဲလောက်တော့ ဦးချိုနှစ်ဖက်ကနေ ကိုင်လှဲပစ်လိုက်လို့ရတယ်။ ချစ်ဆွေကြီးက ကျွဲထိန်းနိုင်တဲ့လူဆိုတော့ အားကိုးပြီး အိမ်သာဘက် ပြေးတာပေါ့။

ကျွဲက ခြံထဲကွေ့ပတ်လိုက်ပြီး အိမ်သာတည့်တည့်ကို ပစ်အောင်းပစ်လိုက်တယ်။





'ဝုန်း…'

'အောင်မယ်လေး… သေပါပြီဟ'

အိမ်သာက ဝါးအိမ်သာ။

ကျွဲက အရှိန်နဲ့ ပစ်ဆောင့်တော့ အိမ်သာရော ချစ်ဆွေပါ ဗုန်းဗုန်းလဲကျသွားတော့တာပေါ့။

ကျွဲက ခတ်ဆောင့်ပြီးတာနှင့် ပြန်လှည့်လစ်ပြေးသွားပြီ။ ခမျာ ခေါင်းလည်းမူးသွားတယ်နဲ့ တူပါရဲ့။ ယိုင်ထိုးယိုင်ထိုးနဲ့။ မသိတဲ့လူတွေကတော့ ဒီကျွဲ ချစ်ဆွေကြီးဆိုင် ဝင်သောက်ပြီး မူးလာတာလို့ ထင်ကုန်ကြမှာပဲ။

ချစ်ဆွေကြီးကို တုံးလုံးလဲနေတဲ့ အိမ်သာထဲကနေ မနည်းဆွဲထုတ်လိုက်ရတယ်။

'ဘယ်ကကျွဲကို မင်းတို့ စလာတာလဲ၊ အိမ်သာထဲထိ လိုက်ဖွေ့တယ်ကွာ၊ နာလိုက်တာ၊ အီး… ဟီး…'

'ကိုတင်ကြိုင် ကျွဲကြီးဗျ၊ ကွင်းထဲမှာ သရဲစီးပြီး ကျုပ်တို့ကို အသလွှတ် လိုက်ခတ်တာ၊ ကံကောင်းလို့ မသေတယ်'

'ဒါနဲ့ ချစ်ဆွေကြီးက ကျွဲဆို ချိုကကိုင်ပြီး ဆွဲလှဲပစ်တာဆို'



www.burmeseclassic.com

www.burmeseclassic.com



'တောက်… ငါလှဲနိုင်တာ ကျွဲပွဲတွေမှာ ကတဲ့ အရုပ်ကျွဲကွ၊ ဒီကျွဲအစစ်ကြီးကို ပြောတာ မဟုတ်ဘူး၊ ခွီးတယ်မှပဲ'

ဒီတော့မှ စိုးကြီးတို့အဖွဲ့တွေ ငိုအားထက် ရယ်အားသန် ဖြစ်ကုန်ကြတယ်။

✣ ✣ ✣



## အခန်း (၂)

ဦးသန်း လယ်ထဲက ထိန်ပင်ကြီးအောက်ခြေမှာ စိုးကြီးတို့ လေးယောက် ပုဆိန်တွေနဲ့ ခုတ်နေကြတယ်။

'မင်းလားကွ ထိန်ပင်သရဲ'

'သေစမ်း၊ ထိန်ပင်သရဲ'

တဒုတ်ဒုတ်နဲ့ ပိုင်းခုတ်လိုက်ကြတာ ဓားမတိုး၊ လွှမတိုးတဲ့ ထိန်ပင်ကြီး ပုဆိန်တွေနဲ့ကျတော့မှ တဖျစ်ဖျစ်မြည်အက်ပြီး…

'ဟော့ကောင် ဖိုးတုတ်၊ အမြန်ဖယ်'

သစ်ပင်ကြီးက ဖိုးတုတ်ရှိရာဘက်ကို လဲမလိုလိုနဲ့ ကိုင်းဖျားကို ကြိုးနဲ့ဆွဲထားတဲ့ ဖိုးလုံးဘက်ကို ဝုန်းခနဲပြိုလဲကျပါလေရော။ ဖိုးလုံးက သတိနဲ့ ရှောင်လိုက်ပေမယ့် သစ်ပင်ကြီးအောက် မြေပေါ်ရောက်မှ နှစ်ပတ်၊ သုံးပတ် လှိမ့်သွားပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံးအပေါ်ကို ခါးလယ်လောက်က ပင်စည်နဲ့ ကိုင်းတွေ ဖြတ်ပိပြီးမှ ဟိုဘက်ကို ကျသွားတော့ တယ်။

'ဟာ… ဖိုးလုံး သေပြီနဲ့တူတယ်'

ပင်စည်လုံးကြီး အပေါ်က လိမ့်ခံလိုက်ရတဲ့ ဖိုးလုံးကို ပူပန်ပြီး ပြေးကြည့်တော့ ဖိုးလုံးက ငုတ်တုတ်ထထိုင်နေတယ်။ လက်ဖျံနှစ်ခုကိုလည်း မျက်နှာရှေ့မှာ ပူးခံထားတယ်။

'ဟာ… ဖိုးလုံး၊ ဘာဖြစ်သွားသေးလဲ'

'ဘာမှမဖြစ်ဘူး၊ လက်ဖျံနဲ့ ခံလိုက်လို့ မျက်နှာမပိသွားတာပေါ့၊ လှဲ့ဝ့ဘတောင် အပင်ကြီးက အသက်ဝင်ပြီး ငါ့အပေါ် ပင်စည်နဲ့ တက်လိမ့်သတ်တာကွ၊ ငါ မသေဘူး၊ ရေကူးတတ်တယ်ဟေ့'

ဖိုးလုံးက ခုန်တောင်ထလာသေးတယ်။ စိုးကြီး၊ ဖိုးတုတ်နဲ့ ဖိုးချွန်တို့ကတော့ မြင်လို့သာ ယုံရတယ်။ စိတ်ထဲကတော့ ဝေဝေဝါးဝါးပဲ။ ဟုတ်တယ်လေ။ ဒီသစ်လုံးကြီးပိတာ မသေနိုင်လောက်တာပဲဟာကို။

'ဒီကောင် လေသံကြီးပြောင်းနေတယ်၊ သေပြီး ဖုတ်ဝင်ထလာတာလား မသိဘူးကွ'





ဖိုးတုတ်က ဖိုးချွန်ကို နှစ်ကိုယ်ကြားရုံသာ ပြောလိုက်တယ်။

ဒါကို ဖိုးလုံး ကြားသွားပြီး…

'ငါက ဘာဖုတ်ဝင်ရမှာလဲ၊ မဟုတ်တာတွေ မပြောနဲ့၊ ခွီးတယ်မှ လက်တွေနာရတဲ့အထဲ ငါ့လက်တွေ လာနှိပ်ပေးကြပါဦးဟ'

ဒီတော့မှ ဖိုးလုံး လက်ဖျံတွေကို ဝိုင်းနှိပ်ပေးကုန်ကြတယ်။ ခဏနှိပ်ပေးလို့ သက်သာသွားတော့မှ…

'ကဲ… ဘယ်လိုလဲ ထိန်ပင်သရဲ၊ နင် နေစရာဘုံ ပျောက်ပြီ မဟုတ်လား၊ ဖိုးလုံး ဘာကောင်လဲဆိုတာ သိသွားပြီ မဟုတ်လား၊ ဟား… ဟား… ဟား… ဟား…'

ဖိုးချွန်က…

'ဒီသစ်ငုတ်ကြီး ကျန်သေးတယ်၊ အမြစ်တွေကို သင်းသတ်ပြီး မီးရှို့လိုက်ကွာ၊ ထိန်ပင်ခုတ် ထိန်ငုတ်တောင် မကျန်စေနဲ့တဲ့'

'ကျူပြင်ခုတ်ပါကွာ'

'ဒါလည်း ဒီလိုပါပဲ စိုးကြီးရာ'



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးကတော့ ထိန်ပင်သရဲ လက်စားချေလိုက်ရလို့ လွတ်ပျော်နေတယ်။ နေ့လယ်ခင်း နေတရှိန်းရှိန်းအောက်မှာတောင် မနားဘူး။ အကိုင်းအခက်တွေ လိုက်ခုတ်နေတယ်။

'မှတ်ပြီလားကွ၊ စိုးကြီးကို စမ်းရင် အဲဒီလို လွမ်းခန်း ရောက်သွားမယ်'

ရွာမှာက အိမ်တိုင်းလိုလို အပေါ်စက်၊ အောက်စက်တွေ ရှိနေကြတော့ ဗီဒီယိုဇာတ်ကားထဲက ခေတ်ပေါ်စကားတွေလည်း ဒီရွာသားတွေ ပြောတတ်နေတာ ကြာပါပြီ။

အင်္ကျီဆိုရင် အိုင်းမက်(စ်)တို့၊ သရီးပန်(င်)တို့၊ ဂျော်ဒန်းနီးတို့၊ ဂျော်ရန်းဇိုးတို့ကအစ ရွေးချယ်ဝယ်တတ်နေပြီ။ စပါးဈေး၊ ပဲဈေးကလည်း ကောင်းနေတာကိုး။

ထိန်ပင်ကြီးကို ခုတ်ထစ်ခွဲခြမ်းနေရတာနဲ့တင် မိုးချုပ်ခါနီးလာပြန်တယ်။

'နောက်နေ့ကျမှ လှည်းနဲ့ဖြစ်ဖြစ် ဝွန်ဒေါင်းနဲ့ဖြစ်ဖြစ် တိုက်ကြမယ်ပေါ့၊ ဒီနေ့တော့ နားမယ်'

လေးယောက်သား ချစ်ခွေဆိုင်မှာ စားသောက်ပြီး ကိုယ့်အိမ်ကိုယ်ပြန်ကြတယ်။





စိုးကြီးတစ်ယောက် ကနီကနေ ချမ်းသာရွာက အုတ်ဂူတံတားတိုလေးကနေ ကူးလာတယ်။ ပြီးတော့ ဘုရားဝင်းလေးထဲဖြတ်ပြီး ချမ်းသာနဲ့ ကနီရွာကူးတဲ့ တံတားဘက် လျှောက်ခဲ့တယ်။ မှောင်ရီဝေဝါးနေပြီ။

ဒီအချိန်ဆို တံတားပေါ် ဘယ်သူမှ မလျှောက်ရဲကြတော့ဘူး။ တံတားအရှည်က ပေ ၆၀ လောက် ရှိတယ်။ သစ်သားတံတား၊ တံတားအလယ်မှာ ဇရပ်ရှိတယ်။

တံတားပေါ် အတက်မှာပဲ နောက်ကလိုက်လာတဲ့ ခြေသံကြားလို့ လှည့်ကြည့်လိုက်ပေါ့…

✣ ✣ ✣

'ဟင်…'

ဘယ်သူမှ မတွေ့ရဘူး။ ဒီတံတားက ခြောက်တဲ့လှန့်တဲ့နေရာမှာ နာမည်ကြီးတယ်။ ဒီတံတားပေါ်မှာ ဖိုးလုံးတို့တောင်မှုးကြောင်မှုးကြောင်နဲ့ ညဘက် လာမသောင်းကျန်းရဲဘူး။ ဒီတံတားက ပရလောကသားတွေက ကြမ်းတယ်။

တစ်ခါတုန်းက ဖိုးလုံး၊ ဖိုးတုတ်၊ ဖိုးချွန်ဆိုတဲ့ဖိုး ၃ ဖိုး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ မူးကြောင်မူးကြောင်နဲ့ တံတားမှာ အရက်လာသောက်တာ ဖိုးချွန်ကို ဝင်ပူးပြီး အရက်ပုလင်းနဲ့ ကောက်ရိုက်ပစ်တာ ကွဲပြဲ ကုန်ပါရော။

'ငါ လူမိုက်ကွ၊ မယုံရင် ငါ့ခေါင်းက ဒဏ်ရာတွေကို သာ ကြည့်၊ နည်းတာမဟုတ်ဘူး'

ဆိုတဲ့ ဖိုးလုံးတစ်ယောက် ဒဏ်ရာအသစ် ထပ်တိုးရ သွားတာပေါ့။ ဖိုးတုတ်က ဖိုးချွန်ကို ချောင်းထဲကန်ချပစ်လိုက် တယ်။ ဖိုးတုတ်ကိုတော့ ဘယ်သူက ကန်ချမှန်းမသိဘဲ ချောင်း ထဲ ပစ်ကျခဲ့တယ်။

သူတို့သုံးယောက် ခံစားဖူးထားလို့ ဒီတံတားဆိုရင် လန့် ပြီးသား။

အခု စိုးကြီးအလှည့်ပေါ့။

တံတားအလယ်က ဇရပ်ရောက်တဲ့အထိ နောက်က ခြေ သံ တဖတ်ဖတ် လိုက်လာတယ်။ လှည့်မကြည့်တော့ဘူး။ အရက် ကလေး ဝင်ထားတော့ အိပ်မက်ထဲမှာလိုလို၊ ဘာလိုလိုနဲ့ပေါ့။ နောက်က အကောင်ကလည်း လှည့်မကြည့်တော့ ပိုရဲလာတယ်။

'အဟမ်း... အဟမ်း... နောက်ကနေ လိုက်လာတာ





ငါ သိပါတယ်ကွာ၊ မင်း သရဲမဟုတ်လား၊ ထိန်ပင်သရဲလား၊ ဒီတံတားက သရဲလား'

စိုးကြီး မကြောက်တဲ့အထာနဲ့ သရဲကို အင်တာဗျူး လုပ် လိုက်တယ်။ သရဲက ဘာမှပြန်မဖြေဘူး။ ဇရပ်ပေါ်မှာ စိုးကြီး ရပ်သလို ရပ်နေတယ်။ လမိုက်ရက်မို့ ကြယ်ရောင်တွေလောက် ပဲ ကောင်းကင်မှောင်ရီမှာ ဖျဖျလင်းနေတယ်။ အရိပ်မည်းလောက် ပဲ မြင်ရတဲ့အလင်း ရှိတော့တယ်။ ဟိုဘက်ကမ်း ရွှေဘိုစုရွာ အဝင်မှာက ခြံကျယ်ပြီး ဝါးခြံကျယ်ကြီးတွေ။ ဒီဘက်ချမ်းသာ မှာကလည်း မှောင်မှောင်မည်းမည်း။

ခက်ပြီ။ သရဲနဲ့ တစ်ယောက်ချင်း တွေ့နေပြီ။

သရဲရဲ့ အသက်ရှူသံလိုလို၊ မြွေနှာမှုတ်သံလိုလိုကြီးကို ကြားနေရပြန်ပြီ။ ဘယ့်နှယ်... သရဲက အသက်ရှူပါ့မလား။ လူသေလို့ သရဲဖြစ်တဲ့ဟာကို။ သရဲဘဝရောက်မှ အသက်တစ်ဖန် ရှူလေရောသလား။

မသိမသာ ခေါင်းလေးငဲ့စောင်းပြီး ကြည့်လိုက်တော့...

'ဘုရား... ဘုရား... မည်းမည်းကြီး၊ အရိပ်မည်းကြီး' ဒါပဲတွေ့ရတယ်။ ရှိနေတာ သေချာပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် သရဲ၊ ငါ့ကို ရုတ်ရုတ် ရုတ်ရုတ်တော့ မလုပ်နဲ့နော်၊ မင်း ဂုတ်ဂုတ် ဂုတ်ဂုတ် ဖြစ်သွားမယ်၊ ငါ့နာမည် စိုးကြီးကွ၊ သရဲအသားကို ချိုတယ်ထင်ပြီး လိုက်စားနေတဲ့ကောင်၊ ငါက ဘီလူးနက္ခတ်နဲ့ မွေးတာ၊ ငါ ဘီလူးဘဝက မကောင်းဆိုး ဝါး သရဲတွေကိုမှ လိုက်စားတဲ့ ဘီလူး၊ ကျွတ်ကျွတ်မြည်အောင် ဝါးစားတဲ့ ဘီလူးကွ'

စိုးကြီး ကြိမ်းသာ ကြိမ်းနေရတယ်။ ကြက်သီးကြီးတွေ ဖြိုးထနေပြီ။ အသံတွေကလည်း ကြောက်သံနဲ့ ကပ်ချင် တုန်ချင် နေပြီ။ ဒါပေမဲ့ ခါးကိုထောက်၊ ရင်ကို မောက်ထားတယ်။ ဒူးတွေ ကတော့ ဆတ်ဆတ်တုန်ချင်နေပြီ။

'ဟော့ကောင် သရဲ'

'ဘာလဲ'

အသံနက်သြသြကြီးနဲ့ ပြန်ဖြေ၏။ လန့်တောင်သွားမိရဲ့။ ဝိုးဝိုးဝါးဝါး ပြန်ဖြေသံကြီး။

'မင်း ငါ့နောက်ကို ဘာလိုက်လုပ်တာလဲ'

'မင်းကို စားမလို့'

'ဘာ... ဘာကွ'





'ဟီး... ဟီး... ဟီး... ဟီး...'

'ဟော့ကောင် သရဲ၊ ငါက ဘီလူးကွ'

'ခွိး... ဟီး... ဟီး... ဟီး... ဟီး...'

'သယ်... ငါ လုပ်လိုက်ရ'

စိုးကြီး ဆတ်ခနဲ လှည့်ကြည့်လိုက်တော့...

'အောင်မယ်လေးဗျ'

ခေါင်းပြောင်ကြီး၊ နှာခေါင်းကောက်ကြီး၊ မျက်လုံးစိမ်း ဖန့်ဖန့်ကြီး၊ ဝတ်ရုံနီလိုဟာမျိုးကြီးကလည်း ခြုံထားသေးတယ်။ သရဲကိုယ်မှာကိုက အလင်းဖျော့ဖျော့လေးတွေ ပေါ်နေပြီ။ လက် ရှည် လက်သည်းကြီးတွေနဲ့။

စိုးကြီး လန့်ပြီး နောက်တွန့် နောက်တွန့် ဆုတ်သွားတယ်။

'ဝှန်း...'

တစ်ဖက် အပေါ်ဇရပ် ထုပ်တန်းကနေ တစ်ကောင် ခုန်ချလာပြန်တယ်။ ဒီအကောင်ကတော့ မည်းမှောင်နေတာပဲ။ ဦးချိုလိုဟာမျိုးကြီးတောင် ပါသေးတယ်။ အမွေးစုတ်ဖွား၊ ထူ လာပျစ်နဲ့ပေါ့။

'အီး... ဟီး... ဟီး...'



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီး ညှပ်ပိတ်မိနေပြီ။ချောင်းထဲ ခုန်ချပြေးမှ ရတော့မယ်။ ခုန်ချရင်လည်း တံတားထောက်ထားတဲ့ တိုင်တွေပေါ် ခုန်ချမိမှ နောက်ထပ် ဥတစ်လုံးထပ်ကွဲရင်တော့ တရုတ်နန်းတွင်းကားတွေထဲက မင်းသမီးတွေကို စောင့်ရှောက်ရတဲ့ 'ကုန်းကုန်း' လိုမျိုး ဖြစ်ရချည်ရဲ့။

မျိုးစေ့ထုတ်ခံထားရတဲ့ ကုန်းကုန်းတွေလို မိတ်ကပ်လိမ်း၊ နှုတ်ခမ်းနီဆိုးပြီး အဟင့်… ယောကျ်ားတွေကို ခုချိန်ကစပြီး မာမီစိုးက အလျှုခံနေပါပြီရှင့်ဆိုတာမျိုး လုပ်နေရမှ အခက်။

'မင်း… မင်းတို့ ငါ… ငါ… ဘီလူးနော်၊ တေတွားမယ်၊ တတ်ပစ်မယ်'

ကြောက်စိတ်ဝင်ပြီး စကားပြောတာတောင် လျှာတွေ လိပ်ကုန်ပါလေရော။

ပရလောကသား မကောင်းဆိုးဝါးနှစ်ကောင်ကတော့ စိုးကြီး အနားကို ဖြည်းဖြည်းချင်း ကပ်လာတယ်။ လက်ကားယား ခြေကားယားကြီးနဲ့ပေါ့။

စိုးကြီး ရသလောက် ဘုရားစာ ရွတ်ကြည့်တယ်။ မူးဝေနေတော့ မရဘူး။ ကြောက်လွန်းရင် လိပ်ပြာလွင့်သွားလိမ့်မယ်။





ကြောက်လို့ ခြောက်နေတာ။ မကြောက်ရင် မခြောက်ရဲတော့ဘူး။ ဒီအတွေးနဲ့ စိုးကြီး…

'အဟာမ်း… အဟောင်း… ဂီး… ဂဲ… အွေ… ဂွေ…'

ခါးကြားထိုးလာတဲ့ အရက်ပုလင်းကို ကောက်မော့ပြီး သောက်တယ်။ ငုံပြီးတော့ သရဲတွေကို ဖူးခနဲ ပိတ်ထွေးပစ်လိုက်တယ်။

သရဲတွေက မျက်စိစပ်တယ်ဆိုတဲ့ ပုံစံမျိုးလောက်ပဲ လုပ်ပြတယ်။

စိုးကြီးကလည်း ချက်ချင်း မာန်တင်းပြီး…

'သေတောင် မကြောက်ဘူး၊ လာခြောက်မနေနဲ့၊ မူကြိုအဆင့်တွေနဲ့ လာလုပ်မနေနဲ့၊ သတ္တိရှိရင် ငါမေးတာ ဖြေစမ်း၊ ဒီသရဲအနီကောင် အနီရောင်ဝတ်ထားလို့ မင်းကို သနီလို့ပဲ ခေါ်မယ်၊ မင်းက ထိန်ပင်သရဲလား'

'ဝုတ်ဒယ်'

'ဩော်… ဒီလိုကိုး၊ ဟောဒီဘက်က သရဲက အနက်ရောင်မို့ သနက်လို့ ခေါ်မယ်၊ ဟော… သနက်၊ မင်းက ဒီတံတားကိုစောင့်တဲ့ သရဲလား'



www.burmeseclassic.com

www.burmeseclassic.com



'အေးဂေး'

'အေး… သိပြီ၊ မင်းတို့နှစ်ယောက် ခုမှတွေ့ဖူးတာ မဟုတ်လား'

'အေးဂီး'

'အဟုတ်… ဟား… ဟား… ဒါဆို မင်းတို့နှစ်ယောက် ယှဉ်လိုက်ရင် ဘယ်သူက ပိုပြီး ကမ္ဘာ့ဖိဒ္ဒိအစွမ်း ပိုရှိမလဲ၊ ယှဉ် ဖိုက်ကြစမ်း၊ သူသေကိုယ်သေနော်၊ မဖိုက်တဲ့ကောင် သရဲမဟုတ်ဘူး၊ သကြောက်လို့ခေါ်မယ်'

သရဲနှစ်ကောင် ခေါင်းတွေပြိုင်တူလိုလို ခါပြနေ၏။ ညဘက်မို့ ဒီတံတားပေါ်မှာ လူသွားလူလာက မရှိ။ တစ်ခါတလေ အုပ်စုလိုက် လေး၊ ငါးယောက်ခန့် ဓာတ်မီးတွေ ဘာတွေနှင့် သွားလာတတ်၏။ အဲဒီလို သွားလာသည့်အဖွဲ့တွေ ရောက်လာနိုးနိုးနဲ့ သရဲတွေကို အချိန်ဆွဲပြီး အာရုံလှည့်နေခြင်းပင်။ သရဲတွေက ရှုံးတိုက်လို့မရ။

'ဒီကောင့်ကို နှစ်ပိုင်းပိုင်းမယ်၊ မင်း ဘယ်အပိုင်းက ယူမလဲ'

ကလိုင်သံကြီးပေါက်ပြီး ပြောလာ၏။





'ငါက ပါးစပ်ကနေ လက်နှိုက်ပြီး အူအသည်းတွေ ထုတ်စားမယ်ကွ'

'ဒါဆို ငါက ဖင်ကနေ အူအသည်းတွေ ဆွဲနှုတ်စားစ်မယ်၊ နှစ်ပိုင်းပိုင်းမနေနဲ့၊ ဦးရာလူစနစ်ပဲ'

'ဟော့… ဟိတ်… ငါ့ကို မလုပ်နဲ့နော်၊ ငါ မန်းမှုတ်လိုက်ရင် နင်တို့ အရိုးတခြား အသားတခြားဖြစ်သွားမယ်'

စိုးကြီးနဲ့ လက်တစ်ကမ်းအကွာအရောက်မှာ စိုးကြီး ဇရပ် ထိုင်ခုံပေါ်ကနေ ရေထဲကို ဒိုင်ဗင်ထိုးချဖို့ ပြင်လိုက်တယ်။

နောက်က သရဲနှစ်ကောင်က ခြေထောက်နှစ်ချောင်းကို ဝိုင်းဆွဲထားလို့ စိုးကြီးခမျာ ယက်ကန်ယက်ကန်နဲ့…

'ငယ်တော်မူကြပါဗျို့၊ ဒီမှာ ထိန်ပင်သရဲနဲ့ တံတားစောင့်သရဲကြီး ကျုပ်ကို အူအသည်းတွေ နှုတ်စားနေပါတယ်၊ ကယ်တော်မူကြပါဗျ'

စိုးကြီး ငယ်သံပါအောင် အော်ဟစ်ပါလေရော။ သရဲနှစ်ကောင်ကလည်း စိုးကြီးရဲ့ ဗိုက်ကိုပါ လက်သည်းချွန်ကြီးတွေနဲ့ အတင်းနှိုက်နေပြီလေ။

စိုးကြီး ကြောက်ကန်ကန်ပစ်ပြီး ရေထဲကို ဗွမ်းခနဲ ခုန်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်တယ်။ ကံကောင်းလို့ တိုင်နဲ့မရိုက်မိတယ်။ ချောင်းရေစီးနဲ့ မျောကူးသွားလိုက်တာ တစ်မိုင်လောက်ဝေးတဲ့ ကျောင်းစုရွာကို ရောက်တဲ့အထိပဲ။

ကျောင်းစုရွာကနေ အသိရွာသားတွေကို လိုက်ပို့ခိုင်းလို့ ရွှေဘိုစုရွာကို ည ၁၀ နာရီမှ ပြန်ရောက်လာတယ်။ ရွာရောက်တော့ ချမ်းဖျားပြီး တုန်နေပြီ။

ကြောက်ဖျားကြီး ဖျားချင်နေပြီ။

'ကိုစိုးကြီး တော် ဘာဖြစ်လာတာလဲ'

'ငါ့ကို တံတားက သရဲခြောက်လို့ဟ'

'တော်က သောက်စားပြီး ပြန်လာတာကိုး'

'ထိန်ပင်သရဲပါ ပါသေးတယ်'

'တော်က သူ့အပင် သွားခုတ်တာကိုး'

'နင်ကလည်း အပြစ်ချည်းပဲ'

'အပြစ်လုပ်မနေနဲ့၊ မြို့က ရှင့်ညှို့သည်နှစ်ယောက် ရောက်နေတာ၊ မမှောင်ခင်လေးတင် ရောက်လာတာ'

'ဟေ... ဘယ်မှာလဲ'

'အိမ်ထဲမှာ၊ ရှင့်ကို လိုက်ရှာသေးတယ်၊ တံတားပေါ်မှာ





တွေ့တယ်ဆို၊ ရှင့်ကို သူတို့မှာပါလာတဲ့ သရဲမျက်နှာဖုံးတွေနဲ့ ခြောက်လှတ်လိုက်လို့ ရှင် ရေထဲခုန်ချသွားတယ်တဲ့၊ အဲဒါ စိုးရိမ်လို့ အိမ်ကိုလာပြောတာ၊ ကျုပ်က ကိစ္စမရှိဘူး၊ ဖုတ်ပူမီးတိုက်ထချက်ထားတဲ့ ညစာ ကျက်ပြီ၊ စားကြလို့ပြောလို့ ညစာစားပြီး ခရီးပန်းတာနဲ့ ဝင်အိပ်နေကြလေရဲ့'

'တောက်... ငါ့ကောင်တွေကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဘယ်သူတွေလဲဟ'

'ဂေါ်လီကျော်ခေါင်နဲ့ ဂျိုကာမောင်မောင်ပေါ့'

'ဟိုက်... တကယ့် အနောက်အရှုတ်သန်တဲ့ကောင်တွေနဲ့မှ လာတိုးနေတာကိုး၊ ဒီကောင်တွေ တို့ရွာမှာ ပဲပေါ်ပေးထားတဲ့ ငွေတွေ လာသိမ်းတာနဲ့တူတယ်'

'ဟုတ်တယ်၊ ရှင့်အိမ်မှာ တည်းမှာတဲ့'

'တည်းပါစေ၊ ငါ့နှယ် တကယ့်သရဲတွေမှတ်လို့ လူကိုလန့်သေတော့မလို့၊ ကံကောင်းလို့ ခုန ကြောက်ဖျားချင်တာလေး တောင် ခုမှပဲ ပျောက်သွားတော့တယ်'

ဒီမှာတင် ညှို့သည်နှစ်ယောက်က ဟီးဟီးဟားဟားနဲ့ နိုးထလာပြီး ဘကြီးလူးစိုးကြီး ဆောရီးပါဗျာတဲ့။ ဂျိုကာမောင်မောင်က



www.burmeseclassic.com

www.burmeseclassic.com



စတင်နှုတ်ဆက်၏။ ဂေါ်လီကျော်ခေါင်ကတော့ ဆလံသဟန် လုပ်ပြ၏။

စိုးကြီးက သူ့ခေါင်းသူ ထုပြပြီး…

'မင်းတို့လုပ်မှ ဥတစ်လုံးစိုးကြီးကနေ ဒီလူးစိုးကြီးဘဝ ကို တန်းရောက်တော့တာပဲဟေ့'

✣ ✣ ✣



## အခန်း (၃)

မနှစ်တုန်းက မြို့ဒီဇိုင်းတွေ ရှုပ်ယှက်ခတ်ပြီး ရောက်လာတဲ့ ဂေါ်လီနဲ့ ဂျိုကာကို ရွာကလူတွေက ရာဇာနေဝင်းတောင် သူ့တို့လောက် မျက်စိမနောက်ဘူးလို့ မှတ်တမ်းပြုခံထားရတဲ့သူ တွေပေါ့။ ကနီရွာ ကထိန်ပွဲမှာ ကျွဲပွဲထည့်တော့ ဒီမောင်တွေ ခတ်ကျွဲတစ်ကောင်ထဲ ဝင်ကတယ်လေ။ ကျွမ်းဘားတတ်တဲ့ ကောင်တွေဆိုတော့ တခြားကျွဲတွေထက် ခတ်တာ၊ ခုန်တာ၊ နောက်ကန်တာ ဘာလှသလဲ မမေးနဲ့။

ဒီနှစ်ကောင်ကလည်း မူးကြောင်မူးကြောင်နဲ့ တစ်ခါမှ မကာဖူးတာ စွတ်ရွတ်ကလိုက်တာ နာမည်ကိုကြီးရော။



www.burmeseclassic.com

www.burmeseclassic.com



ကနီရွာက ဒွေးမြိုင်ရဲ့ မယ်တော်စင်ကြီး ဝင်ခတ်ပြီး ကတာများ အပျိုကြီး မမြင့်ကို မှားခတ်မိလို့ ပြဿနာ အတော့် လိုက် တက်ရသေးတယ်။

အပျိုကြီးမမြင့်က ဖိုးလုံးရဲ့ အစ်မအရင်းခေါက်ခေါက်။ ဖိုးလုံးက သူ့အစ်မကို လုပ်ရကောင်းလားဆိုပြီး ဝါးရင်းတုတ်ကြီး နဲ့ နောက်ကလိုက်မေးဖူးသေးတယ်။

'ဟေ့… မြို့သား၊ ငါ့အစ်မကို ကြိုက်လား၊ ကြိုက်ရင် ယူတစ်ယောက်ပဲ ယူလို့ရမှာနော်၊ ငါ့အစ်မက ယောကျ်ားလိုချင် နေတာ၊ တစ်ပိုင်းသေနေတာပဲ၊ သူ ယောကျ်ားယူသွားရင် မင်းတို့ မြို့ကိုခေါ်သွား၊ ဒါမှ အဲဒီအိမ် ငါအမွေရမှာ၊ နို့မို့ သူ ရှိရင် ရှုပ်တယ်'

မြို့သားနှစ်ယောက်လည်း ဆလံသကာ တောင်းပန်ပြီး အရက်တိုက် ပြန်လွှတ်လိုက်ရတယ်။ ဒီမြို့သားနှစ်ကောင် ရွာထဲ မှတ်မှတ်သမျှ စိုးကြီးပဲ ဒိုင်ခံရှင်းရတယ်။

ဒီနှစ်ကောင်ကလည်း ဘာကဲသလဲ မမေးနဲ့။

နွားမကြီး ဇီးကပ်နေတာတောင် အတင်းတက်စီးနေလို့ ရွာက အပျိုတွေဆိုတာ ဒီမြင်ကွင်းမြင်ပြီးတောင် အော်ရတယ်။





ဆီးပင်၊ မာလကာပင်ဆိုတာ တစ်ပင်မှ မလွတ်ဘူး။ သူများခြံထဲကိုလည်း ခိုးဝင်ပြီး တက်ခူးတာပဲ။ ဆောင်းဘောက်(စ်) တွေဖွင့်လို့ကတော့ လိပ်ခေါင်းထွက်မယ့်အသံတွေနဲ့ မြို့က ခေတ် ပေါ်သီချင်းတွေ ဂူးဂူးဝါးဝါး အော်တော့တာပဲ။ ညဘက် တစ်ရွာ လုံး မအိပ်ရပါဘူး။

ချောင်းဘေးမှာ ကပ်ထားတဲ့ လှေတွေလည်း ဘယ်သူ့ လှေရယ်လို့ မေးမနေတော့ဘူး။ ကောက်လှော်သွားတာပဲ။ ပြီးရင် ချောင်းထဲမှာ သူများချထားတဲ့ ပိုက်တွေ ဝင်တိုးတိုက်၊ ပိုက်တွေ ပေါက်၊ ပိုက်တွေဖော်၊ ငါးတွေဖမ်း၊ မြှုံးထောင်ထားတာတွေ လိုက်ဖော်၊ ငါးပတ်ကြီးတွေ လှေထဲဖမ်းထည့်လာ။ အို… နောက် က ပိုက်ပိုင်ရှင်၊ မြှုံးပိုင်ရှင်တွေ မီးခိုးကြွက်လျှောက် လိုက်လာပြီး စိုးကြီးကို ပြဿနာမဲ ရှာတော့တာပေါ့။

မနှစ်က ပဲပေါ်ချိန် ပြန်ပေးဖို့ ငွေချပေးခဲ့တာ[illegible] ဒီမောင်တွေက မြို့က ပွဲရုံပိုင်ရှင်သားတွေ။ စီးပွား[illegible] လေးတွေ။ ငွေထုတ်ပေးတာ ရက်ရောတယ်၊ သူတို့ [illegible] လို့ သူများဟာ ပျက်စီးသွားရင်လည်း ပြန်[illegible]

ဒီနှစ်တော့ ပဲတွေဟာသိမ်းရင်းနဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ မနှစ်က ဒီရွာမှာ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် ဂျပုမနဲ့ ဒီနှစ်ကောင်လုံး လိုက်သေးတယ်။

ဂျပုမက ရွက်ကြမ်းရည်ကျိုလေးပါ။ ဒီနှစ်ကောင်ကို ဂျပုမက ကြိုက်နေတာ။

ဒီနှစ်ကောင်ထဲက ဘယ်ကောင် ပြန်ကြိုက်မလဲပေါ့။ ဒီမောင်တွေကလည်း ဘယ်ကြိုက်လိမ့်မလဲ။ ဂျပုမကို ကျောသပ်ထားခဲ့ကြတယ်လေ။

ဂျပုမခမျာ ဒီမောင်တွေ ပြန်တော့ လွမ်းဖျား လွမ်းနာကျလို့ အိပ်ရာထဲတောင် ခုနစ်ရက်လောက် လဲရှာသေးတယ်။

နောက်တစ်နေ့ မိုးလင်းတာနဲ့…

'ကိုစိုးကြီး ဂျပုမရော နေကောင်းရဲ့လား'

'သေပြီ'

'ဟာဗျာ… မနောက်နဲ့ဗျာ'

'ငါ တကယ်ပြောနေတာ ဂေါ်လီရ'

'မယုံဘူးဗျာ'

'ဩော်… အဟုတ်ပါဆိုနေ'

ဂျီကာကပါ မျက်နှာသစ်နေရာက…





'အလကား… ဒီလူကြီး လျှောက်ပြောနေတာ၊ ဂျပုမကို ဒီနှစ် ကျွန်တော်တို့ ပြန်လာမယ်လို့ ပြောပြီးသား'

'ဂျပုမ ဆုံးတာ ခြောက်လတောင်ရှိပြီကွ'

'တော်စမ်းပါ… သူများကို မပြောကောင်းဘူး'

'ငါ အဟုတ်ပြောနေတာ၊ မင်းတို့က အဆိုတော် လွှမ်းမိုးဆိုထားတဲ့ 'ကိုပေါ' သီချင်းထဲကလို ဂျပုမကို 'မိပေါ'လုပ်ထားခဲ့တာကိုးကွ၊ မင်းတို့နှစ်ယောက်ထဲကပဲ တစ်ယောက်က ပြန်ကြိုက်နိုးနိုးနဲ့ ကြိုးရှည်ရှည်နဲ့ လှန်ထားခဲ့တာ၊ ဂျပုမက အဟုတ်မှတ်လို့၊ ဒီနှစ် ပြန်လာရင် အရပ်ရှည်အောင် ဘားကွင်းခိုထားဆိုလို့ ဂျပုမခမျာ ဘားကွင်းကို မရရအောင်ရှာပြီး သူ့အရပ်ရှည်ထွက်လာအောင် ခိုလိုက်တာများကွာ၊ သစ်ရွက်မမီမကမ်းလေးတွေ တွေ့လည်း လှမ်းခုန်ပုတ်၊ သစ်ကိုင်းတွေကိုလည်း လှမ်းခို၊ ဘားကွင်းခိုလိုက်ရတာ လူမရှည်ဘဲ လက်ရှည်ထွက်လာရော၊ သူ့အမေ ဒေါ်ဆယ်မိက ကြိမ်လုံးနဲ့ရိုက်ပြီး တားတာတောင် မရဘူး၊ မုဆိုးမသားအမိ သူ့ဘာသာသူ အေးအေးဆေးဆေး လုပ်စားနေတာကို မင်းတို့ သွားနှောက်လို့ ကျွဲခယောက်ဘာဝ အဖြစ်ကို ရောက်ရော'



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးက ဝါးနှီးဖြာရင်း ပြောလာ၏။ စိုးကြီးမိန်းမက ထမင်းဟင်း ချက်ပြုတ်နေ၏။ ဝတုတ်မလေး ဘဲ့ ကုန်းကုန်းကြီး နှပ်နေတုန်း။

ဂျိုကာက ပုလုတ်ကျင်းပြီး ငိုင်တွေသွား၏။ ဂေါ်လီက မျက်နှာကို တဘက်နှင့်သုတ်ရင်း…

'ဂျပုမက ချစ်စရာလေးမို့ ညီမလေးလို သဘောထားပြီး ကျွန်တော်တို့ နောက်မိတာပါ ကိုစိုးကြီးရာ၊ ဂျပုမက တကယ်ပဲ ကျွန်တော်တို့ ခိုင်းတဲ့အတိုင်း အပီလုပ်ခဲ့တာကိုး'

'အရပ်ရှည်မှ မင်းတို့က ကြိုက်မယ်ဆို၊ ခများ မိန်းကလေးတန်မဲ့ သူများတွေ လက်ညှိုးထိုးပြီး ကဲ့ရဲ့တာတောင် ခေါင်းငုံ့ခံပြီး ကြိုးစားလုပ်ခဲ့ရှာတယ်'

'အေးဗျာ… ကျွန်တော်တို့ အနောက်လွန်သွားတယ်၊ လူတစ်ဖက်သား ဘဝပျက်အောင် ကျီစားသလို ဖြစ်သွားပြီ'

'အင်း… ဟုတ်တယ်၊ ဂျပုမကို သွားတောင်းပန်သင့်တယ်၊ မျက်နှာသစ် အဝတ်အစားလဲပြီးရင် ဂျပုမတို့ အိမ်ဘက်ကို သွားကြမယ်'

'မင်းတို့ သွားလည်း သူ့အမေ ဒေါ်ဆယ်မိကြီးကိုပဲ





တွေ့ရမှာပဲ၊ သူ့သမီး ဆုံးလို့ အသွားကြီးက စိတ်နောက်ချင်သလို ဖြစ်နေတာ၊ မင်းတို့ကို မြင်ရင် နီးရာ တုတ်ဆွဲပြီး လိုက်ရိုက်ရန်ရှာလိမ့်မယ်'

ဂေါ်လီနှင့် ဂျိုကာတို့ အကြည့်ချင်းဆုံမိသွား၏။

'ခင်ဗျား တကယ်ပြောနေတာလား'

'မယုံရင် ငါ့မိန်းမ မေးကြည့်ကွာ'

'မေးစရာမလိုဘူး၊ ကျုပ် အကုန်ကြားပြီးပြီ၊ ဂျပုမဆုံးတာ ခြောက်လတောင်ရှိပြီ တော်ရေ'

ဂျိုကာရော ဂေါ်လီပါ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားမိ၏။ မနက်စာ တည်ခင်းဧည့်ခံကျွေးမွေးတာကိုပင် မစားနိုင်။ ဂျပုမအကြောင်းသာ ခေါင်းထဲ ချာချာလည်နေမိ၏။

ကျေးလက်ပျိုမေလေးကို လှည့်စားမိသည့်အမှား။

'ဒါကြောင့်မို့ထင်တယ်၊ ငါတို့ လွန်ခဲ့တဲ့ ခြောက်လလောက်က မြို့ပေါ်မှာ သရဲအခြောက်ခံရတာ ဂျပုမလက်ချက်ဖြစ်လိမ့်မယ်'

ဂေါ်လီ စကားကြောင့် ဂျိုကာက…

'ရှူး… တိုးတိုး၊ ဒီကောင်မလေး မကျွတ်မလွတ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ရွာကလူတွေ ဘယ်စိတ်ကောင်းမလဲ၊ ကြိုက် မကြိုက် မသိဘဲနဲ့ ရမ်းသမ်းပြောမနေနဲ့'

'မင်းကိုတောင် ငါ ပြောသေးတယ်လေ၊ TV သူ့အလို အလျောက် ပိတ်သွားတယ်၊ ရေခဲသေတ္တာတံခါးကြီး မကြာခဏ ပွင့်နေတယ်၊ အိမ်နောက်ဘက်မှာ ဂျပုမ ဖြတ်သွားတာကို ရိပ်ခနဲ တွေ့လိုက်ရတယ်ဆိုတာတွေလေ၊ ပြီးတော့ ကားက ဖွန်းသံ ထထမြည်နေတာ၊ ကားစက် ထထနိုးတာ၊ အဲဒါတွေဟာ ဂျပုမ လက်ချက်ပဲ၊ ငါတို့ဆီရောက်လာပြီး ခြောက်နေတာကွ၊ ခုမှ သေမှန်းသိရတော့တယ်'

'အေးပါ… ဒီအကြောင်းကို တော်ပါတော့၊ စိုးကြီးတို့က သူ့ရွာသူမို့ နာမှာပေါ့'

ထမင်းစားပြီးတာနှင့် ဂျပုမတို့အိမ်ဘက်ကို ထွက်လာ လိုက်ကြ၏။ ဝါး၊ သစ်သား၊ သွပ်တွေနှင့် ဆောက်ထားသော တစ်ထပ်အိမ်ကလေးရှေ့အရောက်မှာ အိမ်ဝင်းထဲ တံမြက်စည်း လှည်းနေသော ဆံပင်စုတ်ဖွားနှင့် ပိန်ညှော်ညှော် အဒေါ်ကြီး တစ်ယောက်ကို တွေ့လိုက်ရ၏။ ဂျပုမအမေကို တွေ့ဖူးထား၍ ဒီအဒေါ်ကြီးမှာ ဂျပုမအမေမှန်း တန်းသိလိုက်ရ၏။ ရုပ်ရည်ကျ





ဆင်းသွား၏။ စိတ်ထောင်းကိုယ်ကျေ ဖြစ်ခဲ့ဟန်တူ၏။

'ဒေါ်… ဒေါ်ဆယ်မိ'

ပြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေ၏။

'ကျွန်… ကျွန်တော်တို့ကို မှတ်မိလား'

'ဘယ်သူတွေလဲဟင်၊ နင်တို့တွေ လူဆိုးတွေ၊ ခားပြ တွေ၊ ငါ့ခြံထဲက ထွက်သွား၊ ငါ့သမီးကို လာခိုးတဲ့ သူခိုးတွေ၊ သွား…'

'ဟိုက်… ပြဿနာပဲ'

'ကျွန်တော်တို့ လူကောင်းတွေပါ'

'လူခေါင်းတွေ လူရိုးတွေက သင်္ချိုင်းကုန်းမှာပဲ ရှိတာ၊ ငါ့ကို လာမပတ်နဲ့၊ ဟောဒီမှာ တွေ့လား၊ အုန်းတံမြက်စည်း၊ လိုက်ရိုက်ပစ်မယ်၊ ဘာမှတ်သလဲ'

ဂျိုကာနှင့် ဂေါ်လီတို့ အမြန်လစ်ရတော့၏။ ဘေးအိမ်က လူတွေကို မေးကြည့်တော့မှ ဂျပုမဆုံးတာ အမှန်ဖြစ်မှန်း သိလိုက် ရတော့၏။

ဒါနဲ့ ဂျပုမ မြှုပ်ထားရာ သုသာန်ဘက်ကို ထွက်ခဲ့မိ ကြ၏။ တောပန်းကလေးတွေခူးပြီး တစ်ယောက်ကို ပန်းတစ်စည်း



www.burmeseclassic.com

www.burmeseclassic.com



စီ ပြုလုပ်လိုက်၏။ ပြီးနောက် ရွာမုန့်ဆိုင်က ဂျပုမ ကြိုက်တတ်တဲ့ ဆီးထုပ်တွေကို ဝယ်လာလိုက်၏။

သင်္ချိုင်းထဲမှာ လိုက်ရှာတော့ ယာခင်းအစပ်ထောင့်စွန်း ချုံပုတ်ဘေးမှ မှတ်တိုင်လေး တွေ့လိုက်ရ၏။

*မွေးဥ (၁) ဂျပုမ*

*အသက် (၂၀)နှစ်*

မြေပုံမို့မို့လေးပေါ်မှာ ပန်းစည်းလေးတွေ၊ ဆီးထုပ်တွေတင်ပြီး ဆုတောင်းပေးမိကြ၏။

'ဂျပုမ်ရယ်... တောင်းပန်ပါတယ်၊ ငါတို့ အလာကောင်းပေမယ့် အခါနှောင်းသွားပြီဟာ၊ ရွာထိပ်က ကုက္ကိုပင်တန်းမှာ အမြဲစောင့်နေမယ်ဆိုပြီး အခုတော့ သင်္ချိုင်းကုန်းကို ရောက်ပါရောလား ဂျပုမရယ်၊ ငါတို့ ရင်ထုမနာ ခံစားရတယ်၊ ရောက်ရာဘုံဘဝကနေ သာဓုခေါ်ပါ ဂျပုမရယ်'

'ဟေ့ကောင် ဂေါ်လီ၊ မင်းက ဘာကောင်းမှုတွေ လုပ်ရသေးလို့ အမျှဝေနေရတာလဲ'

'ပြီးတော့မှ လုပ်မှာပေါ့ကွ၊ အခု ကြိုအမျှဝေထားတာပေါ့၊ ကုသိုလ်အကြွေးပေါ့ကွ'





'လုပ်ပြန်ပြီ၊ ကုသိုလ်လုပ်ပြီးမှ ဝေရတယ်ကွ'

'အေးပါဟာ... ဂျိုကာ ဟိုမှာ ချုံပုတ်ကြီး လှုပ်သွားတယ်ကွ'

'ဟင်... အေးဟ'

'ဟော... ဟော... ဟော...'

'အောင်မယ်လေးဗျ...'

အသားဖြူဖြူ၊ ခပ်ချောချော မိန်းမတစ်ယောက် ချုံပုတ်ထဲကနေ ကုန်းထလာပြီး ဂျိုကာနဲ့ ဂေါ်လီကို စိန်းစိန်းစူးစူးကြီး စိုက်ကြည့်နေ၏။

ဘယ့်နှယ် ဒီလိုနေရာမှာ ဒီမိန်းကလေး ဘာလာလုပ်နေတာလဲ။ ရှူးရှူးပေါက်နေတာလား၊ တောထိုင်နေတာလားပေါ့။

မိန်းကလေးက တုတ်အဖျားမှာ ခွပါတာ ကိုင်ထားပြီး ပလိုင်းတစ်လုံး လွယ်ထားကာ ခမောက်ဆောင်းထား၏။

ဂျိုကာနဲ့ ဂေါ်လီတို့ ထိတ်လန့်ပြီး လူချင်းပူးကပ်ထားမိ၏။

'မင်း... မင်း... ဘယ်သူလဲ မိန်းကလေး'

'မ... မဖဲဝါလားဟင်'



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပလိုင်းထဲ လက်နှိုက်လိုက်၏။ ပြန်ဆွဲထုတ်လိုက်တော့ မြွေဟောက်ကြီးတစ်ကောင်။

မြွေကြီးနှင့် ဂျိုကာတို့ရှိရာ လှမ်းပစ်ပေါက်လိုက်၏။

'ညွတ်ခြွေဖျား'

'အော်မဒိုး…'

ဂျိုကာတို့နှစ်ယောက် လန့်ခုန်ပြီး သင်္ချိုင်းထဲကနေ ကဆုန်ပေါက်ကာ ထွက်ပြေးရတော့၏။

ဂေါ်လီက ကလေးတွေ အုန်းလက်မြင်းကို ပေါင်ကြားညှပ်စီးကာ ပါးစပ်က အော်ပြေးသလို…

'ဒက်ဂလောက်… ဒက်ဂလောက်… ဒက်ဂလောက်' နှင့် အော်ပြေးလေ၏။

ရွာထဲကို အူယားဖားယား ပြေးလာသော သူတို့နှစ်ယောက်ကို ရွာထဲက လူတွေက အထူးအဆန်းပမာ လိုက်ကြည့်ကုန်ကြ၏။

'ပြဿနာကိုယ်တော်ကြီးတွေ ဘယ်နေရာမှာ ဘာဖြစ်လာပြန်ပြီလဲ မသိဘူး'

ခြံဝမှာ နွားစာစဉ်းနေရာက ကိုစိုးကြီးက လှမ်းပြောလိုက်





၏။ ဂျိုကာတို့နှစ်ကောင်သားမှာတော့ လျှာအတောင့်လိုက် ထွက်နေလေပြီ။

✣ ✣ ✣

'ဒါ မဖြစ်နိုင်ဘူး'

'ဟာဗျာ… မဖဲဝါ မဟုတ်ရင် ဥစ္စာစောင့်ပဲဖြစ်ရမယ်၊ မြွေကြီးနဲ့ လှမ်းပစ်တာ မြွေနဲ့တိုက်တာဗျ'

ဂျိုကာ စကားကြောင့် စိုးကြီး မေးသပ်ပြီး စဉ်းစားသွား၏။

ပြီးမှ…

'အင်း… တန်တော့ ကုလားကားထဲက မြွေမင်းသမီးဆိုတာနဲ့ တူတယ်'

'ကုလားကာထဲက မြွေမင်းသမီးက ရွှေဘိုစုကို ဘာကြောင့်ရောက်နေရတာလဲ'

'ကုလားပြည်မှာ မြွေရှားသွားလို့ မြွေပေါတဲ့ ရွှေဘိုစုကိုရောက်လာတာနေမှာပေါ့'

'တော်ပါ စိုးကြီးရာ၊ တွေးလိုက်ရင် တလွဲတွေချည်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့တွေ လာလိုက်ရင် အဆန်းတွေချည်းပဲ၊ ဥစ္စာ စောင့်တွေရော၊ မဖဲဝါတွေရော'

'လိုက်ကြည့်စမ်းပါဦး'

စိုးကြီး လိုက်ကြည့်တော့ ဘာမှမရှိတော့။ ဂျိကာက ချုံပုတ်ကိုဖြဲပြီး အနံ့ခံလိုက် ရှာလိုက် လုပ်နေ၏။ ဂေါ်လီက…

'ဘာလုပ်နေတာလဲကွ'

'ရှူးဖလားဝါးသွားလား၊ တောထိုင်သွားလား ဆိုတာ ခြေရာခံကြည့်နေတာ၊ တစ်ခုခုတွေ့ရင် အဲဒါ သက်သေဖြစ်ပြီ'

'အရှုံးမခံနေနဲ့တော့၊ စိုးကြီးက စုံထောက် ဆားပုလင်းလို ခြေရာကောက်ကြည့်နေပြီ'

စိုးကြီးက ဂျပုမ မြေပုံဘေးရော ချုံပုတ်တွေကြားပါ လိုက်ကြည့်နေ၏။

'ခြေရာတွေကတော့ ဖိနပ်ပါပုံမရဘူး'

လုပ်ပြီ။ စိုးကြီးက ချုံပုတ်တစ်ခုထဲ မသကာလို့ လက် နှိုက်ကြည့်လိုက်၏။

'ဒီမှာ တွေ့ပြီကွ'

'ဘာလဲဗျ'





'အိုးပုံကြီး'

'ဟွို…'

'ချေးချေးပုံကြီးဟ၊ ဟောဒီဘက်မှာ မိန်းကလေးတွေ ဆံပင်စည်းတဲ့ ခေါင်းစည်းလေးကွ'

'ဟုတ်ပြီ၊ အဲဒီခေါင်းစည်းဟာ သဲလွန်စပဲ'

သုံးယောက်သား မြောက်တောက်ကားယားနဲ့ သင်္ချိုင်း ကုန်းက ပြန်လာကြတယ်။ စိုးကြီးရဲ့ မိန်းမက ဝတုတ်မလေး ခါးထစ်ခွင်ပြီး ကုန်စုံဆိုင်က မုန့်ဝယ်ပြီး ပြန်လာတာနဲ့ ခြံထိပ်မှာ သွားတိုးတယ်။

'စိုးကြီး ခုနက ဖိုးတုတ်တို့ လာသွားတယ်၊ တော်တို့ လှဲထားတဲ့ ထိန်ပင်ကြီး ခွဲခြမ်းစိပ်ထားတာတွေ တစ်ခုမှမရှိတော့ ဘူးတဲ့'

'ဟေ…'

'အဲဒါ သွားကြည့်လိုက်ဦး'

'ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူယူသွားတာလဲ'

'ပျောက်သွားတာတဲ့၊ ထိန်ပင်သရဲက ကခြားမှာ သူ့နေရာ ဆောက်ဖို့ သယ်သွားမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာပဲ၊ ရဲဘော်တို့ နောက်ထပ် အမှုတစ်ခုတော့ ပေါ်လာပြန်ပြီ၊ ရှာပြင်ထွက်ရအောင်'

ရှာပြင်က ထိန်ပင်ကြီးခုတ်ထားတဲ့ နေရာကို သွားကြည့်တော့ ဘာမှုမရှိတော့။ ထိန်ပင်ငုတ်တိုကြီးသာ ကျန်တော့၏။

'တောက်··· ဘယ်ကောင်တွေ လှည်းနဲ့တိုက်သွားသလဲ မသိဘူး၊ ခေါင်းတုံးပေါ် ထိပ်ကွက် လုပ်သွားတယ်၊ ဒီလို သူများခုတ်ထားတဲ့ ထင်းတွေကို အလစ်သုတ်တတ်တာ ချမ်းသာရွာထဲက စိုးမောင်ကြီးပဲ ဖြစ်ရမယ်'

'စိုးမောင်ကြီးဆိုတာ ဘယ်သူလဲ'

'ဖိုးတုတ်တို့အဖေပေါ့'

'ပါးစပ်ဆိုင်းတီးပြီး ကတတ်တဲ့လူကြီး မဟုတ်လား၊ လူပျော်ကြီးလေ၊ အိမ်ပေါက်စေ့ ကွမ်းယာစားပြီး တဟားဟား လုပ်နေတဲ့ လူကြီးလား'

'ဟုတ်တယ်၊ မင်းတို့ မနှစ်က လက်ဖက်ရည်သောက်ချင်လို့ ငါးပတ်အိုင်က လက်ဖက်ရည်ဆိုင်ကို သွားသောက်တော့ အဲဒီဆိုင်မှာ အမြဲထိုင်တဲ့ ဦးစိုးမောင်ကြီးပေါ့'

ဂေါ်လီက မြေပြင်ကို လိုက်ကြည့်ပြီး···





'ဦးစိုးမောင်ကြီး ယူသွားတာတော့ မဖြစ်နိုင်ဘူး၊ လှည်းဘီးရာ၊ နွားခြေရာလည်း မတွေ့ရဘူး'

'ဒါဆို မိုးပေါ်ပျံသွားတာလား၊ ထိန်ပင်ခွဲခြမ်းတွေ အတောင်ပေါက်ပြီးတော့လေ'

ဂျိုကာက ရွဲ့ပြောလိုက်တော့ စိုးကြီးက အဟုတ်မှတ်ပြီး ကောင်းကင်ကို မော့ကြည့်၏။

'ဖတ်'

'သေပဟ'

'ဘာဖြစ်တာလဲ စိုးကြီး'

'မိုးပေါ်လိုက်ကြည့်တာ ဗျိုင်းစုတ်က ပျံရင်းနဲ့ ချေးပါချသွားတာ ငါ့မျက်နှာပေါ် တန်းခနဲပဲ'

စိုးကြီး မျက်နှာ ဗျိုင်းချေးပေနေတာကိုကြည့်ပြီး ဂေါ်လီနဲ့ ဂျိုကာတို့ ပြိုင်တူရယ်လိုက်ကြပုံက···

'ရယ်ရတယ်ဟေ့၊ ဗြဲ···'

သမိန့်ပေါသွပ်ကာတွန်းထဲကလို ရယ်သံတွေနဲ့ ရယ်လိုက်သံကြီး ဖြစ်လို့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဖိုးလုံး၊ ဖိုးတုတ်၊ ဖိုးချွန်တို့နဲ့က ဂျိုကာတို့ အဖွဲ့ဖြစ်ပြီး သား။ မနှစ်ကတည်းက ခင်သွားကြတာလေ။ စိုးကြီးက ချစ်ဆွေကြီးဆိုင်ကို ခေါ်သွားတော့ တွေ့ဆုံပွဲအဖြစ် သောက်လိုက်ကြတာ။ ချစ်ဆွေကြီးက အရင်လဲကွဲနေတယ်။

လီမွန်ဘီးကြော်ငြာထဲက မင်းသားကြီး ဦးအောင်လွင်လို 'နို့ဗီကို မလိုဘူးကွ' ဆိုတဲ့ အသံမျိုးနဲ့ ချစ်ဆွေကြီးက ထအော်တယ်။

'ပိုက်ဆံရှင်းပေးဖို့ မလိုဘူးကွ' မူးလာတော့ လုပ်ပြီ။

'ဘစ်ဆိုင်လုံး အမှောက်သောက်'





ချစ်ဆွေကြီး မိန်းမကတော့ မျက်စောင်းတခဲခဲနဲ့ပေါ့။ ချစ်ဆွေကြီးရဲ့ အမေကို သွားတိုင်ပါလေရော။ ချစ်ဆွေကြီးရဲ့ အမေက သားငယ် မှတ်ကြီးကို လွှတ်လိုက်တယ်။

မှတ်ကြီးက လူကောင် ခပ်ညှက်ညှက်လေး။ ချစ်ဆွေကြီးနဲ့ ဘာမှမဆိုင်ဘူး။ ချစ်ဆွေကြီးရဲ့ ညီအရင်းခေါက်ခေါက်ပေါ့။

'အစ်ကိုကြီး… ခင်ဗျား ဘာလို့ ဒီလောက်သောက်နေရတာလဲ၊ အမေ ဆူနေပြီဗျ၊ စီးပွားရေးလုပ်နေတာကို စီးပွားပျက်အောင် ဖြုန်းနေတာလားဗျ'

မှတ်ကြီးက လူကသာ လက်တောက်လောက်ရှိတယ်။ ပြောလိုက်ရင် စကားကြီး စကားကျယ်တွေချည်းပဲ။ ချစ်ဆွေကြီးနဲ့ ဆယ်နှစ်လောက်သာ ကွာတယ်။

ချစ်ဆွေကြီးက မူးနေတော့ နားငြီးတာနဲ့ မှတ်ကြီးကို ကောက်ပွေ့ပြီး ရာဝင်စဥ္စအိုးထဲ ပြောင်းပြန်ထည့်ထားလိုက်တယ်။ မှတ်ကြီးဆိုတာ ငယ်သံပါအောင်အော်၊ ပေါချင်တာတွေလည်း ပေါ်ကုန်တာကိုး။ ဓောက်ထိုးကြီး။

စိုးကြီးနဲ့ ဂျိုကာတို့က သနားတာနဲ့ မှတ်ကြီးကို [illegible] ဆောင်ပေးလိုက်တယ်။ မှတ်ကြီး ခုနစ်သံချီအော်ငိုပြီ [illegible]လဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေးပါလေရော။ ချစ်ခွေကြီး မူးလာရင် ဘယ်သူမှ ပြောလို့မရတော့ဘူး။ မမူးခင်သာ ကပ်စေးနဲတာ။ မူးလာလို့ကတော့ လိုရင်အကုန်လုံးယူ။ မိန်းမပါ ခေါ်သွား။ ဒါမျိုးလုပ်တာ။

ချစ်ခွေကြီးတစ်ယောက် အမူးလွန်ပြီး ဖားပြုတ်ကြီးလို မှောက်အိပ်တော့မှ တစ်မီးငြိမ်းသွားတော့တယ်။ နောက်တစ်မီးထတောက်တာက ဖိုးလုံးပေါ့။

'ဒုန်း...'

'မွေးမေ့လေး'

'ဘာထဖြစ်တာလဲဟ'

ဖိုးလုံးက စားပွဲခုံကို လက်သီးနှင့် ဆောင့်ထုရင်း...

'မကျေနပ်ဘူးကွ၊ မကျေနပ်ဘူး'

'ဘာကို မကျေနပ်တာလဲ ဖိုးလုံး'

ဖိုးတုတ်က ဇိမ်ပျက်သွားလို့ လေသံမာမာနဲ့ထမေးတယ်။

'ငါ မကျေနပ်တဲ့အထဲမှာ မင်း မပါဘူး ဖိုးတုတ်'

ဖိုးတုတ်က ငယ်နိုင်ဆိုတော့ အရှော်ဇယားသွင်းလိုက်ပြီး...

'ဖိုးတုတ် မဟုတ်ဘူးဆိုတော့ ငါ့ကိုပေါ့'





စိုးကြီးက ထမှတ်ပါလေရော။ ဒီတော့...

'မင်းလည်း မပါဘူးကွ'

'ဒါဆို ဘယ်သူ့ကို မကျေနပ်တာလဲ'

'ဒီမြို့သားနှစ်ကောင်ကို'

'ဟိုက်...'

'ဘာများလုပ်မိလို့လဲ'

'အမြည်းတွေ ယူစားတာ များသွားလို့လား'

'မဟုတ်ဘူး၊ ဂျပုမကို မင်းတို့ အပျော်ကြံသွားတာ ငါမကျေနပ်ဘူး'

'ဗျာ...'

'ဟုတ်တယ်၊ ဂျပုမခများ သိပ်သနားဖို့ကောင်းတယ်၊ တစ္ဆေဘဝရောက်နေတာတောင် မင်းတို့ကို သတိရနေရှာတယ်'

'ဟော့ကောင် ဖိုးလုံး၊ မင်းက ဘယ်လိုလုပ်သိနေတာလဲ'

ဖိုးတုတ်က ထမေးလိုက်တော့ ဖိုးလုံးက မျက်နှာကြီးရှုံ့မဲ့ပြီး အံကြီးတင်းတင်းကြိတ်ကာ...

'ငါက သရဲ၊ ထိန်ပင်က သရဲကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… မင်းကို ဝင်ပူးနေတာလား'

'ဟုတ်တယ်၊ ဖိုးလုံးရဲ့ လိပ်ပြာကို ချုပ်ပြီး ငါ ဝင်ပူးနေတာပဲ၊ ငါ လူ့ဘဝတုန်းက ဂျပုမတို့အိမ်မှာ သူရင်းငှားလုပ်ခဲ့တဲ့ ဦးမွတ်တားဆိုတာ ငါပဲကွ'

'ဟင်…'

'ဟာ…'

'လွန်ခဲ့တဲ့ ငါးနှစ်လောက်က ပိုးထိပြီး ဆုံးသွားတဲ့ ဦးမွတ်တားကြီးလား'

ဖိုးချွန်က တအံ့တသြနဲ့ မေးလိုက်တော့ ဖိုးလုံးက အစ်အစ်သြသြသံကြီးနှင့်…

'အေး…'

'ခင်ဗျား ထိန်ပင်ကြီးမှာ သရဲဖြစ်နေတာ ကြာပြီလား'

'သေကတည်းက ဖြစ်နေတာပဲ၊ ဂျပုမက နောက်မှသေပေမယ့် သရဲအဆင့်ကနေ တစ္ဆေအဆင့်ဖြစ်သွားတယ်၊ ဒါက မသောင်းကျန်းတတ်လို့ ရာထူးကျပြီး သရဲဘဝကကို အဆင့်မတက်ဘူး ဖြစ်နေတာ'

ဂျိုကာက တအံ့တသြဖြင့်…





'ခင်ဗျားတို့ သင်္ချိုင်းရလောက ပြိတ္တာမျိုးနွယ်တွေက ပို သောင်းကျန်းမှ အဆင့်တက် ပိုမြန်တာလား'

'အေး…'

'တစ်မျိုးကြီးပဲနော်'

'ဒုန်း…'

'အမငှီး…'

'ငါ့ကို ပမာမခန့် မလုပ်နဲ့၊ ငါက သရဲဘဝမှာ သိပ် မခြောက်ဘူး၊ ဒါကြောင့် ထိန်ပင်ကြီးနား သရဲမခြောက်လို့ လူတွေ ကပ်ရဲတာပေါ့၊ အရိပ်ရလို့ မခုတ်ကြတာပေါ့၊ ခုတော့ ဟောဒီ မသာစိုးကြီး ငါ့ကို ဘုံပျောက်အောင်လုပ်လိုက်ပြီလေ၊ ဒီကောင် စိုးကြီးကိုတော့ မကျေနပ်တာ မဟုတ်ဘူး၊ သတ်ကို သတ်ပစ်ချင်တာကွ၊ ဟင်း… ဟင်း… ဟင်း… ဒီကောင် ကံမြင့်နေလို့ပေါ့၊ ကံနိမ့်နေတဲ့နေ့ တွေ့မယ်'

စိုးကြီး တွန့်သွားတယ်။ ဖိုးလုံးပုံစံကြီးကလည်း ကြောက်စရာကြီး။ ဂျိုကာနဲ့ ဂေါ်လီတို့က ဖိုးလုံး ဟန်ဆောင်ဝင်ပူးနေတာ လားဆိုတာ အကဲခတ်လေ့လာနေတယ်။ ဖိုးချွန်က မူးလွန်နေတဲ့ ဒို့ ချစ်ဆွေကြီးကို သွားဖက်အိပ်ပါလေရော။ ဖိုးတုတ်က လက်



www.burmeseclassic.com

www.burmeseclassic.com



သည်းကိုက်ပြီး မိုက်ခဲဟန်နဲ့ ဖိုးလုံးကို ကြည့်နေဆဲ။

'ခင်ဗျားကြီး လုပ်လို့ ကျုပ် ဥတစ်လုံး ဆုံးသွားတာကျ တော့ရော ဘာပြောဦးမလဲ၊ ခင်ဗျားကြီးကိုလည်း ကျုပ်က မကျေ နပ်သေးဘူး'

'မင်းဘာသာ မင်း ခွေးကိုက်လို့ဖြစ်ရတာ၊ ငါနဲ့ ဘာဆိုင် လို့လဲ၊ ငါ့မှာ သိတောင်မသိလိုက်ဘူး၊ ကွင်းပိုင်ကြီးနဲ့ ငါ ကျား ထိုးနေတာကွ၊' အဲဒါ ငါ မလုပ်ဘူး'

'သရဲလောကမှာလည်း ကျားထိုးကြသလား'

'အိမ်ထောင်သားမွေးတောင် လုပ်နေကြသေးတယ်၊ ငါဆို ကျားလူးတောထဲက သရဲမနဲ့ ပေါင်းလိုက်သေးတယ်၊ ဒီကောင်မ က သားစားကျူးလို့ ငါ ကန်ထုတ်ပစ်တာ၊ ဂျပုမလေးကို ငါ ခေါ်ထားသေးတယ်၊ မနေဘူး၊ မင်းတို့ ရောက်လာမှန်း သူ မသိသေးဘူး၊ နဲ့ကြိုးဘက်ကို အဖော်နဲ့ လိုက်သွားတယ်လေ'

ဖိုးလုံးက ပုံမှန်လေသံနဲ့ ပြောလာပြန်တယ်။

ဂျိုကာက...

'သရဲတစ္ဆေတွေက လူကို ဝင်ပူးရင် ခဏပဲပူးလို့ရတယ်၊ လူကိုယ်ငွေ့က ပူလွန်းလို့ သူတို့ မခံနိုင်ကြဘူးတဲ့၊ ဖိုးလုံးကျမှ ဘာလို့ သရဲက သွားလေရာ လိုက်ဝင်ပူးနေနိုင်ရတာလဲ၊ ဖိုးလုံး သက်သက်မဲ့ ဟန်ဆောင်နေတာပါ'

'ဟေ့ကောင်... ငါက ဖုတ်ဝင်နေတာကွ'

'ဖုတ်ဆိုတာ သေပြီးစ,လူကိုပဲ ဝင်နေလို့ရတယ်၊ ဒါဆို ဖိုးလုံးအစစ်က သေပြီပေါ့'

ဖိုးလုံး တွေဝေသွားတယ်။

ပြီးမှ...

'အေး... ဖိုးလုံးအစစ်က သေပြီ'

ဒီမှာတင် ဂေါ်လီက ကြားဝင်၍...

'ဂျပုမအကြောင်း ဆက်မေးစမ်းပါ'

စိုးကြီးက...

'သချိုင်းမှာတွေ့ခဲ့တဲ့ ကောင်မလေးကိုများ မဂျပုမရဲ့ ဖုတ်ဝင်နေတာလား မသိဘူး'

ဖိုးလုံးက မျက်လုံးမှိတ်လိုက်ပြီး...

'သိပ်ဟုတ်တာပေါ့၊ အဲဒီကောင်မလေး ကိုယ်ထဲမှာ ဂျပုမ ဝင်ကပ်လိုက်ပြီ၊ ပူးတဲ့ခွာတဲ့ပဲကပ်တာ၊ ဖုတ်ဝင်နေတာ မဟုတ်ဘူး'







www.burmeseclassic.com

www.burmeseclassic.com



'ဂျပုမဆို သူချစ်တဲ့ ကျွန်တော်တို့ကို မြေနဲ့ပစ်ပေါက်ပါ့မလား'

စိုးကြီးက…

'ဟာ… မင်းတို့ကို ဂျပုမက မုန်းနေတာကွ'

မြို့သားတွေ ခေါင်းကုတ်ကုန်ကြ၏။ ဖိုးလုံးကတော့ သူ့ကိုယ်သူ ထိန်ပင်သရဲကြီးပဲ။ တစ်ပြားသားမှ မလျှော့ဘူး။ ဖိုးတုတ်ကတော့…

'ထိန်ပင်သရဲဆိုရင် ထိန်ပင်ကြီးကို ခုတ်ထားတဲ့ ထင်းတွေ ဘယ်ရောက်သွားကုန်ပြီလဲ'

'ဖိုးလုံးပေါ့ကွာ၊ ကနီက ဝင်းမြင့်ဆီ ရောင်းစားပစ်လိုက်ပြီ၊ ဝင်းမောင်တို့သားအဖတွေရော ဝင်းမြင့်ရဲ့မယားပါ ထင်းတွေကို ညတွင်းချင်း လာရွက်သယ်သွားလို့ ပျောက်သွားတာပေါ့၊ မယုံရင် ဝင်းမြင့်တို့ ထင်းစင်ကိုသာ သွားကြည့်တော့'

'ဩော်… လူလည်ကြီး ဖိုးလုံး၊ အခုမှ ပေါ်ပြီ၊ အဲဒီ ထင်းရောင်းခငွေတွေ ဘယ်မှာလဲ'

'မရှိတော့ဘူး၊ အကြွေးဆပ်လိုက်တာရော သုံးတာဖြုန်းတာရော ကုန်ပြီ၊ ဖဲကြွေး၊ အရက်ကြွေးတွေ လိုက်ဆပ်ပစ်ပြီ'





ဖိုးလုံးက သရဲကြီးဟန်နှင့် ရှုံ့မဲ့ပြုံးပြကာ ပြန်ပြောနေ၏။

ဖိုးတုတ်က ဖိုးလုံးရဲ့ ဦးစွန်းဖုတ်ကို ဖမ်းဆွဲပြီး…

'မင်း ဒီလိုလုပ်လို့ရမလား၊ ငါ့ဝေစုပေး၊ မပေးရင်တော့ မင်း မျက်နှာကို ကျီးအာသီးရောင်ပေါက်အောင် ထိုးပစ်မယ်'

'ဟေ့ကောင် ဖိုးတုတ်၊ မင်း ပြောတဲ့ ဖိုးလုံးအစစ်က သေသွားပြီ၊ ငါက ထိန်ပင်က သရဲကွ၊ ငါနဲ့ ဘာမှမဆိုင်ဘူး'

'ထိန်ပင်သရဲလည်း နားမလည်ဘူး၊ မင်းဟာ ဖိုးလုံးပဲ၊ ပေးမလား မပေးဘူးလား၊ ငါကွာ'

'မပေးနိုင်ဘူးကွာ၊ ထိန်ပင်က ငါနဲ့ ဘာဆိုင်လို့လဲ၊ ဘာလဲ… မင်းက သရဲနဲ့တောင် နပန်းလုံးဖူးတယ်ဆိုပြီး မာန်တက်နေတာလား၊ သချိုင်းက အိုနာကျိုးကန်း သရဲကြီးကိုသာ မင်း နိုင်ချင်နိုင်မယ်၊ ငါလို အားကောင်းမောင်းသန် ထိန်ပင်သရဲကိုတော့ ဟင်း… ဟင်း… စမ်းရဲစမ်းကြည့်လိုက်ပေါ့ကွာ'

'စမ်းပြီကွ၊ ကဲဟာ… ခွပ်…'

'ခွီး…'

'ဟိုက်ယား'



www.burmeseclassic.com

www.burmeseclassic.com



'ချပ်… ပြောင်း… ဒုတ်… ဒင့်… ဖြောင်း…အား…'

နှစ်ကောင်သား အပြန်အလှန်ထိုးကြိတ်ရာက နပန်းဖက်လုံးသတ်ကုန်ကြလေပြီ။

ဘယ်သူမှကို ဆွဲလို့မရ။

ချစ်ဆွေကြီး ထဆွဲမှ ရမည့်ပွဲ။

ချစ်ဆွေကြီးကလည်း လဲကွဲ။

လဲကွဲနေတဲ့ ချစ်ဆွေကြီးပေါ် ရောက်တဲ့အထိ နပန်းလုံးလိုက်ကြတာများ ချစ်ဆွေကြီးရဲ့ မျက်နှာပေါ် ဖိုးလုံး ပစ်အကျမှာ ချစ်ဆွေကြီးမျက်နှာကို ရေပေါ်ထိုးသလို ဖြစ်နေတာတောင် ချစ်ဆွေကြီးက အိပ်မက်ထဲမှာ ရေခဲမုန့်စားနေရှော့သလား မသိ။ ပလပ် ပလပ်နဲ့တောင် လျှာသပ်နေလိုက်သေးတယ်။

ဖိုးချွန်ခမျာ လည်း ခေါင်းတက်နင်းမိတာတောင် မလှုပ်ဘူး။

စိုးကြီးက ခည့်သည်လက်ကုတ်ပြီး…

'လစ်စို့'

အကင်းပါးပါးနဲ့ ရှေ့ဆုံးက နင်းသွားတဲ့ စိုးကြီးတစ်ယောက် ခြေခြောက်လှမ်းမြောက်မှာပင် ကျွဲချေးပုံ လတ်လတ်





ဆတ်ဆတ် ဗြိဗြိဗြဲဗြဲကြီးပေါ် တက်နင်းမိကာ ခြေလွတ်လက်လွတ် ချော်လဲပါလေတော့၏။

အုတ်ခဲစီခင်း ရွာလမ်းကျဉ်းလေးပေါ်မှာ မရှုမလှ ပစ်ကျသွားတဲ့ စိုးကြီးကို ဂျီကာနဲ့ ဂေါ်လီတို့ အမြန်တွဲထူလိုက်ကြရတော့၏။

✣ ✣ ✣

'တောက်… မူးလို့လဲတာ မဟုတ်ဘူး၊ ကျွဲချေးဗျစ်ပြဲကြောင့် ချော်လဲတာ မိန်းမရ'

စိုးကြီးတစ်ယောက် သူ့မိန်းမကို အိမ်နောက်ဘက် ရေပြင်မှာ ချော့ပြောနေတယ်။ သောက်သာ သောက်၊ မမှောက်စေနဲ့ဆိုတာ စိုးကြီး မဟောသီရဲ့ လက်သုံးစကား။

စိုးကြီးရဲ့ ယောက္ခမကြီး ဒေါ်ခင်တင့်ကတော့…

'သောက်ပြီးအိပ်၊ စကားမများနဲ့၊ မရစ်နဲ့'တဲ့။

ယောက္ခထီးကြီး ကိုသန်းကတော့…

'သောက်သောက်စားစား လူ့ငနွား မသောက်မစား လူကောင်းသားတဲ့ကွ၊ မှတ်ထား'

'အဖေ့ဟာက ပြောင်းပြန်ကြီးဖြစ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့လောက်တည့်တာ ငါပဲရှိတယ်၊ မယုံရင် ငါ့မိန်းမ ခင်တင့်ကို မေးကြည့်လိုက်'

စိုးကြီးတစ်ယောက် ယောက္ခမနဲ့ ဖက်ငြင်းမနေတော့ဘူး။ မိန်းမနဲ့ပဲ ငြင်းနေပြန်ပြီလေ။

'ဂျပုမက ဖုတ်ဆိုတာ ဟုတ်ပါ့မလား'

'ဟုတ်ပါတယ်ဆိုဟာ'

'တစ္ဆေဖုတ်'

'ဟုတ်တယ်'

'ရှုပ်နေတာပဲ၊ ညှော်သည်တွေ ဗန်းပြပြီး တော်လည်းရှာရိုးကိုးပေါက် လျှောက်နေပြန်ပြီ'

'ဒီလောက်တော့ ညှော်ခံရမှာပေါ့ဟ၊ သူတို့ မြို့သွားရင်လည်း သူတို့က ပြန်ညှော်ခံမှာပေါ့ဟ'

'ယုံပါဘူး၊ သီချင်းတွေ ဓာတ်လမ်းတွေထဲမှာ ကျုပ်တို့တောက လူတွေပဲ လိမ့်ခံခဲ့ရလို့ ရိုးနေပြီ'

'တယ်... ဒီမိန်းမတော့ ငါ လုပ်ထည့်လိုက်ရ'

'လုပ်ရဲ လုပ်ကြည့်လေ'

'ဟင်း... ငါ့စိတ်ကို မဆွနဲ့နော်'





'အေးပါ... ငါ့မီးစက်နိုးတဲ့နေ့ကျရင် နင့်လယ်ထဲက ကန်သင်းရိုး ကျိုးပြီသာမှတ်'

ဒီလိုပြောနေတုန်း အိမ်ရှေ့ ကွပ်ပျစ်မှာ ရေနွေးကြမ်းထိုင်သောက်နေတဲ့ မြို့သားနှစ်ယောက်ဆီက အလန့်တကြားထအော်သံတွေ ကြားလိုက်ရတယ်။

'စ... စု... စိုး... စိုးကြီး'

'ကို... စိုးကြီး၊ လာ... လာကြည့်ပါဦး'

'ဘာလဲဟ... ဘာကြည့်ခိုင်းတာလဲ၊ ငါ လက္ခဏာမကြည့်တတ်ဘူးနော်'

'မဟုတ်ဘူး၊ ဟိုမှာ... ဖုတ်... ဖုတ်... ဖုတ်...'

'မင်းတို့ကောင်တွေက အဲဒါ ငါ့တူမလေး၊ ဦးသန်းရဲ့အချစ်ဆုံးမြေးမ၊ အပျိုပေါက်ကလေး ရေချိုးနေတာပါ၊ ဘယ့်နှယ်ဖုတ်ရမှာလဲ'

'အဲဒါပြတာ မဟုတ်ဘူးဗျ၊ ခြံရှေ့ကဖြတ်သွားတဲ့ ဖုတ်မလေးကို ပြောတာ၊ ဂျပုမ ဝင်ပူးနေတယ်ဆိုတဲ့ မြွေပစ်တဲ့မိန်းကလေးလေ'

'ဟုတ်လား... ဘယ်မှာလဲ၊ လိုက်ကြည့်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ဝရန်းသုန်းကားနဲ့ အိမ်ပေါ်က ဆင်းပြေးသွားကြတယ်။ ခြံဝိုင်းကြီးထဲမှာ အိမ်တွေ သုံး၊ လေးလုံး ဆောက်ထားတာ။

ဦးသန်းဟာက အကြီးဆုံးပဲ။ အိမ်ကို ပြောတာပါ။ အိမ်ရှေ့မှာ ပက်လက်ကုလားထိုင်လေးနဲ့ မှိန်းနေတဲ့ ဦးသန်းလည်း စိုးကြီးတို့ကို ကြည့်ပြီး လန့်သွားတာပေါ့။

'ဟေ့… စိုးကြီး၊ ဘာဖြစ်လို့လဲ၊ ကျေးရွာရုံးမှာ ရေနံဆီများ ဝေလို့လား၊ ငါ့အိမ်အတွက် တောင်းခဲ့စမ်းကွာ'

'မဟုတ်ဘူး အဖေရေ၊ အဖေ့ကောက်ရိုးပုံကြီး မီးလောင်နေလို့'

စိုးကြီးက ရွဲ့ပြောလိုက်တော့ ဦးသန်းဆိုတာ ငေါက်ခနဲပဲ။ ထထိုင်ပြီး…

'လုပ်ကြပါဦးဟ၊ ဝိုင်းငြိမ်းပါဟ၊ ခင်တင့်ရေ… ခင်တင့်၊ အကြီးမတို့၊ အလတ်မတို့၊ စိုးသူအောင်တို့၊ ဩော်… အရေးထဲဆို ဘယ်သွားသေနေကြသလဲ မသိဘူး၊ ခွီးတယ်မှ… ငါက ရောဂါသည်မို့လို့ လာကြပါဟ'

ဦးသန်း ပွက်လောရိုက်ပြီး ကျန်ခဲ့တယ်။ စိုးကြီးတို့





သုံးယောက် ပြေးလိုက်သွားတာ မမီလိုက်ဘူး။ ပျောက်သွားတာ မြန်လိုက်တာ။

အိမ်လှည့်ပြန်လာတော့ ဒေါ်ခင်တင့် ထဘီတိုတိုနဲ့ လုံးဘုံးလုံးတုံးနဲ့ ပြေးချလာတယ်။ လက်ထဲမှာလည်း ယောက်မကြီး ကိုင်လို့၊ ထမင်းချက်ရင်း ထယောင် ပြေးလာပုံပဲ။ နောက်ကသည်း မြေးအုပ်စု ဘုစုခရုလေးတွေ အုပ်လိုက်နဲ့ပေါ့။

'အမေ ဘာဖြစ်လို့လဲ'

စိုးကြီးက ဆီးမေးလိုက်တော့…

'ကောက်ရိုးပုံ မီးလောင်လို့ဆို၊ နင် ပြောသွားတာတဲ့၊ အဲဒါ ကိုသန်းက ပက်ကြမ်းနေလို့ ငါ့မှာ ထမင်းအိုးမွှေနေရင်းနဲ့ ထပြေးလာရတာ၊ ရှိတဲ့လူတွေ ခေါ်ခဲ့ရတာပဲ'

'ဒီကလေးတွေနဲ့ သွားမီးငြိမ်းရင် ကောက်ရိုးထဲ ကန့်စွန်းဥ မီးဖုတ်သလို ဖြစ်ကုန်မှာပေါ့၊ ဘာမီးမှ မလောင်ဘူး၊ အဖေ့ကို ကျုပ် နောက်ပြောခဲ့တာ'

'ဟင်… မသာ၊ ကာလနာ၊ တောကျင်းရှိုး'

ဒေါ်ခင်တင့်ရဲ့ ဆဲဆိုသံတွေ မိုးမွှန်သွားတော့တာပဲ။ စိုးကြီးက အဲဒီလို။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဖိုးလုံးနဲ့ ဖိုးတုတ်တို့ ကျောင်းစုရဲ့စခန်းက အချုပ်ထဲရောက်နေတယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရတယ်။

ကွဲပြဲအောင် အရိုက်ခံလိုက်ရသူတွေက ချစ်ဆွေကြီးနဲ့ ဖိုးချွန်ပေါ့။ ဖိုးလုံးက သရဲပူးသလို ကုပ်ဆွဲပြီး စပ်ရိုက်ပစ်တာ။ ဖိုးတုတ်ကပဲ မင်းထက် မိုက်တယ်ဆိုပြီး တုတ်ဆွဲကာ မညှာမတာ ရိုက်ပစ်လိုက်တာ။

အိပ်ချင်မူးတူးနဲ့ ထလာတဲ့ ချစ်ဆွေကြီးနဲ့ ဖိုးချွန်တို့ ဘာမဆိုင်၊ ညာမဆိုင် အရိုက်ခံရလို့ ကျောင်းစုဆေးရုံကို ရောက်နေရပါလေရော။ ချစ်ဆွေကြီးအမေ ဒေါ်ကြီးတင်က…

'အဲ… မိဘကို စော်ကားလို့ ငါ ဒဏ်သင့်တာ' လို့ ပြောတော့ ချစ်ဆွေကြီးဆိုတာ သူ့အမေ ခြေသလုံးကို ဖက်ပြီး…





'သားမှားပြီ၊ မှားပြီ အမေရဲ့' တွေ အော်ပြီး ငိုချင်းချပါလေရော။

ဖိုးချွန်ရဲ့အမေ ဒေါ်ဒန်ရှည်က သူ့သားကို သိပ်ချစ်ရှာတာ။ လာတောင် ကြည့်ဖော်မရဘူး။

သေသေတဲ့။ အပြတ်ပဲ။

'ထိန်ပင်သရဲကြီးတော့ အချုပ် ရမန်ကြီးတစ်ပတ်ကျသွားပြီ၊ မြွေမင်းသမီးလေးနောက်ကိုပဲ လိုက်ရတော့မယ်ဗျ'

'အေးကွာ…ဝါးရုံတောဘက်မှာ မြွေပေါတယ်၊ ချမ်းသာရွာကနေ ကန်လယ်ကိုသွားတဲ့ဘက်မှာ ဝါးရုံတောရှိတယ်၊ နောက်ပြီး ချမ်းသာရွာနဲ့ ကန်လယ်ရွာကိုသွားတဲ့ လမ်းတစ်ဝက်လောက်မှာ မိုးကြိုးပစ်ခံရလို့ ထက်ခြမ်းကွဲနေတဲ့ ကုက္ကိုပင်ဧရာမကြီးရှိတယ်၊ မိုးကြိုးသွားရှာချင်ရင် အဲဒီ အပင်ကြီးကို လှဲပြီးရှာလို့ရတယ်'

'ဒီမှာ ကိုစိုးကြီး ပဲဖိုးငွေတွေ လိုက်သိမ်းဦးမယ်၊ ဂျပုမအတွက်လည်း ကောင်းမှုကုသိုလ် လုပ်ပေးချင်တယ်၊ ဂမ္ဘီရပစ္စည်းတွေ စုဆောင်းဖို့ အချိန်မရဘူးဗျ'

'အေးပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



ပဲဖိုးငွေတွေ လိုက်သိမ်းဖြစ်ကြတယ်။ ပဲပေါ်ပေးဆိုတော့ ပဲအိတ်တွေပဲ စိုးကြီးတို့အိမ်မှာ သောင်တင်တာပေါ့။ ပဲပွဲစားတွေ ဆိုင်ကယ်နဲ့ လာဝယ်တော့မှ ထိုက်သင့်တဲ့ဈေးနဲ့ ပြန်ရောင်းတယ်။

ရက်သတ္တပတ်လောက် အလုပ်ရှုပ်သွားတယ်။ ငွေရင်းနဲ့ အမြတ်တွေပြန်ရတော့မှ ဂျပုမအတွက် အလှူလုပ်ကာ အမျှဝေပေးဖို့ ပြင်ဆင်ကြရတယ်။

'ဒီအတိုင်း လှူပြီး အမျှဝေလိုက်ရင် ဂျပုမ သာဓုခေါ်ချင်မှ ခေါ်ရမှာ မထိရောက်ဘူး'

ဂျိုကာက အဲလိုပြောတော့ ဂေါ်လီက...

'မင်းက ဘယ်လိုလုပ်ချင်လို့လဲ'

'ဂျပုမဆီက အိပ်မက်တောင်းမယ်။ အိပ်မက်ထဲမှာ ဂျပုမက သူ့အတွက် ဘုန်းကြီးကျောင်းမှာ ပစ္စည်းလေးပါး လှူပေးပါ၊ ဒါမှမဟုတ် နေကထိုင်နဲ့ ခြေသုတ်ခုံတွေ တံမြက်စည်းတွေ လှူပေးပါ၊ ဒါမှမဟုတ် သဲလမ်းခင်းပေးပါ အစရှိသဖြင့် လှူပေးရင် သူ ကျွတ်သွားမယ့်အရာမျိုးကို ငါ လှူချင်တယ်၊ ဒါဆို ထိရောက်မယ်'





'သူ့မြေပုံမှာ သွားပြောမယ်လေကွာ'

'တစ္ဆေဖုတ်ဘဝနဲ့ ဟိုကောင်မလေးအနားမှာ ပူးလိုက်၊ ကပ်လိုက်၊ လျှောက်သွားနေတာ ဘယ့်နှယ်လုပ်ပြီး မြေပုံရှိပါ့မလဲ'

'ပြောလို့မရဘူးလေ၊ မြေပုံဆိုတာလည်း သူတို့လောကရဲ့ အိမ်ပဲ၊ အိမ်ခဏပြန်နားချင် နားမှာပေါ့၊ သချိုင်းစောင့်တွေက အကြောင်းပြန်ကြားပေးရင် ပြန်ကြားပေးမှာပေါ့'

'ထူးဆန်းတွေလာတွေကွာ'

ဂျိုကာနဲ့ ဂေါ်လီတို့ ညှိနှိုင်းတိုင်ပင်နေကြတုန်းမှာ စိုးကြီးက သူ့သမီး ဝတုတ်မဆို ထိန်းရင်းကနေ...

'လုပ်မနေနဲ့၊ မြွေမင်းသမီးကို အရင်ရှာ၊ သူ့ကို ပြောပြီး ဒါနပြု ဒါ ထိရောက်တာပဲ'

စိုးကြီးမိန်းမက ရေနွေးကြမ်းအိုး လာချပေးရင်း...

'ဘယ်က မြွေမင်းသမီးလဲ၊ ရှင် ဘာတွေ ဖတ်ရှုပ်နေပြန်တာလဲ၊ စိုးကြီးနော်... အဖေနဲ့ အမေက နင့်ကို တစ်စစီ စုတ်ဖြဲချင်နေတာ၊ ကြပ်ကြပ်သတိထား၊ အဖေက ပန်းနာရင်ကျပ်ကြောင့် မထနိုင်လို့၊ နို့မို့ဆိုရင် လွတ်လပ်ရေးရပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားတဲ့ သမိုင်းဝင်ဓားနဲ့ နင့်ကို နုပ်နုပ်စဉ်းပစ်မယ်လို့ ကြိမ်းဝါးနေတာ သူ့ကောက်ရိုးပုံ မီးမလောင်ဘဲနဲ့ လောင်တယ်ပြောခဲ့လို့တဲ့လေ'

'ဒီလောက်လေး နောက်တာကိုများဟာ'

စိုးကြီးမိန်းမက မျက်စောင်းထိုးပြီး နောက်ဖေးဘက်ဝင်သွားတော့၏။

'ဟော့… ဝင်းမြွေ၊ ယုန်တွေ ဖွတ်တွေရရင် ငါ့အိမ်လာရောင်းလှည့်ချေစမ်းဟယ်၊ မြို့က ဧည့်သည်တွေရောက်နေလို့ အထူးအဆန်း အသားလေးတွေ ချက်ပြုတ်ဖုတ်ကင်ကျွေးရအောင်လို့ပါ'

စိုးကြီးမိန်းမက မီးဖိုဆောင်အပေါက်ကနေ အပြင်လမ်းမကသွားတဲ့သူ တစ်ယောက်ယောက်ကို လှမ်းအော်ပြောနေ၏။ အပြင်က မိန်းမသံတစ်သံ ပေါ်လာ၏။

'ခုတော့ မရသေးဘူး၊ မြွေပွေးနဲ့ မြွေဟောက်တော့ပါတယ်၊ ယူထားမလား'

'အောင်မယ်လေး… အဲဒီအသားတော့ နိုးဆလံပါပဲ'

'ကနီက မမသန်းနုတို့၊ ဒေါ်ကြီးတင်တို့၊ မမြင့်တို့၊





သိန်းသောင်းတို့၊ ဝင်းမြင့်တို့ဆို မြွေပွေးသား သိပ်ကြိုက်တာ၊ ကြက်သားနဲ့ မလဲနိုင်ဘူးတဲ့ တော်ရေ'

'အေးလေ… သူတို့ဆီသာ ရောင်းပါအေ'

'ဟုတ်ပါပြီ၊ အစ်မမှာတာတွေ ဒီညနေ ရရင် ဝင်ပေးခဲ့မယ်၊ ခုတော့ ဝါးရုံတောဘက် အကောင်ရှာထွက်လိုက်ဦးမယ်၊ သွားပြီနော'

'အေး… အေး…'

ဂျိုကာတို့ ရေနွေးထိုင်သောက်နေရာက အပြင်ဘက်ကို ခေါင်းပြူကြည့်လိုက်တယ်။

'ဟိုက်…'

'ဘာလဲ'

'မြွေမင်းသမီး'

'ဘယ်မှာလဲ'

'ခုနက စိုးကြီးမိန်းမနဲ့ စကားပြောတဲ့ မိန်းကလေးပေါ့'

'ဟင်…'

'ကိုစိုးကြီး ခုန ဝင်းမြွေဆိုတာ ကျုပ်တို့ ရှာနေတဲ့ မြွေမင်းသမီးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော...'

'လာ... လာ... အမြန်လိုက်မေးရအောင်'

'မမေးနဲ့၊ ဝင်းမြဲဆွေဆို ဘယ်အချိန်မဆို သွားတွေ့လို့ ရတယ်၊ အဲဒီကောင်မလေးက ချမ်းသာရွာက မိဘတွေက ဆင်းရဲ တယ်၊ သူက သမီးအကြီးဆုံး၊ ရုပ်ကလေး လှပေမယ့် ဘဝပေး က မလှရှာဘူး၊ သူ့အဖေ စိန်ကြီးက မြွေဖမ်းရောင်းတဲ့လူ မြွေနဲ့ ငါးရှဉ့်ဖမ်းကတော့ အသေကျွမ်းကျင်တာဗျာ'

'ဟုတ်လား'

'သူ့အဖေ စိန်ကြီး အိပ်ရာထဲကို လူကြီးရောဂါနဲ့လဲတော့ ဝင်းမြဲဆွေပဲ မြွေဖမ်းထွက်ရတာပေါ့၊ မိန်းကလေးတန်မဲ့ လုပ်စား နေရတာလေ၊ သူ့အဖေ မြွေဖမ်းထွက်တိုင်း လိုက်နေရတော့ လက်ထပ်သင်ပေးထားသလို မြွေဖမ်းတဲ့ပညာကို တတ်နေတာ ပေါ့၊ အဲဒီမြွေတွေကို ဆေးဝါးစက်ရုံရောက်တဲ့အထိ တက်ရောင်း ကြရတာ မြိုးမြိုးမြက်မြက်ကလေးတော့ ရပါရဲ့၊ နို့ပေမဲ့ အသက် နဲ့ ရင်းရတာ မလွယ်ဘူး'

'သြော်...'

ဂျီကာနဲ့ ဂေါ်လီတို့ကတော့ အားမရဘူး။





ချမ်းသာရွာအလွန်က ဝါးရုံတောကို ချီတက်ကုန်ကြ တယ်။ ဝါးရုံတောက လမ်းနှစ်ဖက်မှာ စိမ်းညို့နေတာပဲ။ ဝါးပင် တွေ အပြိုင်းအရိုင်းပေါက်နေတယ်။

ရုပ်ရှင်တွေဘာတွေ စစ်ကားရိုက်ရင် ဒီနေရာဟာ ရိုက် လို့သိပ်ကောင်းမယ့် နေရာမျိုးပေါ့။

'ဂျီကာ ဟိုမှာ'

ဝါးရုံတောထဲ ကုန်းကုန်းကြီး ခေါင်းဝင်နေတဲ့ ဝင်းမြဲဆွေ လေးကို ဘွားခနဲတွေ့လိုက်ရတယ်။

'မဝင်း... ဝင်း... ဝင်း...'

ဂေါ်လီက နှုတ်ဆက် မိတ်ဆက်ဖို့ အ,ထစ်နေတယ်။ ဂျီကာက မြို့အထာနဲ့ ခပ်တည်တည်ဝင်လိုက်တယ်။

'မြွေဘယ်နှကောင်ရပြီလဲ မဝင်းမြဲဆွေ'

လူသံကြားလို့ ခေါင်းပြန်အထောင်မှာ ဝါးနှစ်ပင်ကြား ခေါင်းညှပ်နေလို့ ဂျီကာက ဝါးပင်ကို ဝင်ဖြဲပေးလိုက်ရတယ်။

'ဟင်... ရှင်... ရှင်တို့ ဘယ်သူတွေလဲ'

'ကျွန်တော်တို့မြို့ကပါ၊ ရွှေဘိုစုရွာက စိုးကြီး အိမ်မှာ တည်းတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဒီကို ဘာလာလုပ်တာလဲ'

'မဝင်းမြသွေနဲ့ တွေ့ချင်လို့'

နေလောင်မျက်နှာလေးပေမယ့် ဝင်းသစ်လှပနေတယ်။ ချေးညှော်ကင်းစင်တဲ့ လည်တိုင်လေးနဲ့ ရွာသူလို့ ထင်ရက်စရာမရှိ။ မြို့မှာဆို မင်းကြိုက်စိုးကြိုက်ဖြစ်မယ့် ရုပ်ရည်ကလေး။ အရောင်တင်ပေးလိုက်လို့ကတော့ အဖိုးတန် 'မြ'၊ အဖိုးထိုက် 'ပတ္တမြားခဲ' ဖြစ်လာမည့်သူလေး။

ဂျိုကာတို့နှစ်ယောက်ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း…

'ဟိုတစ်ခါ သင်္ချိုင်းကုန်းမှာ တွေ့ခဲ့တဲ့လူတွေဟာ ရှင်တို့ပဲနော်'

'ဟုတ်တယ်'

'ကျုပ်နဲ့ ဘာကိစ္စ တွေ့ချင်တာလဲ'

'ဂျပုမကိစ္စ'

'ဘာကြီးရယ်'

'ရွှေဘိုစုရွာက သေသွားတဲ့ ဂျပုမလေ၊ သိလား'

'သိတယ်၊ သူနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ'

'ဂျပုမက တစ္ဆေဖြစ်ပြီး မင်းကို ပူးလိုက် ကပ်လိုက်လုပ်နေတယ်ဆို'





'ကြံ့ကြံ့ဖန်ဖန်တော်'

'ဂျပုမ ဝင်ပူးတုန်းက ကိုယ်တို့ကို မင်းကိုယ်တိုင် မြွေနဲ့ပစ်ပေါက်ခဲ့သေးတယ်လေ'

'အို… မလုပ်ပါဘူး၊ မြွေဖမ်းရတာ ဘယ်လောက်ခက်သလဲ၊ အဓိပ္ပာယ်မရှိတာတွေ'

'ကဲ… အဲဒါပဲ ဂျပုမ ဝင်ပူးတော့ မင်းရဲ့ အသိစိတ်တွေပျောက်ပြီး ဘာလုပ်မိလို့ လုပ်မိခဲ့မှန်း မသိတော့ဘူး မဟုတ်လား'

'ရှင်တို့ပြောတာ ဘာမှနားမလည်ဘူး၊ ဒီမှာ ဝေးဝေး ယ်၊ ဒီချုံထဲမှာ မြွေဟောက်ကြီးရှိတယ်၊ အပြင်ထွက်အောင်ခြောက်လှန့်ထုတ်နေတာ၊ အဆိပ်ပြင်းတဲ့ မြွေဟောက်နဲ့ တစ်ချက်များရင် တစ်သက်သေပဲ၊ နောက်ကို ရှဲကြ'

မြွေဆိုတော့ တွန့်ပြီး နောက်ကိုရှဲပေးလိုက်ကြရ၏။ ဝင်းမြသွေက ဝါးရုံတောထဲ တုတ်ထည့်ကာ ထိုးနေ၏။

ခဏအကြာမှာ…

ရှူးခနဲ မြွေဟောက်ကြီး ပါးပျဉ်းထောင်ပြီး အပြင်ကိုထွက်လာ၏။ ဝင်းမြသွေက နောက်ကို ခြေတစ်လှမ်း၊ နှစ်လှမ်းဆုတ်လိုက်ပြီး မြွေဟောက်ကြီးကို မြှူ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်နောက်ဆုတ်နှင့် ကွင်းပြင်ရောက်အောင် မြှူခေါ်သွား၏။ မြွေဟောက်ကြီးကလည်း ပါးပျဉ်းယိမ်းကာသလို ဟိုယိမ်းဒီနွဲ့ဖြင့် ပေါက်မည့်ဟန် အမျိုးမျိုး ပြုလုပ်၏။

ကွင်းထဲရောက်တော့မှ မြွေဟောက်ကြီး ဒေါမာန်ကျ သွားအောင် အသာစောင့်ကြည့်နေ၏။

ဂျိုကာတို့လည်း အသည်းတယားယားနှင့် အဝေးမှ လှမ်း ကြည့်နေလိုက်၏။ ဝင်းမြဲဆွေက ခါးကြားက ပုလွေကိုထုတ်ပြီး အသာမှုတ်၏။

ဝင်းမြဲဆွေ ပုလွေမှုတ်ပုံလေးကလည်း ကြည့်လို့လှ၏။ ပုလွေမှုတ်သံကြောင့် မြွေကြီး ပါးပျဉ်းခွက်နေရာကနေ ပါးပျဉ်း သိမ်ကျုံ့ပြီး သာမန် ခေါင်းပုံစံနှင့် မြေမှာ တွားသွားဖို့ပြင်၏။ ဒီတော့မှ ဝင်းမြဲဆွေက ထိပ်မှာ အခွလုပ်ထားသော တုတ်ဖြင့် မြွေခေါင်းရဲ့ နောက်နားလေးကို ဖိထောက်လိုက်၏။ မြွေခေါင်းကို ညှပ်ဖိမိထားမှ ပုလွေကို ခါးပြန်ထိုးပြီး မြွေခေါင်းကို လက်နှစ် ဖက်နှင့် အမိအရ ဖိကိုင်လိုက်၏။

ခွတုတ်ကို ဖယ်ပြီး မြွေကြီးကို မြှောက်ကိုင်လိုက်တော့ မြွေအကောင်လိုက် တန်းလန်းကြီး ပါလာ၏။ ဝင်းမြဲဆွေက





မြွေကို ပြုံးပြုံးကြီးကြည့်လိုက်ပြီး ပလိုင်းထဲကို အသာအယာ ထည့်လိုက်၏။ အကွက်စိပ်စိပ်လုပ်ထားသော ပလိုင်းထဲကို မြွေ ရောက်သွားတော့မှ အဖုံးကို အသေအချာ ပိတ်လိုက်၏။

ပြီးနောက် တုတ်ကလေး ဓားယမ်းကာ လေကလေး ဘချွန်ချွန်နှင့် ချမ်းသာရွာဘက် လှည့်ထွက်သွား၏။

ကြောင်ကြည့်နေရာမှ ဂျိုကာတို့ ပြေးလိုက်သွား၏။ ဝင်းမြဲဆွေကို မှီတော့ ဘေးတစ်ဖက်တစ်ချက်မှ ကပ်လိုက်ရင်း…

‘ဂျပုမ… ဝင်ကပ်လိုက်တိုင်း အိပ်ငိုက်သွားသလိုလို မူးသွားသလိုလို ခံစားရတယ် မဟုတ်လား’

‘ဘာတွေပြောနေတာလဲ၊ ရောဂါပဲ’

‘အဲဒါ စောဘွဲ့မှူးကြီး ရေးတဲ့ သီချင်းလေ’

‘သိသားပဲ၊ အခွေတွေ ရွာမှာပြလို့ ကြည့်ဖူးတာ ကြာနေ ပြီ၊ ကျုပ်တို့ရွာမှာ ဒါမျိုးတွေ ပေါနေတာပဲ မကြည့်ချင်မှအဆုံး’

ဂေါ်လီက ခေါင်းကုတ်၏။ ဂျိုကာက…

‘ဂျပုမတစ္ဆေ ဝင်ပူးတဲ့အခါ ပြောလိုက်ပါ၊ အရေးကြီးလို့ ပါ၊ စိုးကြီးအိမ်မှာ တည်းခိုနေတဲ့ ဂျိုကာနဲ့ ဂေါ်လီတို့ကို အိပ်မက် ဘာပေးပါ၊ ဂျပုမအတွက် ဂျိုကာတို့က အလှူအတန်း လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ ဘာလျှုပေးရမလဲဆိုတာကို အိပ်မက်ပေးပါလို့'

ဝင်းမြဆွေက ပြုံးကြောင်ကြောင်လေးနှင့် ဂျိုကာကို တစ်လှည့် ဂေါ်လီကို တစ်လှည့်ကြည့်လာပြန်၏။

'အဲဒါလေးတော့ ဂျပုမကို ပြောလိုက်ပါနော်'

'သင်္ချိုင်းကုန်း သွားပြောပေါ့'

'ဂျပုမတစ္ဆေက ဝင်းမြဆွေ နောက်ကို လိုက်ကပ်နေတာ လား'

'မဟုတ်တာ၊ ကျုပ်ကို လာမခြောက်နဲ့နော်'

'ထိန်ပင်သရဲဝင်ပူးတဲ့ ဖိုးလုံးက ပြောတာ'

'အဲဒါ ချောက်ချတာဗျ၊ ဖိုးလုံးနဲ့ ကျုပ်က အကြောတည့်တာ မဟုတ်ဘူး၊ ကျုပ် မြွေလိုက်ဖမ်းတိုင်း ဖိုးလုံးက မြွေတွေကို လိုက်ခြောက်လွှတ်နေတာ၊ ဖိုးလုံး သူ့နှမအိမ်က စပါးခိုးရောင်းတာ၊ မမမြင့်ကို ကျုပ် သွားတိုင်လို့ ကျုပ်ကို အခဲမကျေဖြစ်နေတာ'

ဂျိုကာတို့ ငေါင်စီသွား၏။

'ခင်ဗျားတို့ မြို့သားတွေက အရူးထပြီး အယူကြီးနေကြသေးတယ်'





'တိုန်…'

အပြောခံလိုက်ရ၏။ ဝင်းမြဆွေက…

'ဒီလိုလုပ်ဗျာ'

'ဘယ်လိုလုပ်ရမှာလဲ'

'ချမ်းသာရွာထဲမှာ ကျုပ်အဒေါ် ခင်စန်းဆိုတာ ရှိတယ်၊ သူက နတ်တွေ ဘာတွေရော လိုင်းစုံတယ်၊ ယုံမယ်ဆိုရင်တော့ ဂျပုမတစ္ဆေ ဘယ်ရောက်နေသလဲ၊ သွားမေးကြည့်လိုက်၊ ရွာထဲကရော ဘေးရွာကလူတွေကပါ တမလွန်လောကနဲ့ ဆက်သွယ်ချင်ရင် သူ့ဆီသွားမေးကြတာပဲ'

'ဟုတ်လား၊ အဲဒီအိမ် လိုက်ပြပါလား'

'ဒါဆို ကျုပ်နောက်က လိုက်ခဲ့'

'အိုကေ… လမ်းမသိရင် အင်း… အဲ… ရွှေသမင်လေးနောက်က လိုက်ရတယ် မဟုတ်လား'

ဝင်းမြဆွေက မျက်စောင်းကြီးခဲနေလို့ စကားလှအောင်နည်းပြောလိုက်ရတယ်။

တကယ်ကို မလွယ်တဲ့ ဝင်းမြဆွေကလေးပါပဲ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဝါးတိုင်ထူ၊ ဝါးကပ်ခင်း၊ ဝါးထရံကာ၊ ခနိမိုးထားသည့် တဲအိမ်ကလေးရှေ့အရောက်မှာ ခြံထဲကို တန်းဝင်လိုက်ကြ၏။

'ဗျို့… ဒေါ်ကြီးခင်စန်း၊ ဒေါ်ခင်စန်း'

'ဟဲ့… ဘာတုံးဟဲ့'

'ဧည့်သည်လာတယ်'

'ဝင်ခဲ့ပေါ့၊ တကာတည်း… အလိုက်ကန်းဆိုးကို မသိဘူး၊ ဒီမှာ ငါ နတ်ပူးနေတယ်'

'မသိလို့ပေါ့'

အိမ်ပေါ်ကို တကျွီကျွီတက်ပြီး ဝင်ထိုင်လိုက်၏။ မိန်းမလှနှစ်ယောက် နတ်လာမေးနေ၏။ ဒေါ်ခင်စန်းဆိုသူမှာ ပုပုဖောင်း





ာင်းနှင့် ရုပ်ရှင်သရုပ်ဆောင် မလုံးတင်နှင့် မျက်နှာခပ်ဆင်ဆင်ရယ်။

ခေါင်းပေါင်းကြီး ပေါင်း၊ ရင်စည်းကြီးနဲ့ စီးကရက်လေး ာလိုက်၊ ဝီစကီလေး ပက်လိုက်၊ ကြက်ကြော်လေး ဖဲ့လိုက်နှင့် မ်ကျကျဟောနေ၏။

'ဧည့်သည်တွေ ဘယ်မှာထိုင်နိုင်းမလဲ ကြီးတော်'

'ဟဲ့… သင့်တော်သလို နေရာချလိုက်ပါလား၊ ငါ့ခေါင်း ား တက်ထိုင်ခိုင်းချင်သေးလို့လား၊ အလိုက်ကန်းဆိုးမသိတဲ့ ာလေးမ၊ အဲဒါကြောင့် နင်နဲ့ ငါနဲ့ အပေါက်အလမ်းမတည့်တာ'

'ကြီးတော်စန်း ဖောက်သည်ရအောင်လည်း ခေါ်လာပေးသေးတယ်၊ ဘုကန့်လန့်တိုက်မနေပါနဲ့'

'အေးပါ ကျေးဇူးရှင်မရယ်၊ ကျုပ် ပြောမိတာ အမြီးကိုင် ား တောင်းပန်ပါတယ်'

'ဟွန်း…'

ဝင်းမြဲခွေက မျက်စောင်းထိုးပြီး အိမ်ပေါ်ကနေ ဆောင့်ာင့်ဆို ဆင်းသွား၏။

'ဖြည်းဖြည်း ငါ့အိမ်ပြိုရင် ညည်း ပြန်ဆောက်ပေးရမှာ



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ခြေနင်းကြမ်းတဲ့ ကလေး၊ ဆင်သေလို့များ ဝင်စားသလား မှတ်ရတယ်'

'စိတ်လျှော့ပါ နတ်ဆရာကြီးရယ်'

'လျှော့တယ် သမီး၊ သင်း လာပြီး စိတ်ရှုပ်အောင်လုပ်နေတာနဲ့ အခု ဘယ်နတ်ဝင်နေလို့ ဝင်နေမှန်းတောင် မသိတော့ဘူး'

'ပခန်းကျော်ကြီးပါ'

'အိမ်း... အေး... အေး... ဟုတ်ပြီ၊ ဖေကြီး ဟောမယ်ဟေ့၊ ငါ့ရှေ့က အင်္ဂါသမီးကြီးဟာ နဂါးသိုက်က လာတာဟေ့'

'ဟင်... ဟိုတစ်ပတ်က ကိုယ်တော်ကြီး ဟောတုန်းက ရှမ်းစော်ဘွားသိုက်ကဆို'

'အေးလေ... ရှမ်းနဂါးစော်ဘွားသိုက်က လာတာဟေ့'

အားလုံးကို ရှုပ်နေတာပဲလို့တောင် ကြားက မဆီမဆိုင် ဂျိုကာ ထအော်ပစ်လိုက်ချင်စိတ်ပေါက်သွား၏။

နဖူးမှာ ဆံပင်အမောက်ကလေး တင်ထားသည့် သွားကျိုးမက ပြုံးသွား၏။ သိုက်ကလာတာဆိုတိုင်း ဘဝင်တက်နေ၏။ သိုက်နန်းရှင်တွေဆိုတာလည်း ပြိတ္တာမျိုးနွယ်ဝင်တွေဆိုတာ မသိ။





'သိုက်က ကျွန်မကို ဘာတွေပေးမှာလဲဟင်'

'အချိန်မတန်သေးလို့ မပေးသေးတာ နှမရဲ့၊ အချိန်တန်ရင် နွားပိန်ကန်လိမ့်မယ်'

'နွားပိန်ကန်ရင်တော့ ဆေးရုံရောက်မှာပေါ့'

'မနောက်နဲ့ဟေ့၊ ကိုယ်တော်ပြောတဲ့ သဘောက အချိန်တန်ရင် နှမလိုတာ ပေးလာလိမ့်မဟေ့'

'ဟုတ်ပါလိမ့်မယ် ကိုယ်တော်ကြီးရယ်၊ ဟိုတစ်ခါ သိုက်က အိပ်မက်ပေးတယ်၊ ခြံထဲက သရက်ပင်အောက်မှာ နက်သုံးနာရီ တစ်ယောက်တည်း လာတူးပါဆိုလို့ သွားတူးတာ ...န်ဖလားကြီးတစ်လုံးပဲ ရလိုက်တယ်၊ သေးစော်တွေကို နံလို့'

'အချိန်မတန်သေးလို့ပေါ့'

'ကျွန်မယောကျ်ား သွားမြှုပ်ထားတာလေ၊ ရောဂါပိုးကူး ...စိုးလို့တဲ့၊ ကျွန်မ အိပ်မက်အရ သွားဖော်မိလို့ ဆူလိုက်တာလေ ...က်လောရိုက်ကုန်တာပဲ'

မိန်းမကြီးနှစ်ယောက်က ဂဏန်းတွေတောင်းပြီး မ,စ ...က်သကာ ပြန်ဆင်းသွား၏။

ဂျိုကာတို့နှစ်ယောက်ကို မွေးလို မေးကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ညီဘွားတို့ကရော ဘာသိချင်လို့လဲ၊ ရှေ့တိုးထိုင်'

'ဟုတ်ကဲ့… ခဏလေး'

ရှေ့ကို ရှိရှိကျိုးကျိုးလေး ဒူးတုပ်ထိုင်ကြရတယ်။

'တစ္ဆေဘဝ ရောက်နေတဲ့သူတစ်ယောက်အကြောင်းကို မေးချင်လို့ပါ'

'ဟေ… အင်း… ဒါဆိုရင်တော့ နတ်နဲ့မဆိုင်ဘူး သူ့ကို လိုင်းပြောင်းပေးမှ ရမယ်၊ ကဲ… ငါကိုယ်တော် ထွက်ပြ ဟေ့၊ ဘွတ်…'

'တကယ်ထွက်တာပဲ၊ နံလိုက်တာ'

'ဟုတ်ကဲ့ပါ… အခု ဘာသွင်းမှာလဲဟင်'

'ဝမ်ချူ ဆေးတောင့်'

'ဗျာ…'

'အဟုတ်… ငါ့မလည်း နေ့ရော ညပါ ထိုင်ဟောနေရ တာ ဆီးချုပ်ဝမ်းချုပ် ဖြစ်နေပြီ၊ ခဏလေး… အိမ်သာပြေးပြီး ဝမ်းချူလိုက်ဦးမယ်၊ ပြီးမှ ဆက်ဟောမယ်'

'ဟောဗျာ… နောက်သွင်းတဲ့ဟာတွေ ခတ်တည့်ပါ မလား၊ တော်ကြာ ချေးစော်နံလို့ မဝင်ရင် ဘယ့်နှယ်လုပ်မလဲ'





'ရေမွှေးဆွတ်မှာပေါ့၊ လျှာမရှည်နဲ့၊ ငါဆရာလား နင်တို့ ဆရာလား၊ မြို့သားတွေဆိုပြီး ငါ့ဌာနမှာ လာမကလိကြနဲ့နော်၊ ငါ့အစောင့်တွေကိုင်ရင် နင်တို့ နာသွားမယ်၊ ဟွန့်…'

နတ်ကတော် အပေါက်ဆိုးက ဗိုက်နှိပ်ပြီး အိမ်သာ ထသွားတယ်။

အိမ်သာက အိမ်ထဲမှာ ထရံပဲခြားတာ၊ အိမ်နောက်ဘက် မှာဆိုတော့…

'အောင်မယ်လေးတော်… ဗရစ်တစ်တစ်… ဗျစ်… ဖစ်… ဘစ်… ဘူ… ဘွမ်… ဘော… ဟော…'

အသံလှိုင်၊ ရနံ့မြိုင်လို့ နှာခေါင်းတွေ ပိတ်ထားရတော့ ၏။

ဂျပုမ အကြွေးကို ကျေအောင် ဆပ်ရတာလည်း မလွယ်။ မြို့သားတွေ ဒီလိုပဲလားလို့ ရွာကလူတွေ အပြစ်တင်စောကြော မခံချင်လို့သာ ဒီအလုပ်ကို တစိုက်မတ်မတ် လိုက်လုပ်နေရခြင်း ပင်။

နို့မို့ မြို့ပြန်ဖြစ်နေတာ ကြာပြီ။

ဂေါ်လီက မျက်စပစ်ပြလိုက်၏။ ဝီစကီပုလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်မော့လိုက်ကြ၏။ တစ်ယောက်တစ်ဝက်ပေါ့။ ပြီးတော့ ရေနွေးကြမ်းတွေ ပြန်ရောထည့်ထားလိုက်၏။

ကိုယ်တော်ကြီး ချာပီးပြီး ပြန်ထွက်လာကာ ပြန်ထိုင်၏။

'လူတစ်ခု ပူမှုရယ်တဲ့ ပွမ်ပွမ်ဘွမ်တွေ ဖြစ်ကုန်ပြီပဲ၊ ကဲ… ဒီတစ်ခါတော့ သရဲတစ္ဆေတွေ လိုက်ရှာဖွေကြည့်နိုင်တဲ့ ငါ့အစောင့်တွေခေါ်လို့ ဖနောင့်နဲ့ပေါက်ကာ သွင်းလိုက်မယ်၊ လာလေရော့ဟယ်'

ဂျိုကာနဲ့ ဂေါ်လီတို့ကတော့ လုပ်ဇာတ်ကြီးလို့ ထင်လာကုန်ကြပြီ။

ဒေါ်ခင်စန်းကတော့ အဟုတ်အမှတ်ကြီးနဲ့…

'တွေ့ပြီ၊ တွေ့ပြီ၊ ဂျပုမ ရွှေဘိုစုက ဂျပုမ၊ စိုးကြီးတို့ ခြံထဲက မအူပင်ကြီးပေါ်မှာ ရောက်နေပါလား၊ အဲဒီက စုတ်ဖွား သရဲကြီးကို အသနားခံပြီး ခဏလာတည်းခိုနေတာဟေ့'

'ဟုတ်ပါ့မလား ကြီးတော်ရယ်'

'နှစ်ခါမဟောဘူးဟေ့၊ ငါပြောတာ မယုံရင် ညနေမှောင် ခါနီးမှ သစ်ကိုင်းပုံ့နဲ့ မအူပင်စည်ကို ခေါက်ပြီး ခေါ်၊ အိမ်တွင်း စင်တွေ ခဏချထားပြီး အိမ်ထဲသွင်း၊ အမေးအဖြေတွေ ၃ ခေါက်





လုပ်လို့တောင် ရသေးတယ်၊ မင်းတို့ မကြောက်နဲ့နော်၊ ကြောက်ရင် လိပ်ပြာလွင့်တတ်တယ်'

'ဟုတ်… ဟုတ်ကဲ့ပါ၊ မ… မ… ကြောက်… ကြောက်… ပါ… ပါဘူး'

'လေသံကလည်း အားမရှိလိုက်တာ၊ ကဲ… ဘာသိချင် သေးလဲ'

'ဒီလိုလုပ်ပါလား၊ ဒီညနေ ကြီးတော်ပဲ ခေါ်ပေးပါလား'

'ငါ့အိမ်ဆို သူတို့ မလာရဲကြဘူး၊ ငါ့အစောင့်တွေက ရိုက်ထုတ်တာကိုး၊ အင်း… ခြေကြွခ များများရမယ်ဆိုရင်တော့ စိုးကြီးအိမ်မှာ ငါ ခေါ်ပေးလို့ရတယ်'

'ပေးပါ့မယ်၊ ကြိုက်သလောက်သာ ကောင်းပါ'

'အေး… ဒါဆို မှောင်ခါနီးကျရင် ငါ လာခဲ့မယ်'

ကြီးတော်စန်းက ငှဲ့ထားတဲ့ခွက်ကို ခွပ်ခနဲ ေ ာက်မော့ လိုက်တယ်။

'ဟင်… ရေနွေးတွေ'

'ဟုတ်ကဲ့… ခုနက ကိုကြီးကျော် ကိုယ်ပေ‌ယာင်ပြီး သူ့အရက်ပုလင်း မေ့ကျန်ခဲ့လို့ဆိုပြီး ကောက်မော့သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့အစွမ်းနဲ့ ရေနွေးတွေ ပြန်လုပ်ပေးခဲ့တာနဲ့ တူတယ်၊ ကြီးတော် မူးနေမှာစိုးလို့ စေတနာနဲ့'

'သဘောပေါက်ပြီ၊ ပေါက်ပြီ၊ ချက်ဆို နားခွက်က မီးတောက်ရုံမဟုတ်ဘူး၊ မီးလောင်ပြာကျပြီးသား၊ ခင်စန်းကို ဒီလိုစမ်းရင် ဟင်း… ဟင်း… ဟင်း…'

'ဘာ… ဘာဖြစ်… သွားမှာလဲဟင်'

'ကိုကြီးကျော် လွမ်းခန်းရောက်သွားမှာလား'

'ဟင့်အင်း… ရေနွေးကြမ်းပဲ ဆက်သောက်ပစ်လိုက်မယ်လို့ ပြောတာ'

ဝါးဟားဟားနှင့် အဖွဲ့ကျသွားကုန်၏။ ဒေါ်ခင်စန်းက…

'ရှူး… တိုးတိုး၊ ဖြည်းဖြည်းရယ်ကြပါဟဲ့'

'ဘာဖြစ်လို့လဲ၊ ကိုကြီးကျော် ကြာမှာစိုးလို့လား'

'ဟုတ်ဘူး၊ ငါ့အိမ် လှုပ်စိလှုပ်နဲ့လေး နင်တို့ ကြမ်းကြမ်းရယ်သံကြောင့် ပြိုကျသွားမှာစိုးလို့ဟေ့'

✣ ✣ ✣





စိုးကြီးတို့ အိမ်ပြန်ရောက်တော့ အရင်ရောက်နှင့်နေသူက ဝင်းမြဆွေ။ စိုးကြီးရဲ့ မိန်းမနှင့် အတင်းတုပ်နေကြ၏။ စိုးကြီးက ထင်းခွဲနေ၏။

'ဒေါ်ခင်စန်းက ဘာတွေဟောလိုက်သလဲ'

'ခင်ဗျား အိမ်နောက်က မအူပင်ကြီးမှာ စုတ်ဖွားသရဲ ရှိတယ်တဲ့၊ အဲဒီ သရဲဆီမှာ ဂျပုမ ကပ်နေတယ်လို့ ဟောတယ်'

'ပေါက်ကရတွေကွာ… သရဲရှိရင် တို့မိသားစု ဘယ်မှာ နေလို့ရမှာလဲ၊ ဒေါ်ခင်စန်းကတော့ မဟုတ်တာတွေ ခပ်တည်တည်နဲ့ အုပ်ထည့်လိုက်ပြန်ပြီ'

'ဟုတ်၊ မဟုတ် ညကျမှ စောင့်ကြည့်ရုံပဲ၊ ဒေါ်ခင်စန်း ကိုယ်တိုင် ဂျပုမကို လာခေါ်ပြမှာတဲ့'

စိုးကြီး ခေါင်းကုတ်သွား၏။ သူ့ယောက္ခမနှင့် မိန်းမဖြစ်သူက ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်။

စိုးကြီး မိန်းမက စိုးကြီးကို အခဲမကြေထားတာ တစ်ခု ရှိ၏။ ခါးလယ်မကရှည်သော သူမရဲ့ ဆံပင်ကြီးကို သူမ အိပ်ပျော်နေတုန်း စိုးကြီးက ဖြတ်ပြီး မြိုင်သာယာမြို့ပေါ် သွားရောင်းပစ်၏။ ရတဲ့ငွေ ဘီယာသောက်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ နိုးလာတော့ အကြီးအကျယ် ပေါက်ကွဲပါလေရော။ ကွဲမယ်၊ ကွာမယ်လုပ်လို့ မနည်းချော့ထားရ၏။ အဲဒီကတည်းက ဘုန်းဘောင်းသာ စကားပြောတော့၏။

ဘေးလူတွေကတော့ ပြောကြရှာပါတယ်။

ခေါင်းတုံးတုံးလေးတာပဲ စိုးကြီးကို ကျေးဇူးတင်တဲ့။ စိုးကြီးခများ ငွေပြတ်ရင် သူ့ယောက္ခမ ကိုသန်းရဲ့ ဂန်ဖလားပါ မချန် ချစ်ဆွေကြီးဆိုင်မှာ အရက်နဲ့ လဲသောက်ပစ်၏။ ချစ်ဆွေကြီးက ဘာမဆို လာထား။ သူ့အိမ်အတွက် အသုံးဝင်မယ့်ဟာမှန်သမျှ အရက်နှင့်လဲ၏။

'ငါ့အိမ်ပေါ်မှာဆိုရင်တော့ မဖြစ်ဘူးထင်တယ်။ ငါ့မိန်းမဆီ ခွင့်တောင်းကြည့်ကြကွာ'

စိုးကြီးမိန်းမနဲ့ ဝင်းမြဆွေတို့ ရေကပြင်မှာ ပြောဆိုနေကြ၏။ ဂျိုကာတို့ အနားရောက်သွားတော့…

'ခေါ်ခင်စန်းဆီ လမ်းညွှန်ပေးတာ ကျေးဇူးတင်ပါတယ် မဝင်းမြဆွေ'

'မလိုပါဘူး၊ ခင်ဗျား ကျေးဇူးဆိုတာကြီးက ကိုက်စားလို့လည်း မရ၊ ဖုတ်စားလို့လည်း မရနဲ့'





'ဒါဆို လက်ဖက်ရည်ဖိုး ပေးပါ့မယ်'

'လက်ဖက်ရည်တိုက်ချင်ရင်တော့ ကနီနဲ့ ချမ်းသာရွာကိုကူးတဲ့ တံတားလေး ဒီဘက်ထိပ်နားက အဖိုးကြီးလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်လိုက်တိုက်'

'တိုက်မယ်ဗျာ'

အဖိုးကြီးရဲ့ ကျေးလက်ကဖီးဆိုင်ကို အဖွဲ့လိုက် ရောက်လာကြ၏။ စိုးကြီးတို့ မိသားစုကတော့ ဝါးတီးပေးကြတာပေါ့။ လက်နှစ်ဖက် မုန့်နှစ်ခုကို ပြိုင်ကိုက်ဝါးတော့တာပဲ။

ဝင်းမြဆွေကလည်း အားမနာတမ်းကို လွေးတာ။ လက်ဖက်ရည် တစ်ယောက် သုံးခွက်နှုန်း။

ဒါတောင် လက်ဖက်ရည်က အဖန်ရည်သာသာလေး ချိုတာ၊ မဖျော်တတ်ဘဲနဲ့ ဖျော်ထားတဲ့ အရည်ကျဲ။

စိုးကြီးမိန်းမကိုလည်း လက်ဖက်ရည်တိုက်ပြီး ညဘက်လုပ်ချင်တာလုပ်ခွင့်ရဖို့ မျက်နှာချိုသွေးရသေးတယ်လေ။

ဝတုတ်မလေးကလည်း ပလုတ်ပလောင်းနဲ့၊ နှာခေါင်းတွေ နှိုက်လိုက်၊ လက်ဖက်ရည်ခွက်ထဲ လက်ထည့်ဆေးလိုက်။ အဲဒီခွက်ကို စိုးကြီး သောက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'အပျိုကြီးဟာက နည်းနည်းလေးတယ်ဗျာ'

'ဟဲ့... ဘာပြောတာတုံး စိုးကြီးရဲ့၊ ဘယ်ငါ့ဟာလဲ'

'လက်ဖက်ရည်ကို ပြောတာပါ၊ ပြန်ပေါ့ပေးဗျာ'

'အလွယ်လေး... ရေနွေးရောပေးမယ်'

'သကြားနဲ့ နို့ဆီလည်း ထပ်ထည့်ဗျာ'

'တန်သလောက်ပဲဟေ့'

'နှပ်ချေးကို ငါးပိလုပ်စားတဲ့ အပျိုကြီးနော်'

ဂျိုကာနဲ့ ဂေါ်လီတို့ကတော့ တုတ်ထိုးအိုးပေါက် ပြောနေကြတဲ့ ကျေးလက်အပြောအဆိုတွေကို နားထောင်ပြီး ဝင်းမြဆွေလေးကို ကြိတ်ငေးနေမိကြလေရဲ့။

ဟိုတုန်းက ပွေ့ရှုပ်ခဲ့သမျှ ဝင်းမြဆွေလေးကို မတွေ့ရ။ စိုးကြီး ပြောတော့ ဇလွန်က အမျိုးအိမ်မှာ ကျောင်းသွားတက်နေတာတဲ့။ ရှစ်တန်းနဲ့ ကျောင်းထွက်လာတာတဲ့။ ဂျိုကာတို့ ရောက်တုန်းက ဇလွန်ရောက်နေချိန်တွေပေါ့။

'ဟေ့... ဂျိုကာ၊ ဝင်းမြဆွေလေးကို ကြိုက်နေပြီလား'

စိုးကြီးမိန်းမက တဲ့ပဲမေးတယ်။ ဝင်းမြဆွေက ပြုံးနေတယ်။ ပါးလေးနှစ်ဖက် ရဲရဲတက်လို့။





'အဟဲ... ဟဲ...'

'ဂေါ်လီကလည်း ဝင်းမြဆွေကို ကြိတ်ပိုးနေတာပဲ၊ ကျုပ်သိတယ်နော်'

'အဟော်... ဟော်...'

'နှစ်ယောက်ပြိုင် ဖြစ်နေပြီ၊ ထသတ်ပြီး လုကြပါလား'

'ခင်ညာ'

'ဟောဂျာ... ဟောဂျာ'

ဝင်းမြဆွေက စိုးကြီးမိန်းမရဲ့ ပေါင်ကို ဆွဲဆိတ်ပြီး...

'အစ်မကလည်း ဘာတွေပြောနေမှန်းလဲ မသိဘူး'

'အိုအေ... ဒါတွေကို စိတ်ကုန်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သီလရှင်ဝတ်နိုင်တာလည်း မဟုတ်ဘဲနဲ့၊ စောစောစီးစီး လင်ယူသားမွေးထားလိုက်တော့ ကိစ္စပြီးရောပေါ့'

ဝင်းမြဆွေ ရှက်ပြီး ထလစ်ပြေးလေပြီ။

စိုးကြီးက...

'ဒီမိန်းမ ဘာတွေပြောမှန်းလဲ မသိဘူး၊ နင့်ဟာက အထာလေး ဘာလေးလည်း ထားဦးမှပေါ့၊ ကိုယ်ပြောချင်ရာ ဒွတ်ပြောနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ်လေး… ကျုပ်က အောင်သွယ်ပေးတာပါ၊ ရှင့်သူငယ်ချင်းတွေ ဒီရွာသားဖြစ်အောင်လို့ပါ'

'အဲဒါဆို ဘာလို့ ရန်တိုက်ပေးတာလဲ'

'အမြင်ကတ်လို့၊ ရှင့်ကိုပေါင်းပြီး သုံးယောက်ပေါင်း လောင်းကျော်တတ်တာတွေ အမြင်ကတ်လို့'

ဒီမှာတင် ဂေါ်လီက…

'ကြိုက်သလို အမြင်ကတ်ပါ၊ ဒါပေမဲ့ ဒီညတော့ ပ ကိစ္စလေး လုပ်ခွင့်ပေးပါဗျာ'

စိုးကြီးရဲ့ မပေါသီတစ်ယောက် အဖန်ရှည်သောက်ပြီး အကြံတွေပေါက်မလားလို့ စဉ်းစားသွား၏။ ဒီနောက် ဆတ်ခနဲ နောက်ဘက်ထသွားပြီး ရှူးရှူးသွားပေါက်တော့၏။

✣ ✣ ✣

ညရောက်တော့ ဒေါ်ခင်စန်း ရောက်လာတယ်။ ဦးသန်း အိမ်ရှေ့က ဖြတ်တော့…

'ဟော့… ခင်စန်း၊ ဘာလာလုပ်တာလဲ'

'အကြောင်းရှိလို့ပေါ့ တော်'





'ဘာအကြောင်းလဲ'

'တော့်သမက် စိုးကြီးကိုသာ ခေါ်မေးကြည့်'

'စိုးကြီး ဟုတ်စ၊ ဒီကောင် ဘာတွေရှုပ်ပြန်ပြီလဲ မသိဘူး၊ ဟော့… စိုးကြီး၊ ခေါ်ကြစမ်း စိုးကြီးကို'

ဦးသန်းခေါ်လို့ စိုးကြီးလည်း အကြောင်းစုံ သွားရှင်းပြရတယ်။ ဦးသန်းက ဒါမျိုးတွေ ဝါသနာပါတာ မဟုတ်ဘူး။ လွှတ်ကြိမ်းနေရော။

ဒေါ်ခင်စန်းကတော့ ဂျိုကာတို့ကိုခေါ်ပြီး အိမ်နောက်ဘက်က မအူပင်ကြီးဆီ သွားတယ်။

'ဟဲ့… နင်းမိပြီဟ'

'ဗြဲ…'

'ဟိုမှာ တစ်ထုပ်၊ ဒီမှာ တစ်ထုပ်၊ ရှောင်ကြဟော့… ရှောင်ကြ'

'ဘာတွေလဲဗျ'

'မိုင်းတွေ'

'ဘာမိုင်းလဲ'

'အီးမိုင်း'



www.burmeseclassic.com

www.burmeseclassic.com



‘စိုးကြီးတို့ကတော့လေ ပါပြီး နောက်ဘက် ပါဆယ်ထုပ်နဲ့ လွှင့်ပစ်ထားတယ်’

‘အဲဒါ ကျွန်မသမီး ဝတုတ်အီအီးတွေပါ’

စိုးကြီးမိန်းမက ဝင်ရှင်းပြတယ်။

ဝင်းမြဆွေကတော့ ပေါ်မလာတော့ဘူး။

မအူပင်ကြီးကို သစ်ခက်နဲ့ရိုက်ပြီး ခေါ်ကြတာပေါ့။

ဂျိုကာနဲ့ ဂေါ်လီတို့ကတော့ သူ့အရပ်နဲ့ သူ့ဇာတ်မှာဘေးက ဝိုင်းကြည့်ပေါ့။

မခင်စန်းရဲ့ ဟန်ဆောင်ပြကွက်တွေလို့လဲ အောက်မေ့မိပါရဲ့။

ဂျပုမက သေလို့ ဘယ်လောက ရောက်နေမှန်းပင် မသိ။ ဒေါ်ခင်စန်းက အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ စားပွဲခုံဝိုင်းလေး တင်ထားတယ်။

‘ခုံကိုင်မယ့်လူပဲ ကွပ်ပျစ်ပေါ် ထိုင်ကြ၊ ခုံကိုင်ပြီးရင် စည်းချမယ်၊ ခုံလှုပ်လည်း မလွှတ်နဲ့နော်၊ လွှတ်ရင် စည်းပေါက်ပြီ၊ ကြောက်ရင် နောက်ဆုတ်၊ ဒါပဲ’

အတည်ပေါက်ကြီးနဲ့ဆိုတော့ လူရှိန်တာပေါ့။





ဂျိုကာ၊ ဂေါ်လီ၊ ဒေါ်ခင်စန်းနဲ့ စိုးကြီးတို့ ခုံကို ကိုင်ထားတယ်။

စိုးကြီးမိန်းမကတော့ ဝတုတ်လေး လန့်မှာစိုးလို့ ကလေးခါးထစ်ခွင်ပြီး ဦးသန်းအိမ် လစ်ပြီလေ။

အလယ်မှာ ဖယောင်းတိုင်တစ်တိုင်ပဲ ထွန်းထားတယ်။ နောက်ကျောဘက် ပတ်လည်က မှောင်မည်းနေတယ်။

ကျောချမ်းလိုက်တာမှ။

လက်နှစ်ဖက်နဲ့ ခုံကိုကိုင်ပြီး လေးပွင့်ဆိုင် ထိုင်ကြတယ်။ ဒေါ်ခင်စန်းကတော့ သစ်ခက်နဲ့ ခုံကိုရိုက်ပြီး ဘယ်ဘာသာစကားတွေမှန်း မသိဘူး ရွတ်ဆိုနေတယ်။ မသိရင် ဂြိုဟ်သားတွေကို အော်ဆဲနေသလိုပဲ။

သိပ်မကြာဘူး။

စားပွဲခုံဝိုင်းလေး သိမ့်ခနဲ လှုပ်သွားတယ်။

နောက်တော့ ဆတ်ဆတ် ဆတ်ဆတ်နဲ့ လျှောင်လှုပ်သလိုလှုပ်လာတယ်။ ဒေါ်ခင်စန်းက လှုပ်ရင်လည်း ကျန်တဲ့လက်တွေလိုက်လှုပ်မှာပဲ။ တစ်ခုံတည်း ကိုင်ထားကြရတာကိုး။

‘ရောက်လာပြီ၊ ဂျပုမ ရောက်လာပြီ’



www.burmeseclassic.com

www.burmeseclassic.com



မခင်စန်းနဲ့ စိုးကြီးတို့ နေရာချပေးထားတဲ့ နေရာမှာ ခေါ်တဲ့ အကောင်ပလောင် ထိုင်ပေါ့လေ။

ဆိုက်ကိုနည်းအရ ကြည့်ရင် စိတ်လှုပ်ရှားဖွယ်ရာပါပဲ။

'ဂလုပ်… ဂလုပ်… ဒုတ်… ဒုတ်… ဒုတ်…'

ခုံက သိသိသာသာ ကြမ်းကြမ်းတမ်းတမ်း လှုပ်လာတယ်။ ဂျိုကာနဲ့ ဂေါ်လီတို့တောင် လန့်ချင်လာပြီ။ လက်တွေ ဆတ်ဆတ်တုန်နေတာကိုး။

စိုးကြီးဆို ကြောက်လွန်းလို့ မျက်နှာမှာ သွေးမရှိတော့ဘူး။ မျက်နှာ နေလောင်ထားလို့ မည်းနေတာတောင် ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။

'ဂျူပမ ရောက်ရင် ခုံကို နှစ်ချက်ခေါက်ဟေ့၊ ငါ့အမိန့်'

မခင်စန်းက ပြောတော့…

'ဒေါက်… ဒေါက်…'

မခင်စန်းရဲ့ လက်ချောင်းတွေထဲက လက်မသာ ခုံပေါ်မှာ ကျန်လက်ချောင်းတွေ ခုံအောက်မှာ။

မခင်စန်းရဲ့ လက်ချောင်းနဲ့ ခေါက်တာလည်း ဖြစ်နိုင်တာပဲ။





'ဟုတ်ပြီ၊ ရောက်ပြီ'

'နင် ဘယ်မှာနေသလဲ၊ နောက်ဖေးက မအူပင်ကြီးမှာလား၊ ဟုတ်ရင် နှစ်ချက်ခေါက်'

'ဒေါက်… ဒေါက်…'

စိုးကြီးက တုန်ဆတ်အောင် ကြောက်နေပြီ။ ဂျိုကာတို့လည်း ဇောချွေးပြန်ကုန်ကြပြီ။

မှင်မပျက်ဘဲဆိုလို့ ဒေါ်ခင်စန်းတစ်ယောက်ပဲ ရှိသေးတယ်။

ခုံလှုပ်တာလည်း ရပ်သွားပြီ။ တစ္ဆေဂျူပမနဲ့ အင်တာဗျူးခန်း ရောက်နေပြီလေ။

ဒေါ်ခင်စန်း အလိုအရဆိုရင် ကွက်လပ်နေရာမှာ ဂျူပမ ရောက်နေပြီပေါ့။

ဂျိုကာက…

'ဂျူပမ ရောက်ရင် သူ့ကိုယ်ပုံကို ဖော်ပြပေးပါ'

'ဟဲ့… ဖြစ်မလား၊ သူ့ဟာက ပုံဆိုးပန်းဆိုးကြီး'

'ဘာပဲဖြစ်ဖြစ် မြင်ရအောင်ပြပါ'

'မမြင်အပ်တဲ့ ပုံကြီးဟဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်မှာပဲဗျာ'

'ဟင့်အင်း… ငါ မကြည့်ရဲဘူး'

'စိုးကြီးကလည်းကွာ'

'ဟဲ့… ငါဆရာ ပြောနေတယ်၊ ဒါမျိုးက မြင်သင့်တာ မဟုတ်ဘူး၊ အစွယ်တင် လက်လေးသစ်လောက် ထွက်နေပြီး မျက်လုံးက ကွမ်းသီးလောက်ရှိတယ်'

'အီး… ဟီး… ကြောက်တယ်၊ ကျုပ် ပြန်ထွက်မယ်ဗျာ'

'ဟာ… စိုးကြီး၊ စည်းမဖောက်နဲ့လေ'

'မသိဘူးကွာ၊ မင်းတို့ကလည်း မကြည့်ပါနဲ့ဆိုမှ'

'အေးပါ၊ မကြည့်တော့ပါဘူး'

'အပုပ်နံ့ကြီး နံတယ်ကွာ၊ အော်ဂလီဆန်ချင်စရာကြီး'

စိုးကြီး လေပျို့နေပြီ။ အပုပ်နံ့ကြီးကလည်း လေဝှေ့လိုက်ရင် ထောင်းခနဲ ထောင်းခနဲပဲ။

'ကဲ… ဂျပုမကို ဘာပြောချင်တာလဲ၊ ပြော'

ဂျိုကာက ပြောပြီပေါ့။

'ဂျပုမရယ်… နင် အသက်ရှင်တုန်းက နင့်ကို ငါတို့





လှည့်စားမိသလို ဖြစ်ခဲ့တယ်ဟာ၊ အဲဒါကို ငါတို့ စိတ်မကောင်းဘူး၊ နင်က ငါတို့ကို စောင့်ရင်း အရပ်ရှည်အောင် လျှော့ကျင့်ရင်း အများအပြောကို ခံရင်းနဲ့ နင် သေဆုံးခဲ့ရတယ်၊ အဟင့်… ရှုတ်… ငါတို့ စိတ်မကောင်းဘူးဟာ၊ အရမ်းဝမ်းနည်းမိတယ်၊ ဒါကြောင့် အလာနောက်ကျတဲ့ ငါတို့ နင့်အတွက် အလှူအတန်း လုပ်ပေးချင်တယ်၊ နင် ဘာလှူစေချင်သလဲ၊ ပြော'

'ကဲ… ပြောလိုက်လေ ဂျပုမရဲ့'

'နင်တို့နှစ်ယောက်စလုံးကို ငါလိုချင်တယ်၊ နင်တို့ ဒီရွာက မပြန်နဲ့၊ ပြန်ရင် ကုပ်ချိုးစားမယ်'

'အောင်မယ်လေး… ဒါ… ဒါ ဂျပုမရဲ့အသံ၊ ဂျပုမ ပြောလိုက်တဲ့ အသံကြီးဗျ'

'ဟုတ်တယ်၊ ကျုပ်လည်း နားစွဲနေတာ၊ ဂျပုမမှ ဂျပုမပဲ'

'ဂျပုမ တကယ်ရောက်နေတာကိုး'

ဂျိုကာတို့ လန့်ဖျပ်ပြီး မခင်စန်းအနားကို ပြုံကပ်ဖို့အပြင်မှာ…

'လုံးဝမထနဲ့၊ ငါ ရှိတယ်၊ မကြောက်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ဟား…'

'ဟင်… ဒါ ဂျပုမရဲ့ ရယ်သံပဲ'

'ဟီး… ဟီး… ဟီး… ဟီး…'

'အီး… အစစ်ပဲ၊ ဂျပုမ ရယ်နေတာ'

ဂျိုကာ၊ ဂေါ်လီနဲ့ စိုးကြီးတို့ အသားဆတ်ဆတ်တုန်အောင် ကြောက်နေကြပြီလေ။ မျက်လုံးတွေတောင် ရဲရဲမဖွင့်ရဲတော့ဘူး။ နောက်ကျောကလည်း အေးခနဲ၊ လှပ်ခနဲ။

'နင်တို့ ဘယ်လိုဖြစ်နေတာလဲ၊ ဒီအသံလေး ကြားတာနဲ့ စည်းပေါက်ရင် အကုန် ဒုက္ခရောက်ကုန်မယ်၊ စိတ်ထိန်းထား၊ ဟဲ့… ဂျပုမ၊ ဘယ့်နှယ် ကိုယ်ကို ဖွင့်ပြရတာလဲ'

'သူတို့ မြင်ချင်တယ်ဆိုလို့ပါ'

ဆံပင်စုတ်ဖွား၊ အင်္ကျီဖားလျား၊ ဝက်စွယ်လို ကြွေးကြွေး ကြီး ပါးထဲကထွက်ပြီး လျှာနီကြီးတန်းလန်းနှင့် ဂျပုမရဲ့ပုံစံကို မရဲတရဲ ခိုးကြည့်လိုက်ပြီး…

'အောင်မယ်လေး… ကယ်တော်မူကြပါ'

'သရဲ… သရဲ… ဂျပုမသရဲမကြီး၊ အီး… ဟီး…'

'ကယ်ကြပါဗျို့၊ ကြောက်စရာကြီး'





သုံးယောက်သား ထခုန်ပြီး အမြန်လစ်ပြေးကုန်ကြတော့တယ်။ ကိုသန်းက လှမ်းအော်မေးပေမယ့် ဂျိုကာတို့ကတော့ အကြောက်လွန်ပြီး ဘုန်းကြီးကျောင်းရောက်အောင် သုတ်ခြေတင် ကုန်ကြပြီလေ။

'ဟဲ့ကောင်တွေ… စည်းပေါက်ပြီ၊ ဟဲ့ကောင်တွေ… အောင်မယ်လေး… ငါ နာပြီ'

ဒေါ်ခင်စန်းရဲ့ ခုန်ပေါက်အော်ဟစ်သံကြီးသာ ပွက်လော ရိုက်ပြီး ကျန်ရစ်ခဲ့တော့၏။

ကန္တီရွာထိပ်က ဘုန်းကြီးကျောင်းရောက်တော့ သုံးယောက် သား သေလုမျောပါး မောနေကြပြီလေ။

ဘုန်းကြီးကျောင်းက ပရိတ်ရေ ဖွန့်သောက်လိုက်တော့ မှပဲ ပုံမှန်အခြေအနေ ပြန်ရောက်သွားတော့တယ်။

စိုးကြီးတစ်ယောက် သူ့အိမ်သားတွေအတွက် စိတ်ပူရ မှန်း သိလာတယ်။

'တော်ကြာ ဂျပုမတစ္ဆေက ခြံထဲက ပြန်မထွက်ဘဲ သောင်းကျန်းနေရင် ဒုက္ခ'

'မပူပါနဲ့ဗျာ၊ သရဲက ဦးသန်းရဲ့ ချောင်းဆိုးသံ စက်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပစ်သလို ဆိုးတဲ့ဒဏ်ကို မခံနိုင်ပါဘူး'

'ဟုတ်တယ်၊ လွှတ်လပ်ရေးရပြီးကတည်းက သိမ်းထားတဲ့ ဓားကြီးလည်း ရှိသေးတာပဲ'

'ဘယ်ကလာဗျာ… လျှောက်ပြောနေတယ်၊ လွတ်လပ်ရေးခေတ်တုန်းက လမ်းမှာ ကောက်ရတဲ့ ဘလိတ်ဓားကို ပြောနေတာဗျ'

'ဦးသန်းရဲ့ သမိုင်းဝင်ဓားဆိုတာ ဘလိတ်ဓားကိုး'

ဝိုင်းရယ်ဖြစ်ကုန်ကြတယ်။ ဘာပဲပြောပြော စိုးကြီးနောက်ကနေ ညကိုးနာရီလောက်မှာ ပြန်လိုက်လာကြတယ်။ ဦးသန်း အိမ်ရှေ့မှာတော့ ရွာသားတွေ ရုတ်စု ရုတ်စုနဲ့။ စိုးကြီးကိုလည်း မြင်ရော ဦးသန်းက ခုနစ်သံချီ ကြိမ်းဝါးတော့တာပဲ။

စိုးကြီးမိန်းမကလည်း စိုးကြီးကို ထုတော့တာပေါ့။ ကျောကုန်းကို ထုတာပါ။

အဖြစ်မှန်ကို နောက်မှ ကြားသိရတာကတော့ ဒေါ်ခင်စန်းတစ်ယောက် အရိပ်မည်းမည်း အဖော်တစ်ယောက်နဲ့ ခြံဝိုင်းထဲက ပြန်ထွက်သွားတယ်တဲ့။ စိုးကြီးတို့အော်သံကြောင့် ဘေးအိမ်ကလူတွေ ရောက်လာကြတာလေ။





ဦးသန်းက လေးခွနဲ့ ခြံထဲလျှောက်ပစ်နေတယ်။

ကျန်တာတော့ ဘာမှမပစ်ဘူး။ ဂျိုကာတို့လည်း မျက်နှာပူလှပြီ။ သူတို့မကောင်း စိုးကြီးခေါင်း ဖြစ်နေတော့တာကိုး။

'တော်ပြီ… မနက်ကျရင် ပြန်တော့မယ်ဗျာ'

'ဘာဖြစ်လို့လဲ'

'ခင်ဗျား ယောကျ္ာမနဲ့ မိန်းမက မကြည်တော့ဘူး'

'သူတို့က အပေါက်သာဆိုးတာ၊ စိတ်ရင်းကောင်းကြပါတယ်ကွာ၊ အေးလေ… မင်းတို့ ပြန်ချင်လည်း ပြန်ပေါ့၊ ဂျပုမတစ္ဆေကို မြို့သာခေါ်သွားပြီး အစွဲချွတ်ပေးလိုက်တော့၊ ဟူး…'

'ဝင်းမြဲဆွေလေးကိုလည်း ခေါ်သွားချင်တယ်'

'အဲဒါတော့ သူ့အမေကြီးကို သွားပြောတော့၊ တစ်အိမ်လုံးကို အဲဒီကောင်မလေးပဲ ရှာကျွေးနေရတာ'

'မိန်းမယူတာ အပိုဆုအဖြစ် ယောကျ္ာမနဲ့ ဘုစုခရုတွေ ပါရဦးမှာပါလား'

ဂျိုကာတို့နှစ်ယောက် ကွပ်ပျစ်မှာ လှဲနေလိုက်မိတယ်။ ဂျပုမတစ္ဆေရဲ့ ရုပ်ကြီးကို ပြန်မြင်ယောင်ပြီး သွေးလန့်ကာ ဟိုဟိုဒီဒီ လိုက်ကြည့်နေမိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှခြောက်လှန့်တာမရှိမှ ကွပ်ပျစ်မှာ ရဲရဲလှဲရဲတာလေ။

'ငါတော့ အခဲမကျေဘူးကွ၊ ဒေါ်ခင်စန်းကြီးကို ယုံရခက်နေတယ်'

'ဟုတ်တယ် ဂေါ်လီ၊ ငါလည်း ဘဝင်မကျဘူး၊ ဒေါ်ခင်စန်းကြီးက ဆရာမကြီးဆိုတော့ ဂျပုမကို သူ့အစောင့်အရှောက်အဖြစ် မွေးများ မွေးထားသလား မသိဘူး'

'တို့ကို ဒေါ်ခင်စန်းကြီး လုပ်ကြံခြောက်သွားတာလားမသိဘူး'

'ဖျောက်…' (လက်ဖျောက်တီးသံ)

'ငါတို့ ဒေါ်ခင်စန်းကြီးကို တစ်ကျော့ပြန် ပြန်ခြောက်ကြမယ်လေ၊ ငါတို့မှာ သရဲမျက်နှာဖုံးနဲ့ သရဲဝတ်စုံတွေ လက်သည်းတွေ ပါလာတာပဲ'

'အေး… ပြန်ခြောက်မယ်၊ ငါတို့ကိုယ်၌က သရဲတွေဆိုတော့ တကယ့်သရဲတွေနဲ့ ကြုံနေရင်တောင် လာမိတ်ဆက်နေဦးမယ်၊ ကြောက်စရာမလိုတော့ဘူး'

'ဒါဆို ည ၁၂ နာရီ သွားမယ်၊ စိုးကြီးတို့ လင်မယားမသိစေနဲ့၊ တို့ကိစ္စ တို့ရှင်းမယ်'





'အေးပါကွာ… အင်း… ထန်းလျက်တွေ ထိုက်ကြီးတို့ဆိုင်က တစ်ပိဿာလောက် သွားဝယ်ဦးမယ်'

'ရှင်ပုပ္ပချောင်းဆိုးသေအောင်လို့ တစ်ပိဿာ ကုန်အောင်စားမလို့လား'

'မဟုတ်ပါဘူး၊ လမ်းမှာ ခွေးတစ်စီစီဟောင်ရင် ထန်းလျက်ပစ်ကျွေးရအောင်လို့ပါ၊ အဲဒါဆို အိုကေပြီ'

'မင်းအကြံ မဆိုးဘူး၊ ဗွဒ်အိုင်ဒီယာပဲ'

'ချီးကျူးပါ'

'ချေးကျွေးမယ်'

'ထွီ…'

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ည ၁၂ နာရီထိုးတော့ စိုးကြီးတို့လင်မယား ဖက်အိပ်ကုန်ကြပြီ။ ဂျိုကာနဲ့ ဂေါ်လီတို့ သရဲအဝတ်အစားတွေ၊ မျက်နှာဖုံးတွေ၊ လက်သည်းအိတ်တွေ စွပ်ပြီး ခြံထဲက ထွက်လာလိုက်၏။

ဦးသန်းရဲ့ ဟောက်သံက ခလောခလူး ဟူးဟူးဟူးနှင့် မော်တော်ခုတ်မောင်းနေသလား အောက်မေ့ရ၏။ ဒီအချိန်မှာပဲ ဦးသန်း အိပ်ရ၏။

မနက်လေးနာရီထိုးတာနဲ့ ချောင်းတွေ တဟွတ်ဟွတ် ထဆိုးပြီး အိပ်မရတော့။ အဲဒါဆို အိမ်ရှိလူကုန် နိုးပြီ။

ခြံထဲကထွက်တာနဲ့ ခွေးတွေက စဟောင်လေပြီ။ နှစ်ယောက်သား ထန်းလျက်ခဲတွေ ပစ်ပေါက်ကျွေးလိုက်မှ အသံတွေ





တိတ်သွား၏။ ရွှေဘိုစုကနေ ချမ်းသာရွာကိုသွားတဲ့ လမ်းမှာ ချောင်းကူးတံတားကို ဖြတ်ရ၏။

သရဲခြောက်သည်ဟု အလွန်နာမည်ကြီးသော တံတား။ ဂျိုကာတို့နှစ်ယောက် စိုးကြီးကို ခြောက်လှန့်ဖို့ မကြောက်မရွံ့ ...န်းခိုစောင့်ဖူးသော တံတား။ တံတားပေါ်မှာ ကန့်လန့်ဖြတ် အအိပ်မခံသော တံတား။

သရဲနှစ်ကောင် ဝတ်စုံဝတ်နှင့် ဂျိုကာတို့ ဖြတ်လျှောက် လာကြစဉ် ဝါးရုံပင်ကြီးတွေ လေမတိုးပါဘဲနှင့် ကိုင်းညွတ်ကျ လာ၏။

'တက်… တက်… တက်… တက်…'

ဝါးကိုင်းညွတ်ဆွဲသံနှင့်အတူ ဝါးပင်ထိပ်မှာ မည်းမည်း ကောင်ကြီးနှစ်ကောင် ပူးလျက်သားကို ထိတ်လန့်ချောက်ချား ဖွယ်ရာ တွေ့လိုက်ရတော့၏။

'ဂျို… ဂျို… ဂျိုကာ၊ တွေ့… တွေ့လား'

'တွေ့တယ်… မ… မ… မကြောက်နဲ့၊ မှင်မပျက်… စေနဲ့… ရှေ့ဆက်… သွား…'

နှစ်ယောက်သား နောက်ကို လှည့်ကြည့်၊ ဘေးငဲ့ကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကိုပြူးကြည့်နှင့် ထိတ်ထိတ်လန့်လန့် လျှောက်လှမ်းနေရတော့၏။

မည်းမည်းကြီးနှစ်ကောင်က တစ်ကောင်စီခွဲပြီး ချုံပုတ်ထဲကို ခုန်ချသွား၏။ ဆွဲညှတ်ထားသည့် ဝါးတွေ ပြန်ရုန်းမတ်သွားသံ တဖြောင်းဖြောင်း ကြားလိုက်ရတော့၏။

ဂျိုကာနှင့် ဂေါ်လီတို့ ဘုရားတပြီး ဘုရားစာ တွင်တွင်ရွတ်ဆိုရတော့၏။ ဒီအချိန်မှာ ဘွားခနဲ တစ်စုံတစ်ရာတွေ့ရင်တောင် လိပ်ပြာလွင့်တော့မှာ သေချာ၏။

✣ ✣ ✣

BURMESE CLASSIC .com

ဒီတံတားကြီးပေါ်မှာ ဖြစ်ရပ်ဆန်းကြယ်တွေ ဖြစ်နေပြီ။ ဂျိုကာနဲ့ ဂေါ်လီတို့ ရှေ့ဆက်သွားရအခက်၊ နောက်ပြန်ဆုတ်ရအခက် ဖြစ်နေပါလေရော။

'မ… မထူးတော့ဘူး… ဖြတ်ပြေးမယ်ကွာ'

'အေး… မင်း… မင်း… ကလည်း… မကြောက်နဲ့လေ… ကွာ…'

'မင်းသာ ကြောက်လို့ အသံတွေ တုန်နေတာ ဂျိုကာရ'





'ကြောက်တယ်ဆိုတာ ဂျိုကာ့ရာဇဝင်မှာ မရှိဘူး'

'အေး… ငါဆိုတဲ့ ဂေါ်လီကလည်း ကြောက်မွေးပါရင် ဓာဂနာနဲ့ ဆွဲနုတ်ပစ်လိုက်မယ်'

'ဒါဆို မပြေးနဲ့၊ ငါတို့လည်း သရဲတွေပဲ၊ ဝတ်စုံဝတ်ထားဘယ်၊ သူခြောက် ကိုယ်… ခြောက်… ပေါ့ကွာ'

နှစ်ယောက်သား တောင့်မတ်မတ်ကြီးတွေနဲ့ ရှေ့ဆက်အသွားမှာ တံတားတစ်ခုလုံး တစ်စုံတစ်ရာ နောက်ကပြေးလိုက်လာသလို တုန်လှုပ်ယိမ်းခါသွား၏။

နောက်ကို ပြိုင်တူလှည့်ကြည့်လိုက်၏။ တံတားအလယ်မှာ ဆောက်ထားသော ဇရပ်ပေါ်မှ အရိပ်မည်းမည်းလို အကောင်တွေ ဟိုခုန်ဒီကူးနှင့်။

'အီး…ငါတို့တော့ တကယ်သရဲခြောက်ခံနေရပြီ ဂျိုကာရ'

'ဓာဂနာနဲ့ ဆွဲနုတ်ပစ်စမ်း'

'ဓာဂနာ မေ့လာလို့ကွ'

'ခွီးတယ်မှ… ငါ ရှေ့ကသွားမယ်'

'မရဘူး၊ အတူတူသွားမယ်၊ မင်းရဲ့ ရာဇဝင်ကို ဘာလို့အရိုင်းခံနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း ရာဇဝင် မေ့ကျန်ခဲ့လို့ပေါ့ကွ'

နှစ်ယောက်သား အရပ်လေးမျက်နှာ ဖွေဝဲကြည့်ရင်း သရဲမျက်နှာဖုံးကြီး တပ်ထားရတာ ချွေးပြန်လာ၍ ဆွဲချွတ်ပြီး ခေါင်းမှာ ဆောင်းထားလိုက်၏။

တံတား ဒီဘက်ထိပ် ရောက်လာ၏။ ချမ်းသာရှာရဲ့ ဘုရားကုန်းနေရာ။ ဇရပ်တစ်ဆောင်နှင့် စေတီတစ်ဆူ၊ ထန်းပင်ကြီးတစ်ပင် ရှိ၏။ ဒီနေရာကလည်း သိုက်တွေရော၊ ဘာညာ ကွိကွတွေရော စုပြုံနေသော နေရာ။ အခန့်မသင့်လို့ ကံနိမ့်လျှင် ခြောက်တတ်၏။

မှင်စာသရဲဆိုလား၊

ကလေးသရဲဆိုလား ထွက်ထွက်ခြောက်သတဲ့။

ယခင်နှစ်တွေကတုန်းက ကြားဖူးနားဝရှိထားတာတွေပေါ့။

'ဟ... ဟ... ဘာတွေလဲ၊ ကြောင်နက်ကြီးဟ၊ မင်း ခြေထောက်ကြားနဲ့ ငါ့ခြေထောက်ကြားကို တိုးဝှေ့ရစ်ပတ်နေတာ'

'တောကြောင်ကြီးလား မသိဘူး၊ ဒီနားမှာ ကျားလူးတောရှိတော့ တောကြောင်တို့ ယုန်တွေ၊ ဖွတ်တွေ၊ ရှဉ့်တွေ ရတတ်တယ်တဲ့'





'ဟမ်... ဘယ်ကလာ တောကြောင်ရမှာလဲ၊ ပြေး... ပြေးတော့ ဂေါလီရေ၊ ဒါ မှင်စာ၊ လူကို ပတ်နေတာ၊ ခုနစ်ပတ် သာ ပတ်မိသွားရင် လူသေပြီ'

'မင်းကလည်း မြို့သားမဟုတ်တာ ကျနေတာပဲ၊ သီပွဲ နည်းကျနဲ့ ယုံတတ်စမ်းပါ၊ ဘယ်မှာလဲ မင်းရဲ့မှင်စာ'

'ပျောက်... ပျောက်သွားပြီ၊ ဘယ်ရောက်သွားပါလိမ့်၊ ခုနစ်ပတ်ပတ်မိသွားလို့လား၊ ဒါဆို မင်းရော ငါရော သေကုန် ပြီပေါ့၊ ဘယ်လိုလုပ်မလဲ၊ သေလို့သေမှန်း မသိလိုက်ရတဲ့ လူသေ တွေ ဖြစ်နေပြီလား'

'ထပ်... သွားစမ်းပါ ဂေါလီရာ၊ ဟား... ဟော့ကောင် ဘုရားပုရဝုဏ်ထဲက မည်းမည်းပိန်ပိန် ကိုင်းကိုင်းကြီး လှုပ်ယိမ်း နေပါလား။ ဒီတစ်ခါတော့ ငါတို့ကို အပီခြောက်ပြီဟ'

'အေးဟ... ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် တော့ ဖြစ်ကုန်ပါပြီ၊ သရဲမျက်နှာဖုံး ပြန်တပ်၊ အဲဒီကောင်ကြီး ရှေ့ကနေ ခပ်တည်တည်နဲ့ ဖြတ်မယ်'

ဂျိုကာတို့နှစ်ကောင်သား တံတားပေါ်က ဆင်းပြီး ဘုရား ပုရဝုဏ်ထဲကနေ ခပ်တည်တည် ဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်ဒွေ… ရပ်ရှမ်း'

မည်းမည်းပိန်ကိုင်းကြီးက လူစကား မပီကလာဖြင့် ပြောလာ၏။ ဂျိုကာတို့လည်း ယောင်ပြီး ရပ်နေ ပါ၏။ မကြောက်ဟန်ဆောင်ပြီး တောင့်ခံအားတင်းထားကြခြင်းပင်။

'နာ့ဆီကို လာခဲ့၊ လာခဲ့'

မည်းမည်းပိန်ကိုင်း သရဲကြီးက လက်ယပ်ခေါ်နေ၏။ နှစ်ယောက်သား လှုပ်တုတ်လှုပ်တုတ်နှင့် အနားကို လျှောက်သွားလိုက်၏။

ဖွင်းခနဲ ဓာတ်မီးနှင့် အထိုးခံလိုက်ရ၍ မျက်လုံးတွေ ကျိန်းစပ်ပြာဝေသွားရ၏။ ဒီသရဲ ဓာတ်မီးတောင် သုံးနိုင်စွမ်း၏။

'ဟင်… အ… အာ… အောင်မယ်လေးဗျ၊ သ… သတ်… သရဲ… သရဲကြီးတွေ၊ အီး… ဟီး… ကယ်တော်မူကြပါဗျို့'

ဓာတ်မီးနဲ့ ထိုးထားသော မည်းမည်းပိန်ကိုင်းကြီးက ထိတလန့်တကြားဖြင့် ငယ်သံပါအောင် အော်ပြီး တစ်ချိုးတည်း အော်ဟစ်ထွက်ပြေးသွားတော့တယ်။

'ဟော့ကောင် ဂျိုကာ၊ ဒါ လူသံကွ'





'အေး… ငါတို့ကို သရဲအစစ်ထင်ပြီး လန့်အော်ပြေးသွားတာကွ'

'ဒီလူ အာဂလူပဲ၊ ဒီနေရာမှာ ဒီအချိန်ကြီး တစ်ယောက်တည်း လာနေရဲတယ်၊ အရက်နံ့တွေကလည်း ထောင်းထောင်းထနေတာပဲ'

'ကဲ… ပြောနေကြာတယ်၊ မခင်စန်းနဲ့ ဂျူပုမကို တစ်ပြန်အရှုံးလုပ်ပြီး ခြောက်ဖို့ သွက်သွက်လျှောက်စို့'

'ဟုတ်ပါပြီ သရဲကြီးရယ်'

'ကောင်းပါပြီ၊ တစ္ဆေဆယ်လင်ကွာမရယ်'

'ဂိန်… အိန်…'

'အဲဒါ တစ္ဆေအော်သံ မဟုတ်ဘူးကွ'

'မင်း အစမ်း အော်ပြစမ်း'

'အူး… ဝူး… အူး… ဝူး…'

'မင်းဟာက ဝံပုလွေ အူသံကြီး၊ ငါ့အထင် တစ္ဆေအော်သံဆိုတာ ဘူးထွား… ထွား… ထွား…'

'အဲဒါ ၁· ⁰ˢပေါသွပ် ရယ်သံကြီးဟ၊ ဟင်း… ဟား… ဟင်း… ဟား ဒါမျိုးပဲ တစ္ဆေက ရယ်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုယ်တိုင် ကြွားဖူးလို့လား'

'ထင်ကြေးနဲ့ ရမ်းပြောကြည့်တာလေကွာ'

နှစ်ယောက်သား ချမ်းသာရွာနှင့် ကနီရွာကို ခြားထားသော ရိုးချောင်းကျော် ကွန်ကရစ်လောင်းတံတားတိုလေးပေါ်ကို ရောက်လာ၏။

အဝေးဆီမှ အူလိုက်သော ခွေးဟောင်သံတွေက သူတို့ကျောရိုးထဲ စိမ့်ခနဲဖြစ်သွားစေ၏။ ကြက်သီးဖုကြီးတွေ သီးသွားလိုက်ပုံများ ကျောက်ကျောစေ့တွေလောက်ကို ရှိ၏။

ရှေ့နားမှာ မီးအုပ်ဆောင်းလေး မှိတ်တုတ်မှိတ်တုတ်နှင့် တွေ့လိုက်ရ၍ ညကြီးအချိန်မတော် ရွာထဲ သွားလာသူ ရှိနေ၍ သတိကြီးကြီးထားပြီး လမ်းမှာ ရင်ဆိုင်ရပ်နေလိုက်၏။

မီးအုပ်ဆောင်းကိုင်လာသူတွေက မအေးဘုံနှင့် ဘိုးတုတ်တို့ လင်မယား ဖြစ်နေတယ်။ သူတို့သားလေး ဝေယံလွင်ဆိုတဲ့ ငါးနှစ်သားလေးကို ချီပိုးလို့ပေါ့။

'ဟဲ့… ပြုတ်မနူး ဖိုးတုတ်၊ မသာ… သေခြင်းဆိုး၊ နင့်အမေ အိမ်က ဆန်တစ်စိတ် ချေးခဲ့ပါဆိုတာကို မေ့နေရသလား၊ အဲဒီ ဗျိုင်းတွေ ရစ်တွေပဲ အားအားနေ ထောင်နေ၊ အလုပ်ကျ





တော့ လက်ကြောတင်းအောင် မလုပ်ချင်ဘူး၊ နင့်စိတ်ထဲ ထင်ရာလျှောက်လုပ်နေတယ်၊ ကလေးရနေပြီ၊ စီးပွားဖြစ်အောင် သူများယောကျ်ားတွေလို ကြိုးစားပါဆိုတာကို မကြိုးစားဘူး၊ ဘယ်လောက်ပြောပြော မရဘူး၊ အကြောမာတယ်၊ မာလိုက်တာမှ ဘယ်လိုမှ ပြုတ်လို့မနူးနိုင်တဲ့ အမဲရှုတ်လိုပဲ၊ ဒါကြောင့် နင့်ကို ပြုတ်မနူးလို့ခေါ်တာ'

'ဟ… အေးဘုံရ၊ ဗျိုင်းတွေ ရစ်တွေရတော့လည်း နင်ပဲ ဖြိုကားစားတာ၊ အခုလည်း ငါက အငတ်ထားလို့လား၊ နင် မငတ်အောင် ရှာကျွေးနေတာပဲ၊ နင် ချမ်းသာချင်တာနဲ့ ငါက ဓားပြထွက်တိုက်ရမှာလား၊ ယောကျ်ားကို ထောင်ထဲမပို့နဲ့၊ နင်က အလိုရမ္မက်ကြီးတာပဲ၊ နင်ကမှ အေးတဲ့ဘုံကလာတဲ့ အေးဘုံ မဟုတ်ဘူး၊ ပူတဲ့ဘုံကလာတဲ့ ပူဘုံ၊ ပူဘုံ'

'မသာကောင်… တိတ်၊ နင်လုပ်လို့ ငါ ပူပြီးပြီ၊ နောက်ထပ် အပူမခံတော့ဘူး၊ ကလေး အိပ်နေတာ သေချာချီဦး၊ နင့်အမေဆီက ဆန်တစ်စိတ်တောင် ငါ အပြောကောင်းလို့ ရတယ်၊ နင်သာဆို သားကို သမက်ထင် ချွေးမကို သမီးထင်တဲ့ အ[illegible]က်နဲ့ ဆန်ရှိဆိဘူးတစ်လုံးတောင် ပေးမှာမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မအေးဘုံတို့က သူတို့ဖေ သူတို့ကပ်ပြီး ဘေးပတ်ဝန်းကျင်ကို အမှုမထားဘဲ စကားပြောလာ၏။ မအေးဘုံရဲ့ ခေါင်းပေါ်မှာ ဆန်အိတ်ရွက်ထား၏။ လက်တစ်ဖက်က မီးအုပ်ဆောင်းကိုင်၊ ကျန်လက်တစ်ဖက်က ပြောင်းဖူးဖက်လိပ်ကြီးကိုင်ကာ ရဲခနဲ ရဲခနဲ ဖွာပြီး လျှောက်လာနေကြတယ်။ နောက်မှာတော့ ကလေးချီသိပ်ပိုးလာသည့် ဖိုးတုတ်ကတော့ ငြိမ်လျက်သားလိုက်ပါလာတယ်။

အေးဘုံက 'ဖိုးတုတ်ရေ' ဆိုတာနဲ့ ရေရော၊ ရေနွေးကြမ်းရော ပြောင်းဖူးဖက်လိပ်နဲ့ မီးခြစ်ပါ ဖိုးတုတ်က အဆင်သင့်ယူလာပြီးသား။ အဲဒီလို မိန်းမကြောက်ရရှာတဲ့ ဖိုးတုတ်ပေါ့။

ဂျိုကာတို့နှစ်ယောက် လမ်းပိတ်ပြီး ကားကားကြီးတွေ ရပ်နေတာကို ဝင်တိုက်မိတော့မလို့။

'ဟဲ့...၊ ပလုတ်တုတ်၊ ဟဲ့... ရှေ့က ဇာတ်ထဲက ဝန်ကြီးအင်္ကျီလိုဟာမျိုးတွေနဲ့ ဘယ်သူတွေလဲ၊ ဟဲ့... ဟင်... အမ်... အမယ်လေး... သ... သရဲ... သရဲကြီးနှစ်ကောင်'

မအေးဘုံဆိုတာ ဆန်အိတ်တွေ၊ မီးအုပ်ဆောင်းတွေ လွှတ်ချပြီး သားနဲ့ ယောကျ်ားတောင် သတိမရတော့ဘူး။ လာလမ်းအတိုင်း အော်ပြေးလိုက်တာမှ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပေါ့။





'ဘာလဲဟ... ဒီမိန်းမ ဘာအရူးထတာလဲ'

ဖိုးတုတ်က ကလေးချီထားရင်းက သူ့မိန်းမ အော်ပြေးတာကို အထူးအဆန်းဖြစ်ကာ လိုက်ကြည့်နေ၏။

ဂျိုကာက ဖိုးတုတ်ရဲ့ ခေါင်းကို ပိတ်ပုတ်လိုက်၏။

'ဘာလဲဟ... ဘယ်သူလဲ၊ ငါ့ခေါင်းပုတ်တာ'

မီးအုပ်ဆောင်းမှောက်ပြီး ငြိမ်းသွားတော့ အလင်းရောင်မမြင်ရတော့ဘူး။ ဂေါ်လီက လက်ထဲက ဓာတ်မီးနဲ့ သူတို့မျက်နှာတွေကို ထိုးပြလိုက်တော့...

'ဟင်... ငိုး... ခွီး... သနီး... အဲလေ... သရဲကြီး၊ သရဲဂျီးဒွေ၊ အောင်မလေး... ကယ်တော်မူကြပါဗျို့'

ဖိုးတုတ်တစ်ယောက် ကလေးတစ်ဖက်နဲ့ ပုဆိုးမနိုင် ပဝါမနိုင်အောင် ပြေးလိုက်တာများ ဂျိုကာနဲ့ ဂေါ်လီတို့ ကြိတ်ဟားဖြစ်ကုန်ကြတော့၏။

ရှေ့ဆက်သွားတော့ ရွာသူရွာသားတွေ မအေးဘုံတို့လင်မယား အော်သံကြောင့် လန့်နိုးလာကုန်၏။ ဂျိုကာတို့လည်း ခေါင်းစန်း အိမ်ခြံပိုင်းထဲ ရောက်နေပြီမို့ ဝါးပိုးရုံပင်နောက်ထဲ ဝင်ပုန်းနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာလဲ သရဲ၊ ဟုတ်မှလည်း လုပ်ပါ အေးဘုံတို့ရာ၊ အဲဒါကြောင့် ပြောတာပေါ့၊ ဘုရားတရားမြဲပါဆိုတာ တစ်နှစ်နေတောင် ဘုရားတစ်ကြိမ် ရှိခိုးရမှန်းမသိရင်တော့ ဒါမျိုးတွေ ခြောက်လှန့်ခံရတာ ဘာဆန်းသလဲ'

'ဦးဒေါက်လှည်းကြီးကလည်းဗျာ'

'ဟော့ကောင်… ပြုတ်မနူး၊ ဘာလဲ… မင်းက ပိုသာဆိုးသေးတယ်၊ ဟင်း…'

'ဟော့လူတွေ… နေကြဦး၊ ကျုပ်ကိုလည်း ချမ်းသာရွာထိပ် ဇရပ်က သရဲနှစ်ကောင် ခြောက်လွှတ်လိုက်သေးတယ်၊ အေ့… ဇော့…'

'ဘာကွ… မင်းက ဘာသွားလုပ်လို့လဲ'

'ကျုပ်နဲ့ ဖိုးချွန်တို့ လောင်းကြေးစားကြေးလုပ်ပြီး ကျုပ်က ဇရပ်ထဲက တိုင်မှာ ထုံးဆယ့်ငါးချက် သွားသုတ်ပြီတာ၊ ဆယ်ချက်လား သုတ်ရသေးတယ်၊ အော့… ဝေါ့… ဖွီး… အဲဒါ သရဲကြီးနှစ်ကောင်က ကျုပ်ကို ဟူးလားဝါးလားဟီးလားနဲ့ ခြောက်လိုက်တယ်၊ မျက်လုံးကြီးတွေက လက်သီးဆုပ်လောက်ကြီး နှာခေါင်းကလည်း သိမ်းငှက်လိုပဲ၊ အစွယ်တွေနဲ့ ဖြဲကားနေ





တဲ့ ဇရာမပါးစပ်ကြီး လျှာနီကြီးတွေ တစ်လစ်တန်းလန်း၊ အမလေးဗျာ… လန့်သေလောက်တယ်'

ဖိုးလုံးက ယိုင်တိယိုင်ထိုးနှင့် ရှင်းပြနေ၏။

ဝင်းမြင့်က…

'ဟော့… ဖိုးလုံး၊ မူးရင် ပြန်အိပ်ကွာ၊ ဒီမှာ အာရုံနှောက်ရတဲ့အထဲ မင်းကပါ ရောသမမွှေလာမလုပ်နဲ့'

ဒီမှာတင် သိန်းသန်းက ဘုကျကျ ဝင်ပြောတယ်။

'သူ့ဘာသာ ရောချင်ရော မရောချင်နေကွာ၊ သရဲလိုက်ရာကြစို့၊ ကျုပ်က သရဲမကြောက်ဘူး၊ နွားသူခိုးတွေ ဖြစ်မှာပဲ ကြောက်တာ၊ ဖိုးလုံးကို အလေးမထားနဲ့'

'အေ့… ဇော့… ဟော့ရောင်… သိန်းသန်း၊ မင်းနဲ့ ငါက ဖအေတူ မအေတူတွေပါကွ၊ လူကြားထဲ မင်း ငါ့ကို ဒီလိုမချွတ်သင့်ဘူး၊ အခု ကျွတ်ပြီး ငါ့အရှက်တွေ ပိုးစိုးပက်စက် ပေါ်ကုန်ပြီ၊ ခွီး…'

ညီအစ်ကိုနှစ်ယောက်ကို ရွာသားတွေ ဝိုင်းထိန်းပြီး ကနီရွာနဲ့ ချမ်းသာရွာကို ဆက်ထားသော အုတ်စီတံတားဆီ ရွာသားတွေ ဝိုင်းဝန်းထွက်သွားကြပါလေရော။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဝါးရုံအကွယ်ကနေ ထိုင်ကြည့်နေရာက…

'ငါတို့ကို သရဲထင်ပြီး ဝိုင်းရိုက်မှ အခက်၊ ဟန်ဆောင်မနေနဲ့တော့ကွာ၊ အထင်မှားမခံနိုင်ဘူး'

'အဲဒါဆိုလည်း ဒီဝတ်စုံတွေ ချွတ်ထားရမှာလည်း တပင်တပန်းနဲ့၊ ဝတ်လာပြီးမှကွာ'

'ဟော… မခင်စန်းတဲမှာ မီးရောင်တွေ့တယ်၊ သူ့တဲနားကပ်သွားရအောင်၊ လိုရမယ်ရ ဒါတွေဝတ်ထားကြတာပေါ့'

နှစ်ယောက်သား တဲနားရောက်သွားတော့…

'ရှဲ… ရှဲ… ရှဲ… ရှဲ…'

'ရှူး… မခင်စန်း ဘာတွေကြော်နေတာလဲ မသိဘူး'

'ရှီးတယ်မှ နောက်ဖေးရေကပြင် ကြမ်းကြားကနေ သေးတွေပေါက်ချနေတယ်'

'ထွီ…'

✣ ✣ ✣

'သယ်… ရာရာစစ ငါ့အိမ်ကို ဘယ်အနှောင့်အယှက်တွေ ဝင်လာတာလဲ၊ ဘယ်ကအသံတွေလဲ၊ အသံတွေ ကြားနေရ



BURMESE CLASSIC .com



တယ်၊ အသံတွေ ကြားနေရတယ်၊ ကိုကျော်ဆီကလား၊ အကြွေးရှင်တွေဆီကလား၊ အဲလေ… ဟုတ်ပါဘူး၊ ငါ မိစန်းကို လာစမ်းရင် ကျွမ်းပစ်သွားမယ်၊ ဟွန့်…'

မခင်စန်းတစ်ယောက် 'ထွီ'သံ ကြားလိုက်လို့ အိမ်ရှေ့ထွက် ကြမ်းတုပ်လိုက်သေးတယ်။ တဲအိမ်ထဲက ဖွေးဥရဲ့အသံထွက်ပေါ်လာ၏။

'မခင်စန်း… ကျွန်မ… ဘာဖြစ်လို့ ဒီကို ရောက်နေတာလဲဟင်၊ ကျွန်မ… ကျွန်မ…'

'နင့်ကို ရွှေဘိုရွာက တစ္ဆေမဂျပုမ ဝင်စီးနေလို့ ဒီမှာ ငါ ချွတ်ပေးနေတာဟဲ့၊ အခု ကောင်းသွားပြီ မဟုတ်လား'

'ကောင်းပြီ… ရေငတ်တယ်၊ ခေါင်းမူးသေးတယ်'

'ခဏနားလိုက်ဦး၊ ညကြီးမင်းကြီးဖြစ်နေပြီ၊ ညည်းအိမ်ကို ငါလိုက်ပို့မယ်၊ ညည်းအမေကတော့ မျှော်နေမလား မသိဘူး'

'အမေက ပိုက်ဆံမရှိတော့ ငါးပိတွေချည်း အမျိုးမျိုးလုပ်စားနေရတာနဲ့တင် သွေးတိုးရောဂါ စွဲကပ်ခဲ့ရတယ်၊ လူတစ်ယောက်ကောင်းစားဖို့ လူတစ်သန်းလောက် ဒုက္ခဆင်းရဲခံနေရတယ်လေ၊ အမေ ခေါင်းထဲ သွေးတိုးနေရင် မထနိုင်လို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မြန်လာ မလာဆိုတာကိုတောင် မျှော်နိုင်မှာမဟုတ်ပါဘူး'

'အမလေးအေ… ငိုခန်းတော့ မလုပ်လိုက်ပါနဲ့'

'မလုပ်ပါဘူး၊ ကျွန်မ ပြန်မယ်'

'ကျုပ် လိုက်ပို့မှာပေါ့၊ စိုးကြီးတို့ အိမ်ထဲ ညည်းဝင်လာတာ ဘာမှမသိဘူးပေါ့နော်'

'မေ့ခနဲဖြစ်ပြီး ဒီရောက်မှ သိရတော့တာပဲ'

'ခင်စန်း ထင်ရင် လွဲခဲတယ်၊ နောက်ကို လာပူးရဲပူးကြည့်၊ ခင်စန်းနဲ့ တွေ့သွားမယ်'

'ဘုန်း…'

ဂျီကာက ထရံကို ပိတ်ထုလိုက်၏။

'ဟဲ့… ဘယ်ကောင်တွေလဲ'

ဂေါ်လီက သရဲတစ္ဆေ လေသံပေါက်အောင် ပြောလိုက်ပုံမှာ…

'ငါ… တို့… ပါ… ဟာ…'

'ဘယ်က ငါတို့လဲ'

'သ… ချိုင်း… ကုန်းက…'

'ဘာ…'





'ဟုတ်… တယ်…'

'ဘယ်သူတွေလဲ'

'သ… ရဲ… တ… စ္ဆေ'

'အောင်မယ်… ရာရာစစ၊ ငါ့လာခြောက်နေသေးတယ်၊ တွေ့ကြသေးတာပေါ့'

မခင်စန်းက နတ်ဆက်တဲ့ ဓားတစ်လက်ကိုကိုင်ပြီး အိမ်ပေါ်က ဓာတ်မီးနဲ့ ထိုးဆင်းလာတယ်။

အိမ်ရှေ့ဆင့်မှာ ရပ်နေတဲ့ သရဲဝတ်စုံနှစ်ယောက်ကို မြင်တော့…

'ချလွမ်…'

'အဟီး… အီး… သ… သ… သရဲကြီးတွေ၊ အောင်မလေး… သရဲကြီးတွေ'

မခင်စန်းတစ်ယောက် လန့်အော်ပြီး နောက်ဖေးရေကပြင်အနေ ခုန်ချထွက်ပြေးပါလေရော။ ဒီတော့မှ မျက်နှာဖုံးတွေချွတ်အပေါ်ဝတ်ရုံတွေကို ချွတ်ပစ်လိုက်တယ်။

'ဝင်းမြဆွေ… ဝင်းမြဆွေ'

'ဟင်… ရှင်… ရှင်တို့…'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမကြောက်ပါနဲ့၊ သရဲတစ္ဆေတွေ မဟုတ်ပါဘူး၊ အယောင်ဆောင်တွေပါ၊ ဝင်းမြဆွေ အိမ်ပြန်တော့၊ နောက်ကို ပူးတာ ကပ်တာတွေ မဖြစ်အောင် ရွာဦးကျောင်းဆရာတော်ဆီမှာ ပရိတ်ကြိုးစွန့်နိုင်းပြီး လည်မှာဆွဲယားလိုက်နော်'

ဝင်းမြဆွေက ထိတ်လန့်ချောက်ချား မျက်လုံးဝိုင်းလေးနှင့် ပြန်ကြည့်ပြီး ခေါင်းညိတ်ပြ၏။ ပြီးနောက် အမှောင်ထဲက် ပြေးဝင်ပျောက်ကွယ်သွား၏။

BURMESE CLASSIC .com

'ဝင်းမြဆွေလေးက ချစ်စရာလေးကွာ'

'အေးကွာ… ငါ အရင်ကြိုက်တာနော်'

'သွားသေပါလား'

'ဟား… ဟား… ကဲပါကွာ၊ ငါတို့ ချမ်းသာရွာဘက က ပြန်လို့မဖြစ်ဘူး၊ ရွာသားတွေ တုတ်၊ ဓား၊ လှံ၊ ဓာတ်မီးတွေနဲ့ အဲဒီဘက်မှာ ဝိုင်းဖွဲ့ရောက်နေကြတယ်၊ ငါတို့ ငါးပတ်အိုင်ရွာဘက်က ပြန်ရင် ပြန်၊ မပြန်ချင်ရင် ချောင်းကို ဖြတ်ကူးပြီး ရွှေဘိုစုရွာကို ပြန်မယ်'

'ကြာတယ်၊ ချောင်းဖြတ်ကူးမယ်ဟေ့'

✣ ✣ ✣



## အခန်း (၈)

'မြို့သားနှစ်ယောက် ပတ်မွှေလိုက်တာနဲ့ ကနီတစ်ရွာလုံး ပြောင်းဆန်သွားတာပဲ'

စိုးကြီး အပြောကြောင့် ဂျိုကာက…

'တိုးတိုးလုပ်ပါ၊ ပေါ်သွားရင် ကျွန်တော်တို့ကို ပြဿနာ လာရှာနေပါဦးမယ်'

'ဘာ အခုမှကြောက်ပါပြီလဲ၊ လုပ်တုန်းကတော့ လုပ်ပြီး…'

'ကဲပါဗျာ… ခင်ဗျားအတွက် ဝန်တာကြီးနေရင်လည်း ကျွန်တော်တို့ မြန်မြန်ပြန်ပါတော့မယ်'

'ညည့်နှင်တာ မဟုတ်ပါဘူး၊ ပျော်သလိုနေပါဗျာ'

စိုးကြီးရဲ့ မိန်းမကတော့ စိုးကြီးရဲ့ ယောက္ခမ အိမ်မှာပဲ သွားနေတာများ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ခင်ဗျားယောက္ခမ ခြံဝိုင်းထဲမှာ နေရတ
အားနာလာပြီဗျာ၊ ငွေရစရာလေးတွေကလည်း သုံးရက်လောက်
စောင့်ရဦးမှာဆိုတော့ ဒီသုံးရက်အတွင်း ခင်ဗျားရဲ့ သခွားခင်
ရှိတဲ့ခြံထဲ ပြောင်းနေမယ်'

'နေလို့ဖြစ်ပါတယ်၊ စားရေးသောက်ရေးကရော'

'ကိုယ့်ဘာသာကိုယ် ချက်စားတတ်ပါတယ်'

'ဒါဆိုလည်း သဘောဗျာ'

'အခုပဲ ပြောင်းမယ်ဗျာ'

'မြန်လှချည်လား'

နေ့တွင်းချင်းပင် ချောင်းဘေးက သခွားခြံထဲ ပြောင်းန
လိုက်၏။ ဒီချောင်းနှစ်ဖက်က ရွာတန်းရှည်၊ ခြံကျယ်ကြီးတွေ
အရိပ်ရသစ်ပင်တွေ အုံ့ဆိုင်းနေလို့ ချောင်းရိုးတစ်လျှောက် အရိပ်
သစ်ပင်တွေနှင့် အုံ့ဆိုင်းနေတတ်တယ်။

ချောင်းရေဟာ အမြဲလိုလို ကြည်လင်စိမ်းမြနေတယ်
ချောင်းဘေး ကမ်းပါးစောက်ကတက်တာနှင့် သခွားခြံကို ရောက်
ပါလေရော။ သခွား ခြံထဲမှာ တဲတစ်လုံး ထိုးထားတယ်။

နေချင့်စဖွယ် ခြံလေးပါ။ ကီလိုမာလကာ၊ သဘော်





ငှက်ပျော၊ ဆီးပင်နဲ့ အခြားသီးနှံစိုက်ခင်းတွေ ဒီပေတစ်ရာပတ်လည် စိုက်ခင်းထဲမှာ ရှိနေတယ်၊ ခြံပတ်လည်ကို ဝါးကိုင်းဖျားတွေနဲ့ ပတ်လည်ကာထားတယ်။

သခွားစိုက်ခင်းတွေက စင်ထောင်စိုက်ခင်းတွေ၊ ပဲစင်၊ ဘူးစင်၊ ကွမ်းစင်တွေလည်း စိုက်ထားသေးရဲ့။ ဒီတဲလေးနဲ့ ဒီခြံကျယ်ကြီးထဲမှာ နေရတာ တကယ့်ဆိတ်ငြိမ်ကမ္ဘာလေးပဲ။ သွားစရာရှိရင် ချောင်းထဲက လှေလှော်သွားရုံပေါ့။ ကုန်းပေါ်မှာလည်း လူသွားလမ်းပေါက် ဖောက်ထားတာ ချမ်းသာရွာရဲ့ ဝါးရုံတောအထိ လမ်းပေါက်တယ်။ အဲဒီလမ်းကနေ ကန်လယ်ဘက် ဆက်သွား။ ရွာဆက်ပေါင်းများစွာ ဖြတ်သွားပြီးရင်တော့ ဇလွန်မြို့ကို ရောက်ရောပဲ။

အရင်က စက်ဘီးနဲ့ ဇလွန်ပြည်တော်ပြန် တန်ခိုးကြီးဘုရားကို သွားဖူးကြတယ်။ ခုတော့ ဆိုင်ကယ်တွေနဲ့ သွားဖူးကြတာပေါ့။ ပျဉ်တစ်ပြားစာလမ်းလေးပေါ်မှာ ဆိုင်ကယ်ကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်ကုန်ကြပြီလေ။

တချို့ နောက်ကတက်စီးတဲ့လူ လှုပ်မိရင်တော့ ဆိုင်ကယ်ရော စီးတဲ့လူနှစ်ဦးပါ ခါးလယ်လောက်မြင့်တဲ့ ချောက်ထဲ ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျပြီး ဖင်ပူးတောင်းတွေထောင်လို့၊ ဆေးရုံရောက်တဲ့လူ ရောက်၊ ကျိုးချင်တဲ့နေရာ ကျိုးတွေ ဖြစ်ကုန်ပါလေရော

'ငါတို့အတွက် နေ့လယ်စာ အသီးအရွက်.. ဘတော့ မပူရဘူး၊ အသားအတွက်ကတော့ ဒီနေရာကို လှည့်ပတ်ရောင်းတဲ့ တောချေးသည် မရောက်နိုင်ဘူး၊ စည်သွပ်ဘူး ဝယ်ကြတာပေါ့'

ဂျိုကာက ဒီလိုပြောတော့ စိုးကြီးက…

'ကြက်စားချင် အိမ်မှာလာယူ၊ လတ်လတ်ဆတ်ဆတ် အိမ်မွေးကြက်ကို စားလို့ရတယ်၊ ဝက်စားချင်လည်း ရတယ်၊ ငါးကတော့ ရိုးမှာ ကျားပိုက်ချထားတဲ့ ရေပ်ဳိတို့ဆီကနေ သွားဝယ်ရုံပဲ၊ ခင်ဗျားတို့ကြိုက်တဲ့ ငါးသလဲထိုးကတော့ မစားချင်အဆုံး၊ ပိုက်ဖော်တာနဲ့ တစ်ပြုံကြီးပါလာတာပဲ၊ မိုးဦးကျတုန်းက ပြောတာပါ၊ ခုတော့ ရှားရောပေါ့'

'ကဲပါဗျာ… ခင်ဗျားမိန်းမဆီ ပြန်ပြီး မျက်နှာပြလိုက်ဦး၊ ကော်ကြာ ပျောက်နေလို့ အသေငေါက်နေဦးမယ်'

'ကျုပ်မိန်းမက နားလည်မှုရှိပါတယ်'

'ပုံလာလာပြောတိုင်းယုံတွေ လုပ်မနေနဲ့၊ အကြောင်းသိတွေပဲဗျာ'





စိုးကြီး ပြန်သွားတော့ ဂျိုကာက အသီးအနှံတွေ လိုက်ဆွတ်နေ၏။

ဂေါ်လီက…

'ကနီရွာထဲက မသန်းနု ကုန်စုံဆိုင်မှာ စည်သွပ်ဘူးနဲ့ လိုရမယ်ရလေးတွေ သွားဝယ်လိုက်ဦးမယ်'ဟု ပြောပြီး လှေတစ်စင်းနဲ့ ထွက်သွားလေရဲ့။

ပဲလင်းမြွေသီးတွေ လိုက်ခူးမိတယ်။ ဝန်ကြီး ပဒေသရာဇာရဲ့ ကဗျာထဲကလို ဟင်းရွက်တွေ သောင်းပြောင်းရောချက်ပြီး ငရုတ်သီးထောင်း၊ ငါးသေတ္တာနဲ့ လွေးလိုက်ရရင် နှာရည်ယိုရှဲ ထမင်းပွဲမြိန်မြိန် ဖြစ်သွားရောပေါ့'

ဒီနားမှာ ငရုတ်ခင်း၊ ဟင်းကလာခင်း၊ ခရမ်းသီး၊ ခရမ်းချဉ်သီးအခင်းလေးတွေ သတ်သတ်စီလည်း စိုက်ထားတယ်။ အချင်းချင်း ခူးပြီး တောချက်ကလေး ချက်စားလိုက်ရင် မြိန်လိုက်မယ့်ဖြစ်ခြင်း။

တောကလူတွေ လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေး စားကြလွန်းလို့ ကျန်းမာကြတာပဲ။ ငါးပိက လူရဲ့အရိုးတွေကို သန်မာစေလို့ သန်စွမ်းကြတာပဲနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



ပဲလင်းမြွေတွေ ခူးနေတုန်း…

'ဘုတ်…'

'အ…'

ဂျိုကာရဲ့ ကျောကုန်းကို ဆီးသီးနဲ့ အပေါက်ခံရတယ်။ ဒီနားက ခြံရှင်တွေက တဲမှာ လိုအပ်မှ လာနေကြတာ။ နို့မို့ ဂူတွေရှိကြတာ မဟုတ်ဘူး။

ဘယ့်နှယ် နေ့ခင်းကြောင်တောင် လူခြေပြတ်လပ်တဲ့ ဒီလိုနေရာမှာ ဘယ်ကနေ ဘယ်လို ဆီးသီးနဲ့ ပေါက်ရတာလဲ။

စိတ်ထင်လို့နေမှာပါ။ ဆီးပင်နဲ့ ခပ်ဝေးဝေးမှာ ခူးနေတာကိုး။ ထူးဆန်းတယ်။ မသိချင်ယောင်ဆောင်ပြီး ဆက်ခူးနေလိုက်တယ်။

'ဘုတ်…'

'အား…'

ခရမ်းချဉ်သီးနဲ့ လှမ်းပေါက်တာ ပခုံးကို ထိသွားတယ်။

'ဟော့ကောင်… ဂေါ်လီ၊ ဒါမျိုးလာမခြောက်နဲ့နော်'

ဆက်ခူးနေလိုက်တယ်။

'ဘုတ်…'





'အီး…'

'ဟင်… သခွားသီးကြီးနဲ့ ပစ်တာ ကျောကိုအောင့်သွားတာပဲ၊ တောက်…'

ဂျိုကာ သည်းမခံနိုင်တော့ဘူး။ ပေါက်တူးကြီးဆွဲကိုင်ပြီး စိုက်ခင်းထောင်ထောင်၊ ချဉ်ပေါင်ပင် ရင်စို့လောက်တွေထဲ ပစ်နေတဲ့ လက်ဖြောင့်တရားခံကို လိုက်ရှာမိတယ်။

သခွားစင်တွေ၊ ကြက်ဟင်းခါးသီးစင်တွေ ရှုပ်ထွေးနေ၍ ဟိုကြားဒီကြား လိုက်ရှာနေရ၏။ ကုန်းနေတုန်းမှာ…

'ဘုတ်…'

'အား…'

မြေကြီးခဲကြီးက တင်ပါးကို လာမှန်၏။ လူကြီးလက်နှစ်ဖက်ဆုပ်စာ မြေကြီးခဲကြီးဖြင့် ကောက်ပေါက်လိုက်ခြင်းဖြစ်၏။ ဒီခြံပတ်လည်ကို ပိုက်စိပ်တိုက်ရှာပြီးပြီ။ လူဆိုလို့ အရိပ်အယောင်တောင် မတွေ့ရ။

ဂျိုကာ လန့်လာ၏။ တစ်ယောက်တည်း တောတောင်ထဲမှာနေရသကဲ့သို့ အားငယ်လာ၏။

'ဂျပုမလား… ငါ့ကို ခဲနဲ့မပေါက်နဲ့လေဟာ၊ ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ကို ချစ်တယ်ဆို၊ ငါပြန်လာတော့ နင် သေနေပြီ၊ ငါ ဘယ်လိုလုပ်ပြီး တတ်နိုင်တော့မှာလဲ၊ နင့်အတွက် ကောင်းမှုကုသိုလ် လုပ်ပေးပါ့မယ်၊ ဒီည ဘာလှူပေးရမလဲဆိုတာ အိပ်မက်ပေးပါဟာ'

ငှက်ပျောတောထဲက သုံး၊ လေးပင်ထဲ လေကွက်ကျား တိုက်သွား၏။ ဒီနေရာကို လာခဲ့မိတာ မှားပြီ။ တဲအိမ်ဆိုတော့ ဘုရားစင် မရှိ။

နေ့မှာ လာလုပ်၊ ညမှာ အစောင့်ထားပေါ့။ ခုတလော ရပ်ရွာအေးချမ်းနေ၍ စိုးကြီးပင် ညလာမအိပ်။

ညနေစောင်းမှ ဂေါလီ ပြန်ရောက်လာ၏။ ချက်ပြုတ်စားဖို့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်တွေအပြင် တိုလီမုတ်စ၊ ဖြုတ်စဗျင်းတောင်းတွေပါ ဝယ်လာ၏။

'ဟောဒါက ချစ်ဆွေကြီးဆိုင်က ထွေးညိုဦးရည်နှစ်လုံး၊ ဒါက အချိုရည်ဘူးလေးတွေ'

'ဟေ့ကောင်... အကြွမ်းတွေမှ ငါ မသောက်တာ၊ အကြွမ်းသောက်တဲ့ အရက်တွေက မသာစော် သိပ်နံတာကွ'

'မင်း မကြိုက်ရင် မသောက်နဲ့၊ ဝီစကီပါတယ်၊ ရက်





လေဘယ်(လ်)၊ ဘလူးလေဘယ်(လ်)တွေတော့ ဒီမှာ မရဘူး၊ ခနုဖြူမှာတော့ ရက်လေဘယ်(လ်)၊ ဘလက်(ခ်)လေဘယ်(လ်)တို့၊ ဟိုင်းကော်မစ်ရှင်နာတို့ တက်ဝယ်လို့ရတယ်၊ ခုပဲ မှောင်တော့မယ်၊ အချိန်မရှိဘူး၊ ရှိတာလေး ကစ်ပေါ့ကွာ၊ ဖိုးလုံးနဲ့ ဖိုးချွန်တို့လည်း လာမှာ၊ ဒီကောင်တွေအတွက် အရက်ကြမ်းတွေ ထားလိုက်ပေါ့'

'အေး... အဲဒါ ကောင်းတယ်၊ အမြည်းကရော'

'ငါးသလဲထိုးကြော်နေလို့ ကြာသွားတာ၊ ဖိုးလုံး ကြော်ပေးလိုက်တာ၊ ငါးမြွေထိုးက ကိုကံစိန် ကြော်ပေးလိုက်တာ၊ အရက်ဦးရည်ကို ရေနွေးကြမ်းနဲ့ မြည်းသောက်တယ် ဆိုတဲ့ ကိုကံစိန်လေကွာ'

'သြော်... ဟုတ်လား၊ ဒါနဲ့ မင်း ငါ့ကို လာနောက်သေးလား'

'ဘာတွေလာပြောနေတာလဲ၊ နောက်ဖို့နေနေသာသာ ယားလို့တောင် မကုတ်အားဘူး၊ လိုအပ်တာတွေကို ထိုင်စဉ်းစားပြီး ဝယ်နေရတာကွ'

'အင်း... ဒါဆိုရင်တော့ ဒီမှာ ထူးခြားနေပြီ၊ ငါ့ကို ခဲနဲ့ပေါက်တယ်ကွ၊ ပေါက်တဲ့လူ ရှာမတွေ့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အထူးအဆန်းတွေ လာလုပ်မနေနဲ့၊ ဟင်းသီးဟင်းရွက်တွေ ရေစင်အောင် သုံး၊ လေးကြော့ ဆေးလိုက်၊ ပိုးသတ်ဆေးတွေ ဖျန်းထားတာ၊ အဲဒါတွေကို အချဉ်ချက်ဖို့ ငါးပိရော၊ မန်ကျည်းမှည့်ပါ ဝယ်လာတယ်'

'မင်းက ဒီလိုနေရာမှာ ထောင့်စေ့တယ်၊ ခဲပေါက်ခံရတာကိုလည်း ထောင့်စေ့စေ့ စဉ်းစားစမ်းပါဦး'

'သစ်ပင်ကြီးတွေပေါ်ကနေ လှမ်းထုတာနေမှာပေါ့၊ ချမ်းသာထဲက. စိုးမောင်ကြီးက သိပ်အနောက်အပြောင် သန်တာ၊ သူနဲ့ ခင်ခင် မခင်ခင် အကုန်လိုက်နောက်တော့တာပဲ၊ သူ့လက်ချက်ဖြစ်မှာပေါ့'

'ဩော်… ဒါဆို ဖြစ်နိုင်တယ်၊ ဒီအတွေးကို ဒီမှာရပ်ပြီး ညစာအတွက် ချက်ပြုတ်လိုက်ကြရအောင်'

ထင်းကတော့ သစ်ခြောက်၊ ဝါးခြမ်းခြောက်တွေ ချိုးဖဲ့ပြီး စိုက်လိုက်ကြ၏။ အိုးခွက်ပန်းကန်တွေကို ဖိုးလုံးဆီက ငှားလာ၏။ အဲဒါတွေနဲ့ ချက်ပြုတ်ကြတာပေါ့။ ရေကတော့ ချောင်းရေသုံးမလား၊ လက်နှိပ်တုံကင် သုံးမလား။

မီးကတော့ ဖယောင်းတိုင်ပေါ့။ အဝေး အနီးဆို ဓာတ်မီးရှိတယ်။ ဒီလောက်ဆို ပြည့်စုံပါပြီ။





ထမင်းအိုးနဲ့ အချဉ်ဟင်းကို ဂေါ်လီက တည်နေတယ်။ ကြာကတော့ ဝီနှစ်ပက်နဲ့ အချိုရည်ရောစပ်ပြီး ကစ်ချကာ ငါးသလဲထိုးကြော်လေးနဲ့ ဆက်ရက်မင်း စည်းစိမ်ခံလို့။

'ဖိုးလုံးကတော့ ဒီည ငါတို့ မြို့သားတွေ လျှာလည်းယံ့ အစားအစာကျွေးမယ်လို့ ပြောတယ်၊ အိကုပ်ကြော်'

'ဟုတ်လား၊ အိကုပ်ကြော်ဆိုတာက ဘာလဲ'

'ပုစွန်ကျေးကို အခွံနွှာထားတဲ့အတိုင်း ဖွေးဖွေးဥတ်…'

ကောင်တွေက နွားချေးထဲမှာ နေတာ၊ စားလိုက်ရင်ကို ဖြတ်သန်းမှာ ဒီအသံဘာပဲ'

'ထွီ… တော်… တော်… ငါက ပေါက်ကရ်ယောက်ားတာမဟုတ်ဘူး၊ မင်းသာ ဖားသား၊ မြွေသား၊ ငါးရှကြွက်သား၊ ဖွတ်သား အကုန်စားတာ၊ ကြောင်သား၊ ခွေးသလွတ်ဘူး'

'အာဟာရရှိအောင် အစုံစားတာပါကွာ'

'သူများအသက်တွေကွာ၊ ကိုယ့်အသားထိတော့ နာတတ်ိုက်တာ၊ သူများ အသားကျတော့ မြိန်ရည်ရှက်ရည်နဲ့'

'မင်းကျတော့ ကြက်တွေ၊ ဝက်တွေ စားပြီးတော့'



www.burmeseclassic.com

www.burmeseclassic.com



'အခု ကြက်သားနဲ့ ငါး၊ ပုစွန်ပဲ စားတော့တယ်၊ နောက်
ဆို ရာသက်ပန် အသားရှောင်တော့မှာ'

ဝေ့ 'ရှောင်နိုင်ရင် ကောင်းတာပေါ့၊ ငါတို့ ဝဝစားရတယ်'

မန်ကျူး ဒီလိုနဲ့ မှောင်မည်းလာလိုက်သည်မှာ ည (၈)နာရီ ထိုး
ဒိုင်အောင်ပင်။ ထမင်းဟင်းတွေ ခူးခပ်တွယ်ပြီးချိန်အထိ
ကိုလည်း အဖွဲ့တွေ ရောက်မလာကြသေး။ စိုးကြီးကလည်း ထပ်
သ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းငြိမ်သက်နေပြီ။
ချမ်းသာထဲက.

✣ ✣ ✣

သူနဲ့ ခင်ခင်

ချက်ဖြစ်မှာ

'၎လှော်တက်သံကြားတယ်၊ ချောင်းဘေးလှေဆိပ်ကကွ၊
ပြီး ညစာ လာပြီနဲ့တူတယ်၊ စကားပြောသံတွေ ကြားတယ်'

ဂေါ်လီက ဓာတ်မီးကိုင်ပြီး ကမ်းပါးအတက်လမ်းကို
ပြီး စိုက်ပြဖို့ ထထွက်သွား၏။

လာ ခဏအကြာမှာ သုတ် သီးသုတ်ပျာနှင့် ပြန်ရောက်လာ၏။
ဖယောင်းတိုင်မီးရောင်အောက် မှာ မျက်စိမျက်နှာ ပျက်နေ၏။

'ဘာဖြစ်လာတာလဲ ဂေါ်လီ'

'အသံသာ ကြားတယ်၊ တစ်ယောက်မှ မတွေ့ဘူး၊





ငါတို့ လှော်တဲ့ လှေတစ်စင်းပဲ ငိုက်စိုက်ကြိုးချည်ထားတယ်'

'ဖြတ်သွားဖြတ်လာလှေတွေ ဖြစ်မှာပေါ့'

'ညအချိန်ကြီး ဒီချောင်းထဲ သိပ်အသွားအလာ မလုပ်ကြ
ဘူးကွ'

'အရေးကြီးလို့ သွားလာကြတာဖြစ်မှာပေါ့'

'အေးပေါ့... အဲဒီလိုပဲ ဖြစ်မှာပေါ့လေ'

'ဝေါ... ဖရော... ရှဲ... ဖရောက်... ဘုတ်...'

မြေကျစ်ခဲလုံးတစ်လုံးက ငှက်ပျောတောကို ဖြတ်သန်း
ပြီး တဲနံရံကို လာမှန်၏။ တိတ်ဆိတ်ငြိမ်သက်ချိန်မှာ ဒီအသံ
လောက်လေးပင် ကျယ်လောင်လှ၏။

ဂျိုကာနဲ့ ဂေါ်လီတို့ တစ်ယောက်မျက်နှာ တစ်ယောက်
အလန့်တကြားနဲ့ အားကိုးတကြီး ကြည့်မိလိုက်ကြ၏။

'ဘာလဲ... ဘာဖြစ်တာလဲကွ'

'ခဲနဲ့ထုတာကွ'

'ဖရော... ဘုတ်...'

ငှက်ပျောရွက်တွေ ဖြတ်သန်းပစ်လိုက်သော ခဲက တဲနံရံ
ကို မှန်ပြန်၏။ ငြိမ်အကဲခတ်နေလိုက်စဉ်...



www.burmeseclassic.com

www.burmeseclassic.com



'ဝှန်း…'

'ဂလောင်…'

'ဠွမ်း…'

'အောင်မလေး… သေပါပြီဟာ'

ဂျိုကာတို့ဝိုင်းကို မြေကျစ်ခဲကြီး ပိတ်မှန်၏။ ဂျိုကာ လန့်ဖျပ်ပြီး နောက်ခုန်ဆုတ်လိုက်မိ၏။ ဂေါ်လီက ခာတ်မီးဆွဲကိုင် တစ်ဖက်က တုတ်ကိုင်ပြီး…

'ငှက်ပျောတော ပတ်ရှာမယ်၊ ခာတ်မီးနဲ့ တုတ်ယူ၊ မင်း က တောင်ဘက်ကပတ်၊ ငါက မြောက်ဘက်က ပတ်ရှာမယ် ဂျိုကာ'

'အေး… သွား… လွန်လာပြီကွာ'

နှစ်ယောက်သား ခာတ်မီးနဲ့ တုတ်တွေဆွဲပြီး ငှက်ပျော တောကို ပတ်ဝိုင်းရှာကြ၏။

ရိပ်ခနဲ ဘေးနားက ဖြတ်ပြေးသွားဟန် အသံတွေက ကြားလိုက်ရ၏။ ချိုးခနဲ ချွတ်ခနဲ နောက်ကပေါ်လာ၍ ဆတ်ခ နဲ လျှည့်ကြည့်၏။ သေချာကြည့်တော့ ဘာမှမရှိတော့။ မြောက် ဘက်မှာ ခာတ်မီးတဝင်းဝင်းနှင့် ဂေါ်လီ ပတ်ရှာနေ၏။





တန်တော့ ချမ်းသာရွာထဲက စိုးမောင်ကြီးပဲလား၊ ဂျပုမ တစ္ဆေပဲလား မသိ။

'ဝေး… ဂျိုကာ၊ ဘာတွေ့လဲ'

✣ ✣ ✣

'မတွေ့ဘူးကွ'

'သခွားစင်ဘက် ပတ်ရှာကွာ'

'အေး… မင်းက မန်ကျည်းပင်ကြီးဘက် သွား၊ အဲဒီ အပင်ကြီးပဲ ခြုံဘေးပေါက်နေတာ'

နှစ်ယောက်သား ခြုံထဲကို ပိုက်စိပ်တိုက် လိုက်ရှာကြ၏။ ကြံပင်တွေစိုက်ထားသောဘက်က အကောင်တစ်ကောင် လှုပ်တိုး နေတာ တွေ့လိုက်ရတယ်။ လက်ထဲက တုတ်ကို ကျစ်ကျစ်ပါ အောင်ဆုပ်ပြီး ခာတ်မီးတည့်တည့်ထိုးကာ အနားကပ်သွားလိုက်၏။

'ဂရား… ဂါး…'

'အောင်မလေးဗျ…'

အပင်တွေကြားထဲက မည်းမည်းရှည်ရှည်ကောင်ပြေး သွားခနဲ ထလှန့်လိုက်၍ ဂျိုကာလည်း လန့်ပြီး လ[illegible]ထဲက



www.burmeseclassic.com

www.burmeseclassic.com



ခါတ်မီးရော၊ တုတ်ပါ လွတ်ကျပြီး လူကလည်း နောက်ပက်လက်လန် လဲကျသွားရတော့တယ်။

ဓာတ်မီးထိုးလျက်ကသားက မည်းမည်းကြီးရှိရာနဲ့ ဆန့်ကျင်ဘက်ကို ထိုးလျက်သား လွင့်ကျနေ၏။ ဓာတ်မီးအမြန်ကောက်ပြီး မည်းမည်းကြီးရှိရာ ထိုးကြည့်လိုက်တော့ ဘာမှမရှိတော့။ ကြံပင်တချို့ ကျိုးပြီးကျန်ခဲ့တယ်။

'အောင်မလေး… အား… ဟား…'

ဂေါ်လီရဲ့ အော်သံကြားလို့ တုတ်နဲ့ ဓာတ်မီး ဆုပ်ကိုင်ပြီး ဂေါ်လီရှိရာဘက် ပြေးသွားလိုက်မိ၏။ ဂေါ်လီတစ်ယောက် ကုန်းကုန်းကြီး၊ အလင်းရောင်ထိုးထားတဲ့ ဓာတ်မီးကြီး ဆုပ်ကိုင်လျက်သား။

'ဂေါ်လီ… ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ'

'ငါ့နောက်က ဆောင့်တွန်းလိုက်တာကွ၊ ကံကောင်းလို့ပေါ့ ဒီ ဝါးရုံက ဝါးခုတ်ထားတဲ့ အချွန်တွေနဲ့ ဗိုက်ကို မစိုက်မိတာ'

'ဒါ သရဲတစ္ဆေ မဖြစ်နိုင်ဘူး၊ အဲဒါတွေက လူကို အဲဒီလောက်အထိ အန္တရာယ်မပြုနိုင်ဘူး'





'ပြောလို့ရမလား၊ မျက်စိနဲ့ တပ်အပ်မြင်လိုက်တာလည်း မဟုတ်ဘဲနဲ့'

'ငါလည်း မင်းလိုပဲ အလှန့်ခံလိုက်ရတယ်ကွာ'

'ငါတို့ တဲပြန်နေတာပဲ ကောင်းမယ်၊ အန္တရာယ်များတယ်၊ စိုးကြီးကများ သူ့ခြံထဲ မနေစေချင်လို့ ခြောက်လှန့်ထုတ်နေတာလား'

'အဲဒါတော့ မဖြစ်နိုင်ဘူး၊ မနေစေချင်ရင် အစကတည်းက မနေခိုင်းမှာပေါ့'

'အားနာပြီး ပြောရခက်နေလို့ ပညာရှိနည်းနဲ့ နှင်တာရော မဖြစ်နိုင်ဘူးလား'

'မဖြစ်နိုင်ပါဘူး၊ စိုးကြီးက ပွင့်လင်းတယ် ဒီလို သူ မလုပ်ဘူးလို့ ငါ ယုံတယ်'

'ဒါဆို ဖိုးလုံးတို့လား'

'သူတို့လေ့မှ မဆိုက်သေးတာ'

'ချမ်းသာရွာရဲ့ ဝါးရုံတောဘက်က လာရင် ရတာပဲ၊ ဒီကောင်တွေက လုပ်တတ်တယ်၊ အကြောက်အလန့် သိပ်ရှိတာ မဟုတ်ဘူး၊ မသေခင်ကတည်းက သရဲတစ်ပိုင်းဖြစ်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ မထင်ဘူး၊ စိုးမောင်ကြီးလည်း ဒီအချိန်ဆို ဘတ္တရီအိုးနဲ့ဖွင့်တဲ့ ကက်ဆက်အသံသွင်းဆိုင်းလက်သံလေး တီးလုံးလေး ဖွင့်နားထောင်ပြီး အိပ်ရာထဲ နှပ်နေလောက်ပြီ၊ မမြင်ရတဲ့အရာတွေ ဆိုတော့'

'သရဲတစ္ဆေတွေလို့ပဲ ပြောဦးမလို့လား'

'နင့်ကြီးတော်လင်တွေလေ'

နှစ်ကောင်သား ဘုဘောက်ကျပြီး တဲဆီပြန်ရောက်သွား၏။ အဖြေရှာမရ။ ဘဲဥအစရှာရတာထက် ခက်နေ၏။ ဖယောင်းတိုင်မီးတွေမှုတ်ပြီး အမှောင်ထဲကနေ ငြိမ်နားစွင့်ကာ မျက်လုံးဒေါက်ထောက်ကြည့်နေရ၏။

ချိုတွေတိုးဖြလာသံ ကြားလိုက်ရ၏။ တစ်ကောင်၊ နှစ်ကောင်၊ သုံး၊ လေးကောင်။ ဂေါ်လီက တဲနံရံမှာချိတ်ထားတဲ့ ပလိုင်းထဲက လေးခွနဲ့ လောက်စာလုံးတွေယူပြီး မည်းမည်း အကောင်ကြီးတစ်ကောင်ကို ချိန်ကာ…

'ကဲကွာ…'

'ဝှစ်…'

'ဖောက်…'





'ကွီး…'

'ထိသွားပြီ၊ ဟိုဘက်မှာ တစ်ကောင်'

'ကဲကွာ'

'ဝှစ်…'

'ဖောက်…'

'ရှီး…'

'ထိပြန်ပြီ၊ ဟာ… ထိတဲ့အကောင်တွေ ထပ်တက်လာတယ်၊ ဓာတ်မီးနဲ့ထိုးကြည့်ကွာ'

ဂျိုကာက ဓာတ်မီးနဲ့ထိုးလိုက်တော့ ဓာတ်မီးက မလင်းတော့။ သွားပြီ။ ပျောက်သွားပြီ။

'မင်း ဓာတ်မီးပေးစမ်း'

'ငါ့ဘာသာထိုးမယ်'

'ငါထိုးပြမယ်၊ မင်းက ခွနဲ့ဆွဲလေကွာ'

'အေး… ဟုတ်သားပဲ၊ ရော့…'

ဂေါ်လီရဲ့ ဓာတ်မီးနဲ့ထပ်ထိုးတော့ လင်းမလာပြန်။ ဂျိုကာ သဘောပေါက်နားလည်သွား၏။

ပလိုင်းထဲ ထပ်နှိုက်တော့ ဖန်ကျောက်ဒိုးငါးလုံးအပိုထွက်လာ၏။ ကျောက်ဒိုးတွေကို ရှူးဖလားဝါးပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဂေါလီက…

'ဘာလုပ်တာလဲ'

'ရှော့… အဲဒါနဲ့ပစ်'

'ထွီ…'

'မရှုံ့နဲ့၊ ထိရင် သိမယ်'

'မင်းဘာသာပစ်၊ ရှော့… လေးခွ'

ဂျိုကာ လှမ်းယူပြီး တဲနားကပ်လာသည့် မည်းမည်းကြီး ကို အသေအချာချိန်ပစ်လိုက်၏။

'ဘုတ်…'

'ဒွိုး…'

နောက်ဆုတ် နောက်ဆုတ်နှင့် ချုံထဲပြန်ဝင်သွား၏။ နောက်တစ်ကောင်…

'ကဲကွာ'

'ဘုတ်…'

'ရှီ… ရှီး… ရှီး…'

နောက်ပြန်ဆုတ်သွား၏။ သုံးကောင်မို့ သုံးချက်ဆော် လိုက်တာနှင့် နောက်ပြန်ဆုတ်သွားတော့၏။





'တွေ့လား၊ မင်းဘိုးအေတွေက ပယောဂမကောင်းဘူး၊ ဒီလေးသီးနဲ့ပစ်မှပဲ ထိချက်မှန်တော့တယ်'

ဂက်(စ်)မီးခြစ်နှင့် ခြစ်ကြည့်တော့ တစ်ကောင်မျှ မတွေ့ ရတော့။

'အဲဒါ ဘာကောင်တွေလဲ ဂျိုကာ'

'ဘာညာကွိကွတွေပေါ့ကွာ'

'မင်း… မင်း… မကြောက်… နဲ့နော်'

'အေး… ငါ… ငါ… မကြောက်ပါဘူး'

နှစ်ယောက်စလုံး ငှက်ဖျားတက်သလို တုန်အက်အက်ဖြင့် ပြန်ပြောနေဖြစ်ကြ၏။ ဒီအချိန်မှာပဲ မည်းမည်းကြီးနှစ်ကောင် ကားကားကြီးရောက်လာ၏။

'အား…'

'ချကွာ၊ ဘာသရဲလဲ'

'ကဲကွာ'

'ခွပ်…'

'ဘုတ်…'

'အီး…'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့… လူတွေ၊ ကျုပ်တို့ပါဗျ၊ ဖိုးလုံးပါ'

'ဟင်… မင်းကွာ၊ အသံလေးဘာလေး ပေးမှပေါ့'

'ဒီလူနဲ့ ဒီလူ ဘာသံပေးရဦးမှာလဲ၊ ပက်သီးနဲ့ထိုး ခြေထောက်နဲ့ဆောင့်ကန်ခံရတာ နာလိုက်တာဗျာ'

'ဆောရီး… မတော်လို့ပါ၊ လူနဲ့ သရဲနဲ့ မှားသွားလို့ပါ၊ ငါတို့နှစ်ယောက် သရဲခြောက်ခံနေရလို့ကွ'

'ဘယ်မှာလဲ သရဲ'

'ပြလို့မရဘူးလေကွာ၊ လေရှိတယ်၊ ဘယ်မှာလဲဆိုပြီး ပြလို့မရသလိုပေါ့'

'ပြလို့ရပါတယ်၊ ပါးစပ်ထဲကနေ မှုတ်ပြလိုက်'

'အေး… မင်း သရဲကို ကြည့်ချင်ရင် ခြံထဲကိုသာ လျှောက်ပတ်ကြည့်တော့'

ဂျိုကာက ဘုတောလိုက်တော့ ဂေါ်လီကပါ ဖိုးလုံးနဲ့ ဖိုးတုတ်ကို ခြံထဲတွန်းပို့လိုက်တယ်။

'အရက်သောက်ဖို့လာတာ၊ သရဲမကြည့်ချင်တော့ဘူးလေ ဗျာ'

ဒီတော့မှ တွန်းမပို့တော့ဘဲ…





'အဲဒါဆိုလည်း တဲထဲဝင်၊ ဒီညတော့ မူးပြီးအိပ်မှရမှာပဲ၊ ဟာကယ် သရဲခြောက်တဲ့နေရာပဲ'

'မကြောက်နဲ့၊ ကျုပ်တို့ရှိတယ်'

လူလေးယောက်ဆိုတော့ အားရှိပြီး သရဲသိပ်မကြောက်ကြတော့ဘူး။ အရက်ဝိုင်းဖွဲ့ပြီး စားသောက်လိုက်ကြတယ်။

ဂျိုကာနဲ့ ဂေါ်လီက အကြောင်းသိနေတော့ အိမ်အတွင်း ပိုင်းထဲကို ကျောပေးထားတယ်။ ဖိုးလုံးနဲ့ ဖိုးတုတ်က အိမ်ဝင် ပေါက် အမှောင်ထဲကို ‹ ကျောပေးထိုင်သောက်နေကြတာပေါ့။

'ဘုန်း… ဖုန်း…'

'အား…'

'အောင်မလေးဗျ…'

အမှောင်ထဲကနေ ခြေထောက်ကြီးတစ်ဖက်ထွက်လာပြီး ဖိုးလုံးနဲ့ ဖိုးတုတ်ကို လျှပ်တစ်ပြက်အတွင်း ဆောင့်ကန်လိုက်တာ တွေ့လိုက်ရတယ်။

ဖိုးလုံးနဲ့ ဖိုးတုတ် ကော့ကော်လန်ကားပြီး အရက်ဝိုင်းထဲ မျက်နှာမှောက်စိုက်ကုန်တာပေါ့။ ဖိုးတုတ်ဆို ဟင်းပန်းကန်ထဲ မျက်နှာမှောက်ကျတာ တန်းခနဲ။ ဖိုးလုံးကတော့ အရက်ပုလင်းပေါ် မေးထောက်ကျလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



'အဲ… အဲဒါ… သ… သရဲ… ခြေ… ခြေထောက်ကြီး၊ အီး… ဟီး…'

လေးယောက်သား အိမ်ထောင့်ကို ဝုန်းဝုန်းထပြေးပြီး ချောင်ထဲဝပ် ကပ်ကုန်တယ်။

'ဘယ်… လို… လုပ်မလဲ'

'မင်းတို့ရှိတယ်၊ မကြောက်နဲ့ဆို'

'ဒါ လူပဲဖြစ်မယ် မြို့သားရဲ'

'ဒါ စော်ကားတာပဲကွ'

ဂေါ်လီက ဒေါကန်ပြီး အရင်ထရပ်ကာ လက်သီးလက်မောင်းတန်းတယ်။ ဒီတော့မှ ဖိုးလုံးနဲ့ ဖိုးတုတ်လည်း ခုန်ထပြီး နီးရာလက်နက်တွေ ဆွဲကိုင်တော့တာပေါ့။

ကောက်ဆွတဲ့ ခက်ရင်းနဲ့ ပေါက်တူးတွေ ကိုင်ထားကြတယ်။ ဂျိုကာလည်း နီးရာထွန်ခြစ်ကြီးကို ကောက်ဆွဲပြီး လေသံပြင်းပြင်းနဲ့…

'ထွက်ချကွာ၊ သရဲဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ငါတို့ ယောက်ျားတွေဖြစ်ပြီး သူရဲဘောမကြောင်သင့်ဘူး၊ သူသေကိုယ်သေ ဖျင်းသာ ဖျင်းကြ'





လေးယောက်သား အားယူပြီး…

'ကျား…'

'ယား…'

'ဟိုင်းယား…'

'ချကြဟေ့၊ ချကြ'

တဲအပြင်ခုန်ထွက်ပြီး အမှောင်ထဲကို ပတ်ရမ်းမွှေ့တိုက်ပစ်လိုက်၏။

'ဒုတ်…'

'မွှေးမေ့လေး'

'ခွပ်…'

'အူးယားယား…'

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

'ဘုန်း…'

'တေပါပြီဟ'

အမှောင်ထဲမှာဆိုတော့ အချင်းချင်း ပြန်ရိုက်မိကုန်ကြပါလေရော။ ဂျိုကာရဲ့ ထွန်ခြစ်ကြီးက ဖိုးတုတ်ရဲ့ ပေါင်ခြံကို ဆွဲခြစ်မိတယ်။ ဖိုးလုံးရဲ့ ပေါက်တူးကြီးက ဂေါ်လီရဲ့တင်ပါးကို ရိုက်မိတယ်။

ဂေါ်လီရဲ့တုတ်က ဂျိုကာရဲ့ ခြေသလုံးကို ရိုက်မိပါလေရော။ ဖိုးလုံးကျတော့ ဖိုးတုတ်ရဲ့ တုတ်နဲ့ ကျောကုန်းကို ဆောင့်မိတယ်။ လေးယောက်သား ဒဏ်ရာကိုယ်စီနဲ့ အားအားအီးအီးနဲ့ အော်ငိုမတတ်တွေ ဖြစ်ကုန်ကြတော့တာပေါ့။

'ဟီး… ဟီး… ဟီး… ဟီး…'





ရယ်သံကြီးကြားလို့ အမွေးစုတ်ဖွားနဲ့ မည်းမည်းကြီး ပဲလင်းမြွေစင်ဘေားမှာ ရပ်နေတယ်။ ဂျိုကာက ဓာတ်မီးလှမ်းယူပြီး ထိုးကြည့်လိုက်တော့…

'ဟင်…'

'ဟာ…'

'ဟိုက်…'

'ဂျပုမ၊ တစ္ဆေဂျပုမ'

သေဆုံးသွားခဲ့ပြီးသော ဂျပုမက မျက်နှာတစ်ခြမ်းရွတ်တွကြီးနဲ့ ပြုံးဖြဲပြနေတယ်။ ခေါင်းက လူခေါင်း။ ခန္ဓာကိုယ်က အမွေးအမှင် ထူလပျစ်နဲ့ ဝက်ဝံခန္ဓာကိုယ်မျိုးကြီး။ တကယ့်သရဲခြောက်ပြီဆိုတော့ လေးယောက်သား ခိုအုပ်လန့်ပျံသလို ထအော်ပြေးလိုက်တာမှ အသကုန်။ ချောင်းကမ်းပါးကနေ ဒလိမ့်ခေါက်ကွေးတွေ ပြုတ်ကျ။ ဖိုးလုံးနဲ့ ဖိုးတုတ်ဆို ပုဆိုးတွေပါ ကျွတ်ကုန်တယ်။ လှေပေါ်ကို အလုအယက်တက်ပြီး အသကုန်လှော်ပြေးကြတာပေါ့။

'ပြေးဟေ့၊ ပြေးဟ'

'သရဲမကြီး၊ မည်းမည်းကြီးနဲ့ ပြဲပြဲကြီး'



www.burmeseclassic.com

www.burmeseclassic.com



'တစ္ဆေဂျပုမ… တစ္ဆေဂျပုမ လာခြောက်နေလို့၊ ကယ်တော်မူကြပါဗျို့'

'တောက်… ဟိုဘက်ကမ်းက နီးနီးလေးရယ်၊ ငါတို့လှေက ရောက်ကိုမရောက်ပါလား'

'ဟီး… ဟီး… ဟီး…'

'လိုက်လာပြီ'

'အမလေး… နောက်မှာ…'

'လှည့်မကြည့်နဲ့၊ ကြောက်စရာကြီး'

'ခွီးတယ်မှ… လှေကို ကြိုးနဲ့ချည်ထားတဲ့ ငုတ်ကကြိုးမှ မဖြုတ်ခဲ့တာ'

တစ္ဆေဂျပုမက ကြိုးဖြုတ်ပြီး လှမ်းပစ်ပေးလိုက်တာနဲ့ လှော်တက်ကို ရေထဲ…

'ဖွမ်း… ဖွမ်း… ဖွမ်း… ဖွမ်း…'နဲ့ လှော်သွားလိုက်တာ လှေပြိုင်ပွဲဝင်နေတဲ့အတိုင်းပဲ။

ရွှေဘိုစုရွာဘက်ကမ်းကို ကပ်တာတောင် အကြောက်မပြေသေးဘူး။

ဆိုးဆိုးဆတ်ဆတ်တွေကို တုန်လို့။





သူတို့လေးယောက် အော်ဟစ်ပြီး ရွာထဲပြေးဝင်လာလို့ ရွာသူရွာသားတွေပါ လန့်ကုန်ကြပါလေရော။

ရွာလန့်တဲ့အထိ အကြောက်ကြီးကုန်ကြတယ်လေ။

✣ ✣ ✣

တစ္ဆေဂျပုမကို ယောကျ်ားရင့်မကြီး လေးယောက် အခြောက်ခံခဲ့၊ တွေ့ခဲ့ရတာ ရွှေဘိုစု၊ ကနီ၊ ငါးပတ်အိုင်၊ ချမ်းသာ၊ ကျောင်းစုရွာတွေအထိ ပြောမဆုံးတဲ့ သတင်းသစ်တစ်ခု ဖြစ်သွားတယ်။ ယုံတဲ့လူလည်း ယုံ၊ မယုံတဲ့လူလည်း မယုံနဲ့ပေါ့။

မြို့သားနှစ်ယောက်ဆို စိုးကြီးရဲ့ခြံထဲတောင် ပြန်မသွားရဲတော့ဘူး။ စိုးကြီးကတော့ သတ္တိကောင်းတယ်။

'ကျုပ် ခြံထဲ ကျုပ်တစ်ယောက်တည်းနေခဲ့တာ ကြာလှပေါ့၊ ခုမှ ခြောက်တာ ဝှံတာတွေ ပြောခံရတယ်၊ ကျုပ် မကျေနပ်ဘူး၊ သွားကြည့်မယ်'

တစ်ယောက်တည်း သွားကြည့်တယ်။ ရွာကလူတွေက စိတ်မချဘူး။ မကြာခင်မှာ စိုးကြီး ပြန်ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'လူခြေရာတွေပဲ တွေ့တယ်၊ ဒါ တစ်ယောက်ယောက်က ဟန်ဆောင်ပြီး မင်းတို့ကို ခြောက်လှန့်လိုက်တာပဲ'

'တစ္ဆေဂျပုမကိုယ်တိုင် ခြောက်တာဗျ'

'ဂျပုမနဲ့ ကိုယ်လုံးကိုယ်ပေါက်တူတဲ့သူ ဖြစ်ချင်ဖြစ်မှာပေါ့ ဂျိုကာရ'

'ဂျပုမမှ ဂျပုမအစစ်ဗျာ၊ မယုံရင် ဖိုးလုံးနဲ့ ဖိုးတုတ်ကို မေးကြည့်၊ ဂျပုမရဲ့ မျက်နှာက ရှုတ်တွကြီး၊ ခန္ဓာကိုယ်ကလည်း အမွှေးအမှင်တွေ ဖုံးနေတယ်၊ လေ့ကို ကြိုးဖြုတ်ပေးလိုက်လို့တော်သေးတာပေါ့၊ နို့မို့ လန့်သေကုန်နိုင်တယ်'

ဒီမှာတင် စိုးကြီးက...

'ဒီည ငါတစ်ယောက်တည်း သွားအိပ်ပြမယ်'

စိုးကြီး အပြောကြောင့် သူ့ယောက္ခမ ဦးသန်းက...

'ဟိတ်ကောင်... မင်း ညှော်သည်တွေ ဘယ်မှာသိပ်မလဲ၊ မင်းမိန်းမနဲ့ တစ်အိမ်တည်းအိပ်လို့ ဖြစ်မလားကွ'

'အဖေတို့အိမ် ခေါ်သိပ်ပေါ့ဗျာ'

'မင်း ခြံထဲသွားအိပ်လို့ လန့်သေရင် နေရင်းထိုင်ရင်း ငါ့သမီးက အချောင် မုဆိုးမဖြစ်ရဦးမယ်'





'ကျုပ် မသေပါဘူးဗျာ'

'တစ်ယောက်တည်း မသွားနဲ့၊ အဖော်ခေါ်သွား'

ဒီမှာတင် စိုးကြီးမိန်းမက ဝင်ပြောလာတယ်။

'ကျွန်မ လိုက်အိပ်မယ် အဖေ၊ စိုးကြီးတစ်ယောက်တည်းဆို စိတ်မချဘူး၊ တော်ကြာ ဂျပုမနဲ့ နောက်မီးလင်းချင် လင်းနေမှာရှင့်'

'နင်ကလည်း ကြံဖန်သဝန်တိုနေသေးတယ်၊ ဘဝချင်းကတူတာမှ မဟုတ်တာ၊ စိုးကြီးက လူသား၊ ဂျပုမက အမဲသား၊ အဲလေ... ဂျပုမက သရဲပါဟ'

'အဖေ မသိပါဘူး၊ စိုးကြီး အကြောင်းက လွယ်တာမဟုတ်ဘူး၊ သူက နွားမတွေတောင် အားအားနေ နို့ထညှစ်နေတာ'

'ဟ... မိန်းမရ၊ ညှစ်မှာပေါ့၊ နို့ဆာလို့ ညှစ်တာ ဘာဖြစ်သလဲ၊ နင် လိုက်အိပ်မယ်ဆိုလည်း အိပ်၊ ကလေးက ဘယ်လိုလုပ်မလဲ'

'ဟော့... ဟော့... နင်တို့လင်မယား အိပ်ချင်သွားအိပ်၊ နင်တို့သမီး ငါ့ရဲ့မြေး ဝတုတ်မကိုတော့ ခေါ်မသွားနဲ့၊ လိပ်ပြာလန့်တတ်တယ်၊ ငါ့အိမ်မှာပဲ ခေါ်သိပ်မယ်၊ ဟော့... မနက်တင့်'



www.burmeseclassic.com

www.burmeseclassic.com



'တော်...'

'နင့်ဟာက ခေါ်တောင် မခေါ်ရသေးဘူး၊ တော်က အရင်ပဲ၊ နင့်မြေး ဝတုတ်မကို ခေါ်ထားလိုက်၊ အဟမ်း... အဟွတ်... ငါ့မှာက တီဘီရောဂါရှိတယ်၊ ကလေး ကူးမှာစိုးလို့'

'ကောင်းပါပြီတော်'

'နင်ပဲ ကောင်းနေ၊ ငါကတော့ ရောဂါတစ်မျိုးပြီးတစ်မျိုး ဖြစ်နေတာပဲ၊ ဒီကောင် စိုးကြီးကလည်း အသုံးမကျ'

'ဘာဆိုင်လို့လဲ အမေရ'

'ဆိုင်သပ၊ မင်း အိမ်ထောင်ရေးကို မင်း အခုထက်ထိ စီမံခန့်ခွဲတတ်သေးလို့လား၊ လုပ်ချင်တာပဲ သိတယ်၊ လုပ်သင့်တာ မသိတဲ့ကောင်၊ နေရာတကာ ငါ ဝင်ပါနေရတော့တာပဲ၊ ခုကိစ္စ ပဲ ကြည့်လေ၊ ဧည့်သည်တွေကို ဘယ်သူချက်ကျွေးမလဲ'

'ကျွန်တော်တို့အတွက် မပူပါနဲ့၊ ငါးပတ်အိုင်က ထမင်း ဆိုင်မှာ သွားဝယ်စားမယ်'

'အေး... အဆင်ပြေရင် ပြီးတာပဲ'

စိုးကြီးတို့လင်မယား ညနေစောင်းတာနဲ့ လှေပေါ် အထုပ် အပိုးတွေတင်ပြီး ခြံထဲသွားအိပ်ကြတယ်။ ဂျိုကာတို့က အထုပ်





အပိုးတွေ လိုက်ယူရတာပေါ့။ ဒီညနေရီကျတော့လည်း ခြံထဲမှာ အေးအေးလူလူကို ဖြစ်လို့။ စိုးကြီးကို အခြောက်ခံရတဲ့နေရာတွေ လိုက်ပြတယ်။

'ဩ...'

'ဟင်...'

'အီးပုံကြီး နင်းမိပြီ'

စိုးကြီးတစ်ယောက် လပ်ကီးကောင်းပြီး ကံကိုယုံလို့ သူးပုံနင်းလိုက်တာ အီးပုံကြီးပါ ထပ်နင်းမိချေတာပေါ့။ စိုးကြီးက အီးပေခြေထောက်ကို ငှက်ပျောရွက်နဲ့ သုတ်ရင်း...

'တောက်... ရာရာစစ ငါ့ခြံထဲ အီးလာပါသွားတယ်'

'ကျွန်တော်တို့ မပါဘူးနော်'

'ဒီလိုမျိုး တောမထိုင်တတ်ဘူးဗျ'

ဂျိုကာနဲ့ ဂေါ်လီတို့ တွင်တွင်ငြင်းခါကြတယ်။

'ကျုပ်သိတယ်၊ အီးပုံကြည့်တာနဲ့ ဘယ်သူပါတာလဲ ဆိုတာ စိုးကြီးတို့က တပ်အပ်သိတယ်'

'ဆားပုလင်းနှင်းမောင်လို ရှားလော့ဟုမ်းဆို ဉာဏ်ထက် သူချည်လားဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ထက်ဆို ချက်ခနဲ နားခွက်က မီးတောက်ပြီးသာ ဒါ ခင်စန်းရဲ့ အီးပုံကြီး၊ ရွာမှာ စားတော့ နှင် ၊ ပါတော ကျွဲချီးပုံဆိုသလို ပါတတ်တာ ခင်စန်းပဲရှိတယ်၊ ရ ၇၈ ကနီသ ငါ့ခြံထဲကို ဘယ်အချိန်က လာပါသွားသလဲ မသိဘူး၊ တွေ့မယ်

'တစ္ဆေဂျပုမပါတဲ့ အီးရော မဖြစ်နိုင်ဘူးလား'

'တစ္ဆေက အီးပါလို့လား'

'ပါချင်ပါမှာပေါ့၊ ကိုယ်မြင်ရတာမှ မဟုတ်တာ'

'မပါပါဘူးဗျာ၊ မြို့သားတွေကလည်း ကြံဖန်တွေးဆ လိုက်တာ'

'ဒါဆို သရဲမ ခြောက်တဲ့အချိန်က ပါထားတဲ့ပုံပဲ တန်တော့ ခင်စန်းက ကျွန်တော်တို့ကို ဂျပုမတစ္ဆေပုံဖမ်းပြီး လာ ခြောက်တာဖြစ်လိမ့်မယ်'

စိုးကြီး အားရဝမ်းသာ ခေါင်းညိတ်ပြီး…

'ဒါပဲရှိတာပေါ့၊ ကျုပ်ခြံထဲမှာ ဘာပယောဂ အကော ပလောင်မှ မရှိဘူး၊ ခင်စန်းလက်ချက် ဖြစ်ကိုဖြစ်ရမယ်'

စိုးကြီးမိန်းမက ခေါင်းကို ဘီးနှင့်ခြစ်ကုတ်ရင်း…

'ကြည့်လုပ်နော်၊ ခင်စန်းက စွာတေးမ၊ သူနဲ့ ကျုပ်





ရန်မဖြစ်ချင်ဘူး၊ ခင်စန်းကို အဲဒီညက တွေ့မိကြလို့လား၊ မြို့သား တွေ သေချာမှပြောနော်'

'ခင်စန်းကိုတော့ ပက်ပင်းကြီးမတွေ့ဘူး၊ ဂျပုမကိုပဲ ထင်ထင်ရှားရှားကြီး တွေ့လိုက်ရတယ်'

ဒီမှာတင် စိုးကြီးက…

'အို… ဘာမှပြောမနေကြနဲ့၊ အီးပုံကိစ္စကတော့ ရှင်းကို ရှင်းရမှာပဲ'

စိုးကြီးတစ်ယောက် ဒေါသနဲ့ လှေ့ရှိရာကို လှမ်းလျှောက် သွားတော့ သူ့မိန်းမပါ လိုက်သွားရလေပြီ။ ဂျိုကာနဲ့ ဂေါ်လီလည်း ပစ္စည်းတွေ အမြန်သယ်ပြီး စိုးကြီးတို့လှေနဲ့ ပြန်လိုက်ရတော့ ၏။

'ဖင်သရမ်းတဲ့ ခင်စန်း၊ လှော်တက်နဲ့ကို ဖြန်းခနဲ ရိုက်ပစ် ဦးမယ်'

စိုးကြီးရဲ့ ကြိမ်းဝါးသံက ချောင်းရေပြင်တစ်လျှောက် ပျံ့နှံ့ပွက်ညံသွားပါလေရော။ ခင်စန်းကတော့ ဘယ်ရပ်ဌာနေ ရောက်နေရှာသလဲ မသိ

'ခင်စန်း အီးပုံကို ရှင် မြင်ဖူးလို့ သိနေတာလား စိုးကြီး'



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးမိန်းမက သံသယနဲ့ သဝန်ငိ ုပြီ။

'အေး… ဟုတ်တယ်၊ ဟိုတစ်ခါ ၄ ၁်ပျောက်တုန်းက ခင်စန်း အိမ်အောက်ကို ငါ ရောက်သွားတာ၊ အိပ်ခန်းထဲက ပါချထားတဲ့ ခင်စန်းဟာတွေ အပုံလိုက်ကြီး တွေ့ခဲ့တယ်၊ ငါ တောင် မြေဖို့ကြီးမှတ်လို့ လက်ထောက်မိသေးတယ်၊ အဲဒါ ရေနဲ့ တစ်ထုပ်ပဲ ပြန်ဆေးမိတယ်၊ အဲဒီနေ့ ညနေကျတော့ ပဲသီးပြုတ် သုပ်တို့ မင်း သုပ်ခိုင်းတာနဲ့ အီးပေလက်နဲ့ ငါ သုပ်ပေးလိုက်တာ၊ မင်းက ကောင်းလိုက်တာ၊ အရမ်းကောင်းတာပဲ၊ ရှင့်လက်နဲ့သုပ် လို့ အရသာကို ရှိနေတာပဲလို့ မင်း ပြောခဲ့သေးတယ်လေ'

စိုးကြီးရဲ့ မိန်းမ နတ်ပူးသလို တုန်တက်သွားပြီး တံတွေး စက်သေနတ်ဆွဲပါလေပြီပေါ့။

✣ ✣ ✣

'ဟော့… ခင်စန်း၊ ခင်စန်း'

'အေး… ဘာလဲ သားလေးရေ'

'အောင်မာ… ငါ့ကိုများ သားလေးတဲ့'

'အောင်ဘု အသံနဲ့မှားသွားလို့၊ ရွှေဘိုစုက ဥတစ်လုံး





စိုးကြီးပါလား၊ နောက်က မြို့သား ရှေ့ပ်နှစ်ကောင်လည်း ပါသေး၊ စိုးကြီးကတော်လည်း ပါပါလျက်သား နောက်ကထားလို့ပါလား၊ ဘာလဲ… တစ္ဆေကျွုမ သောင်းကျန်းနေတာ မနိုင်လို့ ငါ့လာခေါ် တာ မဟုတ်လား'

'တလွဲတချော်တွေ ပြောမနေနဲ့၊ နင် ငါ့ခြံထဲမှာ အီးပါ သွားတဲ့ကိစ္စကို လာပြောတာ၊ ဘာသဘောနဲ့ အဲဒီလို လာလုပ်တာ လဲ၊ အောက်လမ်းတိုက်တွေ လာလုပ်ရင်တော့ နင့်ကို ငါက လူချင်းချပစ်မယ်'

'ဟော့… စိုးကြီး၊ ငါလို ဆရာမကို ဘာတွေလာပြောနေ တာလဲ၊ နင့်ခြံထဲ ကျော်ကျော်ကျူးကျူး ငါက အီးလာပါရမှာလား၊ ငါ့အိမ်မှာလည်း အိမ်သာရှိနေသားပဲ'

'နင် အပိုတွေ ပြောမနေနဲ့၊ နင့်အီးပုံဆိုတာ ငါ အတပ်သိ တယ်၊ နင် လာကျူးရင် ကျူး၊ မကျူးရင် နင့်အိမ်ရှေ့မှာ ငါ ပြန်ပါမယ်၊ တန်ပြန်စော်ကားတာပဲ'

'နင် မှားနေပြီ၊ ငါ့ကို လာမစွပ်စွဲနဲ့၊ ဘယ်အချိန်မှာ ငါ လာပါသလဲ၊ ပြောစမ်း'

'ညတုန်းက'



www.burmeseclassic.com

www.burmeseclassic.com



'ညက ငါ အိမ်မှာရှိနေတာပဲ၊ ဘယ်မှ မသွားဘူး၊ ငါ့ဆရာကြီးတွေနဲ့ စိတ်ချင်းဆက်သွယ်နေတာဟဲ့'

'လာမညာနဲ့'

'မညာဘူး၊ ငါ့ဆရာကြီးတွေ သက်သေရှိတယ်၊ မယုံရင် မေးကြည့်'

'နင့်ဆရာကြီးတွေက ဘယ်မှာလဲ'

'ဟောဒီ ရုပ်ပုံထဲမှာလေ၊ နင်တို့ မေးချင်တာ မေး၊ သူတို့က ဝင်စီးပြီး ဟောလိမ့်မယ်၊ မှန်သလားမမေးနဲ့၊ တစ်ခါ ဟော ငါးရာတည်းကျတယ်'

စိုးကြီးအစား စိုးကြီးမိန်းမက ဝင်ပြောတော့တယ်။

'အပိုတွေပြောမနေနဲ့ ခင်စန်း၊ နင်လာပါသလား မပါဘူး လား၊ ဒါပဲပြော'

'ပါဘူး'

ဒီမှာတင် ဂျိုကာက…

'စိုးကြီး ခြံထဲက အီးနဲ့ မခင်စန်း ခြံထဲက အီးချင်း ဓာတ်ခွဲစစ်ဆေးလိုက်ရင် အဖြေပေါ်မှာပါ'

ခင်စန်းတစ်ယောက် ပြူးလန့်သွားပြီး နားကြားမှားကာ-





'ငါ့ကို ခွဲမယ်၊ အမလေး… အခွဲမခံနိုင်ဘူး'

ဂေါ်လီက…

'ခင်စန်း… ကျွန်တော်တို့ကို တမင် လိုက်ခြောက်နေတာ မဟုတ်လား၊ တစ္ဆေဂျပုမဟန် ဆောင်ပြီးတော့လေ'

'ကြံကြီးစည်ရာ၊ ကျုပ် မဟုတ်ပေါင်တော်'

'ခင်စန်း… နင်က ကြမ်းပိုးကိုတောင် လိပ်ဖြစ်အောင် ပြင်နိုင်တဲ့မိန်းမ၊ စိုးကြီးက သိပြီးသား၊ လုပ်မနေနဲ့၊ နင့်အိမ်ရှေ့ မှာ ခုချက်ချင်း ငါ ပါမယ်'

'ရှင်က အဆင်သင့်ဖြစ်နေပြီလား'

'အေး…'

'ဒါဆို ပါချလိုက်လေ၊ သေးတော့ မပေါက်မိစေနဲ့၊ ပေါက်မိရင် လျော်ကြေးပေးရမယ်'

'ဘာကွ… ငါ့ခြံထဲမှာတုန်းက နင်…'

'ရှင်တွေ့ခဲ့တာ အီးပဲ၊ သေးမပါဘူးလေ'

'ဟင်… ငါကွာ၊ တောက်… ဆုံတင်ငုံ့ကြီး ဖြစ်နေပြီ၊ ပြန်မယ်၊ အိမ်ရောက်မှ အဝပါပစ်လိုက်မယ်၊ နောက်မှ နင် ငါ့ အကြောင်း သိစေရမယ်၊ စိုးကြီးတဲ့ကွ နော်'



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးတစ်ယောက် ဗိုက်ကိုပွတ်ပြီး သူ့ယောက္ခမအိမ် ရောက်အောင် ပြန်ပြေးလေပြီ။

စိုးကြီးမိန်းမနဲ့ ဂျိုကာတို့လည်း ရွှေဘိုစု ပြန်လာရပြီပေါ့ ဘာမှလည်း မဟုတ်။

✣ ✣ ✣

ဖုန်တထောင်းထောင်း ထအောင် ပြေးလာတဲ့ စိုးကြီးကို လှမ်းတွေ့လာတည်းက ဦးသန်း ရင်ထိတ်နေပြီလေ။

'ဟော့ကောင် စိုးကြီး၊ မင်းကို သရဲမ လုပ်လွှတ်လိုက်ပြီ မဟုတ်လား၊ ငါ အတန်တန်ပြောသားပဲ၊ ဘယ်မှာလဲ ငါ့သမီး'

'ခဏလေး… ခဏလေး… နာလို့'

'နာပြီပေါ့၊ အောက်ကနိုက်ပြီး အူတွေ အသည်းတွေ ဆွဲစားပစ်ကုန်လိုက်ပြီ မဟုတ်လား'

ပက်လက်ကုလားထိုင်နဲ့ ထိုင်နေတဲ့ ဦးသန်းရှေ့ကနေ စိုးကြီး ဖြတ်ပြေးပါလေရော။

'ဘုတ်'ခနဲ အတုံးတစ်တုံးက ထွက်ကျကျန်ခဲ့တယ်၊ ဦးသန်းက အဝေးကြည့်သာ မျက်လုံးကောင်းတာ၊ အနီးကြည့်ဆို





မှုန်ဝါးဝါး။ မျက်မှန်တပ်ကြည့်ရတယ်။ သားအမိနှစ်ယောက်ဆို သမီးပဲ မြင်တယ်။ ဒါတောင် လုပ်လိုက်သေးတယ်။

'ဒါ ဘာယေးလဲ'

ခုလည်း ကြည့်။ စိုးကြီး ထွက်ကျခဲ့တာကို ဘာလဲပေါ့။ ဝါဝါအတောင့်လေး။ ရွှေမန်ကျည်းတောင့်များလားပေါ့။ သိုက်စောင့်သရဲနဲ့တွေ့လို့ သရဲကများ သိုက်က ပစ္စည်းစာရင်းပျောက်ထဲက ရွှေမန်ကျည်းတောင့်ကိုများ စိုးကြီးကို သနားလို့ လက်ဆောင်ပေးလိုက်သေးသလားပေါ့၊ ဟုတ်မယ်၊ ဒီကောင် ငါ့ကို ခွဲပေးရမှာစိုးလို့ ခါးပိုက်ထဲ အကုန်ထည့်ပိုက်ပြီး အိမ်ထဲသွားဝှက်တာဖြစ်ရမယ်၊ ဒီအတွေးနဲ့ ဦးသန်းက စိုးကြီးရဲ့အတုံးကို ကောက်ကိုင်ကြည့်လိုက်တယ်၊ ဘယ့်နှယ်… ပျော့စိစိနဲ့၊ ဟင်း… နံကလည်း နံလိုက်တာ၊ ဟိုက်… အီး… အီး… အီးတုံးကြီး၊ ခွားမသေး စိုးကြီး၊ ငါ့ကို ပမာမခန့်နဲ့၊ ငါ့ရှေ့မှာတောင် အီးပါချသွားသေးတယ်'

ဦးသန်း ဒေါသကြီးပြီး အီးတုံးကို လွှင့်ပစ်လိုက်တယ်။ နံရံမှာ ထောင်ထားတဲ့ တောင်ဝှေးကို ကောက်ကိုင်ပြီး ဒေါသကြီးတာနဲ့ ချောင်းဆိုးပြီ။ ပန်းနာရင်ကျပ်သမားဆိုတော့ ဖိုက်က



www.burmeseclassic.com

www.burmeseclassic.com



ထစ်ဆို အောက်က ဗျစ်ခနဲ လုပ်လို့မရ။ ချောင်းကို အမြောက် ဆက်တိုက် ထုသလိုကို ဆိုးတာနဲ့ မောပြီး ပြန်ထိုင်လိုက်ရတယ်။ မောလွန်းလို့ ဒေါသတောင် ဘယ်ရောက်သွားမှန်း မသိဘူး။ အီးကိုင်လက်ကို ထဆေးရတယ်။

သမီးနဲ့ မြို့သားနှစ်ကောင် ထောင်တောင်တောင်(ဆံပင်) နဲ့ ရောက်လာကြတယ်။

'အဖေ စိုးကြီး ဒီကိုလာတယ် မဟုတ်လား'

'လာရုံမဟုတ်ဘူး၊ ပါကို ပါသွားတာ၊ ကံကောင်းလို့ ငါ ပါးစပ်မဟမိတယ်၊ ဟမိရင် ငါ့ပါးစပ်ထဲတောင် ပါချသွား မတတ်ပဲ၊ ဒီကောင့်ကို ငါ့အစား လက်စားချေပေးစမ်းပါ သမီး ရယ်၊ အဖေ မောလွန်းလို့ပါ'

'အင်းပါ အဖေရယ်၊ သူ့ကို ခင်စန်း ပညာနဲ့ လုပ်လိုက် တာဖြစ်မယ်၊ သိပ်ဝမ်းခိုင်တဲ့ စိုးကြီးဟာလေ ဘယ့်နှယ်ဖြစ်ပြီး ဒီလောက်ဝမ်းလျှောသွားရတာလဲဆိုတာ စဉ်းစားလို့ကို မရတော့ ဘူး၊ (ဘွတ်)... အဲ... ပြောရင်းဆိုရင်းနဲ့ ကျွန်မပါ ဗိုက်ထဲရစ်နာ လာပြီ၊ လုပ်ပါဦး အဖေရဲ့'

'ဘာလဲ... ငါက ဘာလုပ်ပေးရမှာလဲ'





'ဟုတ်ပါဘူး၊ အိမ်သာက တစ်လုံးတည်း၊ စိုးကြီး အိမ်သာတက်နေတော့ သမီးက ဘယ်မှာသွားတက်ရမှာလဲ'

'ငယ်ငယ်တုန်းကလို ချုံသွားတိုးဟဲ့'

'မြွေကြောက်လို့၊ စိုးကြီးကို အမြန် အိမ်သာက ဆင်းခိုင်း ပြီး ကျွန်မတက်မှ ဖြစ်မယ်'

'လုမတက်နဲ့နော်၊ ငါ့အိမ်သာက ခနော်နီ ခနော်နဲ့လေး၊ ပြန်ပြင်မဆောက်ရသေးဘူး'

စိုးကြီးမိန်းမက အိမ်သာဆီကို အိမ်ဘေးက ပတ်ကွေ့ပြေး သွား၏။ ဦးသန်းက...

'မင်းတို့ပါ သွားပါမလို့လား၊ နံလိုက်တာကွာ၊ ဘယ် ကောင် ထွက်ကျနေပြီလဲ'

ဂျိုကာနဲ့ မော်လီတို့လည်း တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးပြလိုက်မိတယ်။ ဦးသန်းက...

'စောင့်နိုင်ရင် စောင့်၊ မစောင့်နိုင်ရင် အပြင်ထွက်မလာ အောင် ဟောဒီမှာ တွေ့လား၊ ကြိမ်လုံးဘု၊ အဲဒါနဲ့ ပြန်ဆောင့်ထိုး ပြီး သွင်းပေးမယ်'

'အောင်မလေးဗျာ...'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ မပါချင်ဘူး၊ ဂေါ်လီပေါ့၊ အိုးပုံတက်နှင်း မိလာတာ'

'ဟုတ်လား၊ ခြေထောက်သွားဆေး၊ သွား... သွား...'

နောက်ဘက်မှာ စိုးကြီးတို့လင်မယား တိုက်ပွဲဖြစ်နေ၏။

'ဟိုဘက်တိုးပါဦးတော်'

'ဒီဘက်မှာ ကျပ်နေပြီဟ'

'ကျုပ်ကို ပေကုန်ပြီ'

'နင့်ဟာတွေလည်း ငါ့ပေတာပဲ၊ ဝမ်းပျက်နေတော့ တစ်ခါ ဒလဟောလိုက်ရင် အကုန်စင်'

'ဟိုက်...'

နှစ်ယောက်ပူးပြီး အိမ်သာတက်နေကြတယ်လေ။ အဲဒီ အချိန်မှာ ရောမဝက်ကြီး ရောက်လာပြီး အိမ်သာအောက်ထဲ အတင်း ခေါင်းထိုးဝင်လိုက်တာ...

'ဟာ... ဟာ... ဟာ...'

'ဟိုက်... သွားပြီ'

'အောင်မလေး... အမေတို့ရေ'

'ကယ်တော်မူကြပါဗျို့'





'တက်... တက်... တက်... တက်... ဝုန်း...'

အိမ်သာကြီး နောက်ဘက်ကိုယိုင်ပြီး စလိုးမိုးရှင်းနဲ့ ဝုန်း ခနဲ လဲကျသွား၏။

အိမ်သာထဲက စိုးကြီးတို့လင်မယားကို အမြန်ဆွဲထုတ်ကြ ရ၏။ ဒါတောင် ဦးသန်းက ဘုမသိ ဘမသိ နားပင်းကိုးကန်းနဲ့ ထအော်နေသေး၏။

'ဟော့... ဘယ်သူတွေလဲ ငါ့အိမ်ကို ခဲနဲ့ထုနေတာ၊ ဟေ...'

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

'ကျွန်တော်တို့ ပြန်တော့မယ်ဗျာ'

'အေး… တို့တောမှာ မင်းတို့ ဂေါ်လီလုပ်လို့လည်း အားရပြီကိုး၊ ကြာရင် တောဂေါ်လီမဟုတ်ဘဲ အီးဂေါ်လီတွေ ဖြစ်ကုန်လိမ့်မယ်၊ ပြန်ကြတော့'

အထုပ်အပိုးတွေလွယ်ပြီး အားလုံးကို နှုတ်ဆက်တော့ ဦးသန်းက…

'မျောက်နှစ်ကောင် ပြန်မှပဲ ရွာလည်း ငြိမ်းချမ်းတော့မယ်၊ တာ့တာပဲဟေ့၊ ဟေ… ဟေး…'

ဆိုတာမျိုး လုပ်လိုက်သေးတယ်။ စိုးကြီးမိန်းမကတော့ ညှို့သည်တွေပြန်တာ စိတ်မကောင်းဘူးဆိုပြီး ထမင်းကြမ်း





တစ်ပြည့်ချက်ကို ကုန်အောင်စားနေတယ်။ စိုးကြီးက လိုက်ပို့ပေးပါတယ်။ အပြန်လမ်းမှာ ဝင်းမြဆွေလေးနဲ့ တန်းတိုးတယ်။

သံယောဇဉ် မျက်ဝန်းလေးနဲ့ ပြန်ကြည့်နေတယ်။

'နှုတ်ဆက်ခဲ့ပါတယ် ဝင်းမြဆွေရယ်'

'ဂွဒ်ဘိုင်… ဆာယိုနာရာ'

မြို့သားနှစ်ယောက် နှုတ်ဆက်တာကို ပြူးကြောင်ကြောင်လေးနဲ့ ပြန်ကြည့်နေတယ်။

'ဟဲ့… ဝင်းမြဆွေ၊ နင့်ကို နှုတ်ဆက်နေတယ်လေ၊ ပြန်နှုတ်ဆက်လိုက်ဦး'

'ရှင်…'

'ဒီကောင်မလေး ကြောင်တောင်တောင်နဲ့'

'ပြန်ကြတော့မလို့လား၊ ဆိုင်းမပါ ဗုံမပါနဲ့'

ကြည့်… ပြောလိုက်ပုံက။

'ပြန်မယ် တောသူလေးရေ၊ တစ္ဆေဂျပုမ ကျွတ်သွားတော့မှပဲ ပြန်လာတော့မယ်'

'ဝင်းမြဆွေလေး စောင့်နေနော်'

'တိုင်နဲ့ ခေါင်းနဲ့ ဆောင့်နေရမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး… ကိုယ်တို့ကို စောင့်နေခိုင်းတာပါ၊ ဝင်းမြဲဆွေလေးကို မြင်ရမှ ပြန်ချင်စိတ်တောင် မရှိတော့ဘူး၊ လမ်းကြုံတုန်း အစ်ကို့ကို ပြန်ချစ်သွားပါလား ဝင်းမြဲဆွေရယ်'

ဂျိုကာက တဲ့တိုးပြောလိုက်တော့ ဝင်းမြဲဆွေလေးဆိုတာ လန့်ပြီး လက်ထဲမှာ ကိုက်စားလာတဲ့ ဘီစကစ်လေးတောင် လွတ်ကျသွားတယ်။ ဂေါ်လီကလည်း အခေ။

'အိမ်ပြန်လက်ဆောင်အဖြစ် မင်းဆီက အချစ်ကို ၄ လိုက်ပါလား ဝင်းမြဲဆွေရယ်'

'ရှင်…'

'မင်းတို့ဟာက ပေါ်တင်ကြီးပါလားဟ'

'မသိရင် အသာနေစမ်း စိုးကြီးရယ်၊ ကလေးနေ့ ကလေးနေစမ်းပါ၊ သွား… သွား… ဘိုးဘွားရိပ်သာမှာ သွားဆော့နေ'

'နင့်လင်ကြီး သွားရမှာလား၊ ဟုတ်တယ်၊ ငါ မပြောလိုက်ချင်ဘူး၊ ဝင်းမြဲဆွေ နင့်ကို ပြောနေတာ ကြားလား၊ နင့်သဘော ဘယ်လိုရှိသလဲ၊ တုတ်ထိုးအိုးပေါက် ပြန်ဖြေလိုက်စမ်း'

'ဟို… ဟိုလေ၊ ခဏလေးနော်'





'ဘယ်သွားမလို့လဲ'

'ခဏလေးပါ'

ဝင်းမြဲဆွေက နှစ်အိမ်ကျော်လောက်က သူမရဲ့ အိမ်ခြံထဲကို ပြန်ဝင်သွား၏။

နိမ့်တုံမြင့်တုံနှင့် စွင့်ကားလှုပနေသော သလုံးသားဝင်းအိအိလေးကို မြို့သားနှစ်ယောက် သွားရည်တစ်ပိဿာလောက်ကျအောင် အသကုန် ဂေါ်နေကြတော့တယ်။ စိုးကြီးက…

'ဟိတ်ကောင်တွေ…'

'အမလေး… လန့်လိုက်တာ၊ ဖြည်းဖြည်းအော်ပါ ငှက်ဆိုးထိုးသံကြီးရဲ့'

'မင်းတို့ရဲ့ ခေါ်တောတစ်သောင်းအားတွေက တိုးတိုးခေါ်လို့ ဘယ်ကြားမှာလဲ၊ ဒါကြောင့် ကျယ်ကျယ်အော်နေရတာ'

'ရှူး… တိုးတိုး၊ ကလေးလို ဘေးကပ်နေ၊ ဟိုမှာ ဝင်းမြဲဆွေ ပြန်လာပြီ၊ ဝင်မပါနဲ့နော်'

'ဘာဖြစ်လို့ ငါက ဝင်မပါရမှာလဲ'

'ခင်ဗျားက ယောက္ခမ အိမ်သာပြိုအောင် အပါကြမ်းတဲ့လူ၊ ဒါကြောင့် မပါခိုင်းတာ'



www.burmeseclassic.com

www.burmeseclassic.com



'တောက်… ငါ… တယ်လေ၊ ဟွန်း…'

ဝင်းမြဲဆွေလေးက အနားရောက်လာပြီး ဂျိုကာကို သစ်သားမီးခြစ်လေး ပေး၏။ ဂေါ်လီကို လက်ခြစ်အုန်းခြစ်လေး ကမ်းပေး၏။

'ဒါ… ဒါ… ဘာလုပ်ရမှာလဲ ဝင်းမြဲဆွေ'

'မီးခြစ်ဆံမကုန်မအချင်း ခြစ်လို့ရတယ်၊ ရှင်ပဲ ချစ်ပါဆို၊ ဟိုတစ်ယောက်ကလည်း အခြစ်ပေးပါဆိုလို့ အုန်းခြစ် လက်ဆောင်ပေးလိုက်တာလေ'

မြို့သားနှစ်ယောက် ကိုယ့်နဖူးကိုယ် ရိုက်ကြထုကြ ဖြစ်ကုန်၏။ စိုးကြီးက တခွီးခွီးနှင့် ထရယ်၏။ ဝင်းမြဲဆွေက ချစ်စနိုးဟန်လေးနှင့် လက်လှုပ်ပြကာ…

'သွားမယ်နော်'

သွားမယ်နော်ဆိုတာကို လျှာကပ်ပြီး အမြန်ပြောလိုက်သံ။

မတ်တတ်မေ့ကျန်ခဲ့ရသူက မြို့သားနှစ်ယောက်။ မဆီမဆိုင် ရယ်နိုင်သော စိုးကြီးကိုသာ ဝိုင်းပေါက်ပစ်မိတော့တယ်။ ဟုတ်တယ်။

✣ ✣ ✣





ချစ်ဆွေကြီး ဆိုင်ဝင်ထိုင်ဖြစ်ကြတော့ ဖိုးလုံး၊ ဖိုးတုတ်၊ ဖိုးချွန် လူစုတွေ့ရတဲ့အပြင် ဝင်းမြင့်၊ စပ်စိန်ကြီး စိုးသိန်း၊ မှတ်ကြီး အစရှိတဲ့ ကနီသားတွေ ဘေးဝိုင်းမှာ ထိုင်နေကြတယ်။

စိုးကြီး ယောက္ခမ အိမ်သာဖြုပစ်တဲ့အကြောင်းကို ပြောပြီး တဝါးဝါး တဟားဟားနဲ့ပေါ့။ နောက်တော့ တစ္ဆေရုပ်မ အကြောင်းတွေ ဆက်ပြောနေတယ်။ ဂျိုကာနဲ့ ဂေါ်လီတို့က အဲဒီ အကြောင်းတွေ စိတ်မဝင်စားဘူး။

သူတို့ စိတ်ဝင်စားနေတာ ဝင်းမြဲဆွေ ဖြစ်နေတယ်။ ဝင်းမြဲဆွေလေးကို ဒီတစ်ကြိမ် မြင်ရပြီး စွဲမက်သွားတယ်။ တန်းတန်းစွဲပေါ့။

'မင်းနဲ့ ငါ အကြံတူနေပြီ၊ ရန်သူဖြစ်ကုန်လိမ့်မယ်'

'အဲဒီတော့ မင်း ဘာလုပ်ချင်သလဲ ဂျိုကာ'

'ပြိုင်ရမယ်၊ နိုင်တဲ့လူ ဝင်းမြဲဆွေကို အရင် ရင်ဖွင့်'

'ဝင်းမြဲဆွေ ရင်သွားဖွင့်ရင် ပြဿနာတက်မှာပေါ့'

'မင်း ရင်ဖွင့်ရမှာ၊ ရည်းစားစကား အရင်ပြောရမှာကို ပြောတာ ငတုံးရဲ့'

'သြော်… အေး… ဟုတ်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'နိုင်တဲ့လူကို ဝင်းမြဲဆွေက မကြိုက်ရင် ရှုံးတဲ့လူ ဒုတိယ လူပေါ့ကွာ၊ ဝင်းမြဲဆွေကို ဆက်ပြီး ချစ်ရေးဆိုကြေး'

'အိုကေ… ငါ ပထမလူ လုပ်မယ်'

'ရမလား၊ ပထမလူဖြစ်ဖို့ ပြိုင်ရမယ်'

'ခေါင်းပန်း လှန်မလား'

'အကြွေစေ့က ဘယ်လိုက်ရှာမှာတုံး'

'ပိုက်ဆံပွတ်မလား'

'ရှိုးနေပြီ'

'ကျွမ်းထိုးပြိုင်မလား'

'ကလေးနည်းတွေကွာ'

'ဒါဆို ဘာလုပ်မလဲ'

'တစ္ဆေမကို အသေချနိုင်ရင် အနိုင်'

'ဆင်ကြဲ ကြဲတယ်'

'ရွာအတွက် ငါတို့ဘက်က ပြန်ပေးဆပ်ရမယ်၊ ရွာက လူတွေက ငါတို့ကို ချဉ်ဖတ်ဖြစ်နေပြီ၊ ရွာရဲ့ ကောင်းကျိုး သယ်ပိုးတဲ့အနေနဲ့ ရွာကလူတွေ လန့်နေတဲ့ တစ္ဆေဂျပုမကို အပိုင် ချမယ်၊ ငါ့အထင်တော့ ဒါဟာ လုပ်ကြံမှုကြီးတစ်ခု ဖြစ်လိ



မယ်၊ ဖော်ထုတ်ပေးကြရအောင်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ပေါ့ကွာ'

'အင်း… မင်းအကြံ ကောင်းတယ်၊ စိန်လိုက်ကွာ'

'ဒါဆိုရင် ချစ်ဆွေကြီးဆိုင်မှာ သုံးရက်တည်းမယ်၊ သုံး ရက်အတွင်း ပေါ်အောင် ဖော်ကြမယ်၊ မဖော်နိုင်ရင်လည်း သရေ ပေါ့'

'အေး… ဒါပေမဲ့ ငါတို့ လိုချင်တာက ဝင်းမြဲဆွေကို နော်၊ မင်းဟာက ဝေ့ပတ်နေတဲ့ နည်းကြီးပဲ'

'မင်း ဘာသိလို့လဲ ဂေါ်လီရာ၊ ဝင်းမြဲဆွေအမေကအစ ရွာက လူတွေလို ငါတို့ကို ချဉ်နေတာကွ၊ ဒါကြောင့် ရွာက လူတွေရော ဝင်းမြဲဆွေအမေနဲ့ အမျိုးအဆွေတွေပါ ပြန်အမြင် ကြည်လင်လာအောင် လုပ်ယူရမယ်၊ ဒါမှ သူ့သမီးနဲ့ သူတို့ရွာသူ ဝင်းမြဲဆွေနဲ့ ငါတို့ကို သဘောတူကြတော့မှာပေါ့'

'အမယ်မင်း… ကောင်းလိုက်တဲ့အကြံ၊ ဆုချချင်လိုက် တာ၊ တကယ်… တကယ်'

'မင်း ဆုမချခင် ငါ အရင်တီးတယ်၊ ကဲကွာ'

'ဒုတ်… ဒုတ်…'

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အားဟား··· အားဟား···'

မြို့သားနှစ်ယောက် တီးတိုးတိုင်ပင်ဖေ ကို ကျန်တဲ့လူတွေက စကားရပ်ပြီး ဝိုင်းကြည့်နေကြလေ ၊

'အဲ··· အဟဲ···'

'ခင်ဗျားတို့ ဘာတိုင်ပင်နေတာလဲ၊ ရွာကို မီးရှို့မလို့လား'

'မဟုတ်ရပါဘူးဗျာ၊ ပေါက်ကရတွေ'

'ဒါဆို ဘာလဲ၊ မှန်မှန်ပြော'

'ရွာမှာ ဆက်နေချင်သေးလို့၊ ကိုချစ်ဆွေ ဆိုင်မှာ သုံးရက်လောက်ပေါ့၊ လွန်ရောကျွံရော တစ်လပေါ့ဗျာ'

စိုးကြီးက ခေါင်းကုတ်တယ်။

ချစ်ဆွေကြီးက ဝက်မှိန်းမှိန်းပြီး စဉ်းစားနေတယ်။ ကျန်တဲ့လူ အကုန်တိတ်။

ဂျိုကာက ခြသေ့ံတစ်ထပ်ကို ချစ်ဆွေကြီးလက် အပ်လိုက်တော့···

'ဘူး···ထွား···ထွား···ထွား···ဟား···ဟား···ဟား···'

ကာတွန်းကားထဲက ဝက်ဝံကြီးလို ထရယ်ပြီး ဂျိုကာနဲ့ ဂေါ်လီတို့ရဲ့ ပခုံးတွေကို ဖက်ကာ···





'ဒါ ပြောစရာလား၊ နေ··· တစ်လအထိနေ၊ ဒီအိမ်မှာ ငါ အိမ်ဦးနတ်ပဲ၊ ငါ့သဘော၊ နေစေဗျာ'

ဒီလိုပြောအပြီးမှာ အိမ်ထဲက ချစ်ဆွေကြီးရဲ့ မိန်းမအသံ ပေါ်လာတယ်။

'ကိုချစ်ဆွေ'

'ဘာတုံး'

'တော်တို့ပြောတာ အားလုံးကြားတယ်၊ ဒီကို လာခဲ့ဦး'

'အေးပါကွာ'

ကုပ်ကုပ် ကုပ်ကုပ်နဲ့ ထသွားရှာတယ်။ ပြောလိုက်ရင် မိန်းမပဲ နိုင်သလိုလိုနဲ့။ နောက်ဆုံးတော့ မိန်းမ ကြောက်ရတာ ချည်းပဲ။ ဂျိုကာတို့ဦးလေး ဦးအောင်မြင့်(ဖိုးလပြည့်စာပေ)နဲ့ ဒေါ်တင်နုရီတို့ လင်မယားလိုပဲ။ သူတို့လင်မယားက အထာကလေးတွေနဲ့ ခေါ်ကြတယ်။ ဒေါ်တင်နုရီက ဦးအောင်မြင့်ကို···

'လူပျိုတော်ပဏ္ဍမြား' တဲ့။

ဦးအောင်မြင့်က ဒေါ်တင်နုရီကို···

'နန်းမတော်မယ်နု' တဲ့။ သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲ။ ဟိန်းလိုက်ဟောက်လိုက်ရင် ဦးအောင်မြင့်ပေါ့။ ဒေါ်တင်နုရီ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်ပြီး မျက်စောင်းထိုး အခန်းထဲဝင်သွားရင်တော့ လိုက်ချော့ရပြီလေ။ အဲဒီတော့မှ ဒေါ်တင်နုရီက ၈/ ~ခါင်းထိပ်ဖျား လိမ်ဆွဲလိုက်၊ ပါးစပ် ဆွဲဖြဲလိုက်၊ ပေါင်ကြော. မလိုက်နဲ့ မိန်းမလုပ်သမျှဒဏ်ကို ပြုံးပြုံးလေး ခံတော်မူတယ်။ ဒီလိုမှမချော့ရင် ညစာငတ်မှာကိုး။ ဟုတ်တယ်လေ။ ညဘက် ထမင်းခူးခပ်မကျွေးရင် ငတ်ပြီပေါ့။ ကိုယ့်ဘာသာကိုယ်ကျတော့ ခူးစားရမှာ အလွန် အပျင်းကြီးသူကြီးကိုး။

ချစ်ဆွေကြီးတစ်ယောက် သူ့မိန်းမရှိရာ အိမ်ပေါ်တက်သွားပြီး တီးတိုးတီးတိုး သဖန်းပိုး လုပ်နေပါလေရော။ သိပ်မကြာဘူး မိန်းမ်ကို ငွေပေးလိုက်တော့ အသံတစ်မျိုးထွက်လာတယ်။

'ဩော်… ဟုတ်လား၊ အဟင်း… ဟင်း… ဟင်း… မြို့က ညှော်သည်တွေပဲ၊ တည်းပါစေလား၊ တကယ်ပဲ ညှော်သည်တွေကို အားနာစရာ၊ ဘာလို့ နှုတ်ဆွံ့နေရတာလဲ၊ ဟယ်… ဂယ်ပဲဟယ်၊ ဟွန့်…'

ချစ်ဆွေကြီး ဘီလူးပြုံးကြီးနဲ့ ပြန်ဆင်းလာတယ်။

'ဒါ မိုင်နာကျေ့စ်ပါ၊ အဆင်ပြေတယ်… နေစေဗျာ'

ဂျိုကာတို့ ခုမှပဲ ပါမစ်ရတော့တယ်။ စိုးကြီးလည်း ခုမှ





ပြုံးနိုင်တယ်။ သူ့အိမ်မှာ ပြန်သောင်တင်မှာ လန့်နေတာကိုး။

ဖိုးလုံးက…

'ကျုပ်အိမ်မှာ လိုက်နေစမ်းပါဗျာ၊ အေးဆေးပဲ'

ဖိုးတုတ်က ဖိုးလုံးကို စိတ်အချဉ်ပေါက်ဟန်ဖြင့် ကြည့်လိုက်ပြီး…

'မင်းတောင် ကိုယ့်အိမ်ကိုယ် ပြန်ကပ်လို့ရလို့လား၊ အားအားနေ အမွေသွားသွားတောင်းနေလို့ ညီအစ်ကို မောင်နှမတွေက ဝိုင်းရိုက်ချထားတာကိုများ'

'ဟေ့ကောင် ဖိုးတုတ်၊ ငါလည်း မြို့သားတွေလို ဖောရွှေကြည့်တာပါကွ၊ မင်းကလည်း ဘော်ဒါအကာနဲ့နဲ့ မင်းအိမ်ခေါ်ထားပါလား'

ဗီဒီယိုဇာတ်ကားတွေ အကြည့်များထားတဲ့ ရွာသားတွေဆိုတော့ ဒိုင်ယာလော့ခ်တွေကလည်း မြို့လေသံနီးနီး ပေါက်နေကြပြီ။

'ငါ့အိမ်က ကျဉ်းလို့ပေါ့၊ နို့မို့ ခေါ်ထားတယ်၊ ဒီလိုလုပ်၊ ဖိုးချွန်အိမ်မှာနေ'

'ဟိုး… ငါ့အိမ်မှာ ငါ့အမေက အပေါက်ဆိုးတယ်၊ ဒီ ညှော်သည်တွေကို ရေပေါ်ထိုးလွှတ်နေမှ ခက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ကျွန်တော်တို့နေဖို့ အဆင်ပြေပြီ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှဆက်မပြောကြပါနဲ့၊ ဂျပ်ပစီတွေ မဟုတ်ပါဘူး'

'ဂျစ်ပစီဆိုတာ နောက်ပေါ်တဲ့ အချိုးရည်လား'

ဗီဒီယိုကားတွေထဲ ထည့်ပြောလို့မရတဲ့ဟာကျတော့ သူတို့ ဝေးသွားပြန်ရော။

'ဒီမှာ အဆင်ပြေနေပြီ၊ မလိုအပ်တော့ဘူး၊ ကျွန်တော်တို့ နှစ်ယောက် လိုအပ်နေတာက အချစ်'

'ဘာအခြစ်လဲ၊ မီးခြစ်လား'

'နှလုံးသားထဲက အချစ်ကို ပြောတာဗျ'

ရွာသူရွာသားတွေအချင်းချင်း အကြည့်ချင်းလည်း နားလည်မှုရအောင် ညှိကုန်ကြ၏။

'ရွာက လူတွေ ကျွန်တော်တို့ကို ပြန်ချစ်အောင် လုပ်ရမယ်၊ ရွာကလူတွေ လန့်နေတဲ့ တစ္ဆေဂျုပုမကို မိအောင်ဖမ်းပြမယ်'

စိုးကြီး သူ့ဟာသူ စမ်းပြီး (မှတ်ဆိတ်ငုတ်တို)

'ကြည့်လုပ်ဟ၊ ငါ့တုန်းက တစ္ဆေကိုက်ခံရပြီးပြီ၊ ဒါမျိုးတွေ မယုံလည်း မရ၊ ယုံလည်း မရနဲ့၊ မင်းတို့ပါ တစ္ဆေကိုက်ခံရတဲ့ 'ဥ'တွေ ဖြစ်ကုန်မယ်'





'ခင်ဗျားက ညှံ့လို့ခံရတာပါဗျ'

'ဘာကွ… စိုးကြီး မညှံ့ဘူး၊ ဘယ်တော့မှ မညှံ့စေရဘူး၊ ငါ့ကို မခံချင်အောင် မပြောနဲ့'

ဒီမှာတင် ဖိုးချွန်က ဝင်ပြီး…

'ခံချင်အောင် ပြောရမှာလား'

'အေး…'

'အဲဒါဆို လာ၊ သွားမယ်လေ'

'ဟေ့ကောင် ဖိုးချွန်၊ မင်း ငါ့ကို ဘာအောက်မေ့နေသလဲ၊ ငါ ယောကျ်ားဘသားကွ၊ ငါ ထိုးလိုက်ရ၊ နာမယ်၊ ဒီလက်သီးက ဝါးပိုးဝါးဆစ်ပိတ်ကို ထိုးရင်တောင် ကွဲတဲ့လက်သီးကွ'

'ဝါးပိုးဝါးဆစ်က မကွဲဘူး၊ ခင်ဗျား လက်သီးပဲ ကွဲသွားတာ မဟုတ်လား'

ဖိုးချွန် ပြန်ချေပလိုက်တဲ့ စကားကြောင့် အားလုံး ဝါးဟားဟားတွေ ဖြစ်ကုန်ကြ၏။ စိုးကြီးတစ်ယောက် ဘီလူးဝမ်းချုပ်နေတဲ့ မျက်နှာကြီးနဲ့ အံတင်းတင်းစေ့ကြိတ် လက်သီးလက်မောင်းတန်းကာ…

'မင်းတို့က ငါ့ကို ဝိုင်းလှောင်တယ်ပေါ့၊ ဟုတ်စ၊ ကွ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ စိုးကြီးအကြောင်းကို ပြရသေးတာပေါ့၊ အဲဒီ တန္ဆေဂျပုမကို ကျုပ်ကိုယ်တိုင် လက်ရဖမ်းပြမယ်၊ ကျုပ် ခြံထဲကို အီးယိုသွားတဲ့ဟာမ၊ ငုတ်ချွန်ချွန် ရှုပါစေ'

ထပ်လျှောင်ရယ်ကြပြန်ရော။ စိုးကြီးလည်း ကိုယ့်လက်ကျန် ကိုယ်ကစ်ပြီး ဆိုင်ထဲက သုတ်ခနဲ ထထွက်သွားလေရဲ့။

✣ ✣ ✣

ချစ်ဆွေကြီးမိန်းမက ကြက်သားဟင်း ချက်ကျွေးတယ်။ ညစာစားပြီးတာနဲ့ ဝင်းမြဆွေလေးတို့အိမ်ကို သွားလည်ကြတယ်။ ဒီည တန္ဆေဂျပုမကိုလည်း ချောင်းချင်သေးတယ်။ မသက်ာဆုံးကတော့ ချမ်းသာရွာထဲက 'ခင်စန်း' ပေါ့။

ခင်စန်းက အောက်လမ်းလိုလို၊ ဆယ့်ခြောက်ကြိုးလိုလို၊ ကဝေလိုလိုနဲ့ ဘာကြီးမှန်းကို မသိဘူး။ သူ့အိမ်ထဲက သူထိုင်တဲ့ ဘေးပတ်လည်မှာလည်း ရွှံ့ခြောက်နဲ့ လုပ်ထားတဲ့ ဘီလူးရုပ်တွေ၊ ပုံဆိုးပန်းဆိုး အရုပ်တွေကလည်း မြင်လိုက်သူ စိတ်ချောက်ချားချင်စရာ၊ အဆိုးဆုံးကတော့ ဘယ်သင်္ချိုင်းကုန်းက ကောက်လာတာလဲ မသိဘူး။ လူခေါင်းခွံကြီး။ အဲဒီအပေါ်မှာ ဖယောင်းတိုင်





မီးက တရှဲရှဲထွန်းထားလိုက်သေးတယ်။ အကြားအမြင်လိုလိုကလည်း လုပ်လိုက်သေးတယ်။

ရမ်းသမ်းစွတ်ပေါနေတာ မှန်တဲ့အခါ မှန်၊ မှားတဲ့အခါ မှားပေါ့။

ဝင်းမြဆွေလေးတို့ အိမ်ကိုရောက်တော့ နားလေးပါးလေးနဲ့ ဝင်းမြဆွေအမေ မုဆိုးမ မပိုင်းတစ်ယောက်တည်းပဲ မီးခွက်ကလေးရှေ့မှာ ပြောင်းဖူးဖက်လိပ်ကြီး တရဲရဲဖွာနေတာ တွေ့လိုက်ရတယ်။

ငြိမ်ကြည့်နေတုန်း သူတို့နှစ်ယောက်ရဲ့ ကျောပြင်ကို လက်ဝါးကြီးနှစ်ဖက်နဲ့ ရိုက်ခံလိုက်ရတယ်။

'ဘုတ်…'

'အင့်…'

'ဘုန်း…'

'အား…'

လန့်ဖျပ်အော်ဟစ်ပြီး နောက်လှည့်ကြည့်လိုက်၏။

'ဘာလာချောင်းနေတာလဲ မြို့သားတွေ'

'စိုးကြီး… ခွီးတယ်မှ၊ လန့်သွားတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'တစ္ဆေဂျပုမကို ဖမ်းမယ့်ကိစ္စ ငါလည်း ပါတယ်လေကွာ၊ ဒါကြောင့် လိုက်ချောင်းရအောင် ငါ လိုက်လာတာ'

'အဲဒါ ထားဦး၊ ဝင်းမြဒွေ ပျောက်နေတယ်'

'ရှိမှာပေါ့၊ ဝင်မေးကြည့်ပါလား၊ နေဦး… ဒေါ်ပိုင်းက နားလေးကြီး၊ မျက်စိကလည်း မှုန်တယ်၊ သူ့ကို သရဲခြောက်ရင်တောင် ခြောက်တဲ့သရဲ ထိုင်ငိုသွားလိမ့်မယ်၊ မမြင်မကြားကြီးကိုး၊ ငါ ဝင်မေးမယ်'

စိုးကြီးက အော်သံကျယ်ကြီးနဲ့ ဝင်မေးတယ်။

'ဝင်းမြဒွေရေ… ဝင်းမြဒွေရှိလား'

'အဲ… ဘယ်သူတုံး၊ အချိန်မတော် ငါ မုဆိုးမအိမ်ရှေ့လာအော်နေတာ ပတ်ဝန်းကျင်ကြားရင် တစ်မျိုးထင်ကုန်တော့မှာပဲ'

'ဒေါ်ပိုင်း ကျုပ် စိုးကြီးပါဗျ'

'သြော်… အေး… ဥတစ်လုံးရေ၊ ပြော'

'လုပ်ပြန်ပြီ၊ ဒီလိုမခေါ်ပါနဲ့ဆိုမှ၊ ဝင်းမြဒွေ ဘယ်ရောက်သွားပြီလဲ'

'ခင်စန်း လာခေါ်သွားတယ်၊ အန္တရာယ်ကင်းအောင် လက်ဖွဲ့ကြိုး လုပ်ပေးမလို့တဲ့'





'ကဲ… ကြားတဲ့အတိုင်းပဲ၊ ခင်စန်းက ဘာတွေပေါက်ကရလုပ်ဦးမလဲ မသိဘူး၊ လိုက်သွားကြမယ်'

'ခင်စန်းအိမ်ရောက်ရင် တန်းမဝင်နဲ့နော်၊ ချောင်းကြည့်နားထောင် လုပ်ရအောင်'

ဂျိုကာ စကားကြောင့် စိုးကြီးက ခေါင်းညိတ်ပြီး ရှေ့ကတက်တက်ကြွကြွ ချီတော့၏။ ခင်စန်းတို့ ခြံဝင်းထဲဝင်တော့ ခင်စန်းအိမ်ရှေ့မှာ စားပွဲဝိုင်းခင်း၊ ဖယောင်းတိုင်ထွန်း၊ အသားစိမ်း၊ ထမင်း၊ အရက်၊ အသားကြော်ချက်တွေ တင်ထား၏။ ညအချိန်မတော် ဘာတွေဖိတ်ခေါ်ကျွေးပြီး သူ့ကိုယ်သူ အစွမ်းတင်လေဦးမလဲ မသိ။

ဝါးရုံပင်အကွယ်ထဲဝင်ပြီး ချောင်းကြည့်လိုက်တယ်။ ခင်စန်းတစ်ယောက် စားပွဲတစ်ဖက်မှာ ဝင်းမြဒွေနဲ့အတူ ထိုင်နေ၏။ ကြွေပန်းကန်ကို ဓွန်းနဲ့ခေါက်ပြီး ပါးစပ်က ပွစိပွစိရွတ်နေ၏။ သိပ်မကြာခင် တစ်ဖက် ဝါးရုံတောထဲမှ မည်းမည်းအရိပ်တစ်ရိပ် ထွက်လာ၏။ ခင်စန်းက ဖယောင်းတိုင်မီးကို မှုတ်လိုက်ပြီး အသံသြသြ အက်အက်ကြီးနှင့်…

'လာ… လာစား၊ လာ… လာစားစမ်း'



www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းက တရွေ့ရွေ့နှင့် လျှောက်လာနေ၏။ ဂျိုကာ
က…

'အဲဒါ တစ္ဆေ… ဂျ… ပု… မ…'

'အေး… ဟုတ်… တယ်… အဲဒီ အရွယ်အစားပဲ'

'ဝိုင်းဖမ်းမယ်၊ ငါတို့က သုံးယောက်တောင်'

စိုးကြီးက ပုဆိုးတိုတို ပြင်ဝတ်နေတယ်။ မည်းမည်းအရိ
က ဝိုင်းဆီရောက်သွားပြီး ထိုင်စားနေပြီ။ စိုးကြီး ပြေးထွက်သွာ
ပြီး ဂျိုကာတို့ပါ ပြေးလိုက်သွားရတော့တာပေါ့။

'ဟိတ်… မပြေးနဲ့၊ တစ္ဆေဂျပုမ'

'ဝိုင်းပျော့… ဝိုင်းထား'

'ဟဲ့… ဟဲ့… ဘယ်သူတွေလဲ၊ ဘာလာလုပ်တာလဲ'

'ဟင်… မြို့သားနှစ်ယောက်နဲ့ စိုးကြီး'

ကြယ်ရောင်အလင်းပျပျ ရေးရေးထဲမှာဖြစ်နေ၍ ခင်စ
က မီးထွန်းလိုက်၏။ ဒီတော့မှ မည်းမည်းကြီးကို အသေအခ
ကြည့်လိုက်ရာ…

'အောင်မလေး… ဂျပုမသရဲ'

'တစ္ဆေဂျပုမ အစစ်ကြီး၊ အီး… ဟီး… ဆံပင်ဖားလျာ
ကြီးနဲ့၊ တောင့်တောင့်ကြီး'





'ကိုင်ကြည့်စမ်း… အသားတွေ အေးစက်နေတာပဲ'

စိုးကြီးက တောင့်တောင့်ပြုးကြောင်ကြောင်ကြီးနဲ့ ဆံပင်ဖားလျားချထိုင်နေတဲ့ တစ္ဆေဂျပုမရဲ့ လက်တွေကို ကိုင်ကြည့်ပြီး အလန့်တကြား ပြောလိုက်၏။ ခင်စန်းက…

'ခုမှပဲ ဘူးပေါ်သလို ပေါ်ကုန်တော့တာပဲ၊ ဟင်း…'

ဝင်းမြဆွေ အသာငြိမ်ပြီး မြို့သားနှစ်ယောက်ကို အကဲခတ် ကြည့်နေ၏။

'ဂျပုမက တကယ်ပဲ တစ္ဆေဖြစ်နေတာလား ခင်စန်း၊ ဒီအမှုကို အမှန်မဖော်ရင် တစ်ရွာလုံးက နင့်ကိုခေါ်မှာနော်၊ တစ္ဆေကို ရွာထဲခေါ်ရင် ရွာနာပြီး လူအသေအပျောက်တွေ များကုန်မယ်'

ခင်စန်းက ခေါင်းကုတ်ပြီး…

'ကဲ… မရှင်းရင် ပိုရှုပ်ကုန်တော့မှာပဲ၊ ဂျပုမရေ၊ သူတို့ကို ရှင်းပြလိုက်တော့မယ်၊ နင်လည်း သရဲဟန်ဆောင်မနေနဲ့တော့၊ ဒီလိုပော့'

ဂျပုမက ဒီတော့မှ လူရှင်လို မျက်နှာထားပြန်ပြင်လိုက်ပြီး မျက်နှာပေါ်က အညိုအမည်းတွေကို လက်သုတ်ပဝါဖြင့် သုတ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ မြို့သားနှစ်ယောက်ကို စိတ်နာလို့ လိုက်ခြောက်မိတာ၊ ကျွန်မ တကယ် သေသလိုဖြစ်သွားတဲ့ သချိုင်းမှာ မြေမြှုပ်တဲ့အထိ သတိပြန်လည်မလာဘူး၊ မခင်စ နဲ့ သုဘရာဇာကြီးတို့ပဲ ကျွန်တော့တဲ့အချိန်ပေါ့၊ မြေကြီးကလည်း ဖွဖွလေးပဲ ဖို့ရသေးတယ်၊ ကျွန်မ သတိပြန်ရလာပြီး ခေါင်းဖုံးထဲကနေ အော်ရတယ်၊ ဒီမှာတင် သေရွာပြန် ကျွန်မကို မခင်စန်းနဲ့ သုဘရာဇာကြီးက ကယ်တင်ထားတာ၊ ကျွန်မ သေသလိုနဲ့ မျောနေတုန်းက ရှင်တို့ မြို့သားတွေဆီကို ရောက်လာသေးတယ်လေ'

'ဟာ… ဟုတ်တယ်၊ အဲဒီတုန်းက သရဲခြောက်တာမှတ်လို့'

'ရွာကလူတွေအားလုံး ကျွန်မ သေပြီပဲ ထင်နေကြတာ၊ ကျွန်မကလည်း အဲဒီအတိုင်းပဲ သဘောထားချင်တော့တယ်၊ မခင်စန်းက တောထဲက တဲမှာ ကျွန်မကို ထားပေးတယ်၊ ကျွန်မ သူငယ်ချင်း ဝင်းမြဆွေကိုပဲ ထပ်အသိပေးတယ်၊ ဝင်းမြဆွေနဲ့ မခင်စန်းက တစ်လှည့်စီကျွေးမွေးထားလို့ အသက်ဆက်ရှင်ရတာပေါ့၊ ကျွန်မကတော့ ရှင်တို့ တစ်နေ့ ပြန်လာမယ်၊ အကြွေးလာသိမ်းမယ်ဆိုတာ သိလို့ ကြိုတင်အကွက်ချ ပြင်ဆင်မှုတွေနဲ့ စောင့်နေခဲ့တာ'





စိုးကြီးက…

'အကြံကြီးလိုက်တဲ့ဟာတွေ၊ ငါ့ခြံထဲမှာ ခြောက်တာ နင်တို့သုံးယောက် မဟုတ်လား'

'ဟုတ်တယ်၊ သုဘရာဇာကြီးတောင် ပါသေးတယ်၊ အလျှော်ခံတဲ့ ဝက်ဝံအင်္ကျီကို ဂုန်လျှော်ခွံလူးထားတာတွေနဲ့ ယက်လုပ်ဝတ်ဆင်ပြီး ခြောက်လှန့်တာလေ၊ မြို့သားနှစ်ယောက် အကြောက်လွန်ပြီး သေသွားလည်း သေဆိုပြီး ပြန်ပညာပေးတာ'

ဒီတော့မှ ဂျိုကာနဲ့ ဂေါ်လီတို့လည်း သူတို့နဖူးတွေ သူတို့ တဖတ်ဖတ်ရိုက်ပြီး အံ့သြမဆုံးနိုင်အောင် ဖြစ်ရတော့တယ်။

ဂျိုကာက…

'ဒါကြောင့် ဝင်းမြဆွေကို တစ္ဆေဂျပုမ ဝင်ပူးချင်ယောင်ဆောင်ခဲ့တာကိုး'

ခင်စန်းက…

'ဟုတ်ပါတော်… တော်တို့ကလည်း သရဲဝတ်ုံတွေဝတ်ပြီး ကျုပ်ကို ပြန်ခြောက်ခဲ့တာပဲဟာ'

ဂေါ်လီက…

'ငါတို့ အနူးအညွတ်တောင်းပန်ပါတယ် ခင်စန်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ သေစေချင်တဲ့အထိတော့ အငြိုးမကြီးပါနဲ့'

ဂျိုကာကလည်း…

'ဟုတ်တယ်ဟာ၊ အဲဒါတော့ လွန်တ'

ဂျပုမက…

'အင်းပါလေ… ကျွန်မလည်း ကျေပြီလို့ သဘောထား

လိုက်ပါတယ်'

ခင်စန်းက…

'ဒါဆိုရင် ခင်စန်းကို ကိုပေါလို မဖြစ်ရအောင် မြို့သာ

နှစ်ယောက်ထဲက တစ်ယောက်ကတော့ ရွေးယူရမယ်၊ ကဲ…'

ဂျိုကာနဲ့ ဂေါ်လီတို့ ခေါင်းကုတ် ဖင်ကုတ် လုပ်ကုန်ကြ

၏။ စိုးကြီးကတော့…

'ငါ ဖော်ရင် အကုန်ပေါ်တာပဲ၊ စိုးကြီးကို အထင်သေး

တဲ့ကောင်တွေတော့လား တွေ့ကြသေးတာပေါ့'

'ကြည့်လုပ်ဦး၊ ရွာကလူတွေက ဂျပုမ ဒီလိုလုပ်ရမလား

ဆိုပြီး စိတ်ဆိုးနေကြဦးမယ်'

'စိတ်ဆိုးတာထက် ဝမ်းသာကြမှာပါ'

'စကားတွေ ပေရှည်မနေနဲ့၊ ဂျပုမကို ဘယ်သူယူမှာလဲ





'အဟဲ… ကံစမ်းမဲ ဖောက်ကြည့်တာပေါ့'

'တော်ပါရှင်… တကယ်မချစ်တဲ့ ရှင်တို့ရဲ့ အချစ်ကို ကျွန်မ နားလည်သွားပြီ၊ မမျှော်လင့်ချင်တော့ပါဘူး၊ စိတ်ပျက်သွားပါပြီ'

အားလုံး ငြိမ်တိတ်သွား၏။ စိုးကြီးက…

'ဝင်းမြဆွေကို ဒီနှစ်ကောင်က အသေကြိုက်နေကြတာ ဟ'

ဝင်းမြဆွေလေး မျက်နှာ ရဲတက်သွား၏။

'ကိုစိုးကြီးကလည်း ဘာမှန်းလဲ မသိဘူး၊ ဟွန့်…'

'မဟွန့်ပါနဲ့ ဝင်းမြဆွေရယ်၊ နင် စွန့်စားရတော့မယ်'

'ကျွန်တော်တို့က ဂျပုမကို ညီမလေးလို သနားချစ် ချစ်ကြတာ၊ ဝင်းမြဆွေကိုတော့ မိန်းမလေးလို မယားချစ် ချစ်ချင်ကြတာဗျ'

ဂေါ်လီ စကားကြောင့် ဝင်းမြဆွေလေး တွန့်သွား၏။ ဂျပုမက မျက်စောင်းထိုး၏။ ခင်စန်းက မျက်တောင်ကြီးတွေ ပင့်လိုက်၊ မြှောက်လိုက်နှင့် အကဲဖမ်းကြည့်နေ၏။ ဒီအချိန်မှာ ပဲ…



www.burmeseclassic.com

www.burmeseclassic.com



'ဟီး… ဟီး… ဟီး… ဟီး…'

'ဟား… ဟား… ဟား… ဟား…'

'ဟိုး… ဟိုး… ဟိုး… ဟိုး…'

ရယ်သံမျိုးစုံ ကြားလိုက်ရတယ်။ ဝါးရုံတောထဲက မည်းမည်းကြီးသုံးကောင် ကားကားကြီးထွက်လာကြတယ်။

'ဘာသံတွေလဲ'

'ဟာ… ဟိုမှာ အီး… ဟီး… သရဲတွေ'

'အဲ… အဲဒါ တကယ့်သရဲတွေ ဖြစ်လိမ့်မယ်'

'မလုပ်ကောင်းတာတွေ လျှောက်လုပ်လို့ အခုမှ တကယ့်သရဲတွေ ထွက်လာတာ ဖြစ်လိမ့်မယ်'

'ဟုတ်တယ်၊ ပြေးဟေ့… ပြေးဟ… ဒါမှ တကယ့်သရဲအစစ်တွေ၊ လာ…'

'အို…'

ဖယောင်းတိုင်မီးကို ခင်စန်းက မှုတ်လိုက်တယ်။ အိမ်ရှေ့မှာ လူတွေ ယောက်ယက်ခတ်ကုန်တယ်။ မည်းမည်းကြီးတွေကလည်း သုံးဘက်ခွဲပြီး ညှပ်ပြီး ကုပ်ချိုးတော့မယ့်အတိုင်း ရပ်နေကြတယ်။





နီးရာလူခွဲပြေးကုန်ပါရော။

ဂျိုကာက ဂျပုမကို ဝင်းမြဆွေအမှတ်နဲ့ လက်ဆွဲပြီး နောက် ဘက် ဝါးရုံတောထဲ ဝင်ပြေးတယ်။ ဂေါ်လီကလည်း ခင်စန်းကို ဝင်းမြဆွေအမှတ်နဲ့ လက်ဆွဲပြီး ဘေးဘက်ချုံတောထဲကို ဝင်ပြေးပါလေရော။ စိုးကြီးက ခင်စန်းအမှတ်နဲ့ ဝင်းမြဆွေလက်ကို ဆွဲပြီး…

'ဂီး… ဂရား၊ ဂဲ… ဟိုက်ယား'

သရဲသုံးကောင် ကြားထဲကနေ သရဲသံလိုလို၊ ခွေးမာန်ဖီသံလိုလို ဂူးဂဲဂါးနှင့် မာန်ဖီပြန်လှန့်ပြီး ထိုးဖောက်ထွက်ပြေးတယ်။ သုံးတွဲ ဆန့်ကျင်ဘက်နေရာတွေကို ထွက်ပြေးကုန်ကြတော့တယ်။ စိုးကြီးတစ်ယောက် သူ့ခြံထဲက ချေးပုံကြီးကိစ္စတောင် မရှင်းလိုက်ရရှာဘူး။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

'ဂျပုမ… နင် ဘာမှမဖြစ်ဘူးနော်'

'အေး… ငါ့ကို နင် တကယ်ချစ်လို့ ဒီလို ကယ်တင်ခဲ့တာ မဟုတ်လားဟင် ဂျီကာ'

'ဟုတ်ဘူး၊ ငါ လူမှားဆွဲလာတာ၊ ဝင်းမြဆွေ မှတ်လို့၊ နောက်လှည့်မကြည့်မိဘူး၊ ဝါးတောထဲ မှောင်မှောင်မည်းမည်း ပြေးရတော့ ဗိုက် ဝါးချွန်စိုက်မှာစိုးလို့ဟ၊ ထင်တော့ ထင်သား၊ လက်မဘုကြီးက ကြီးပါတယ်လို့'

'ဝင်းမြဆွေ လက်ကို နင်က ကိုင်ဖူးလို့လား'

'မကိုင်ဖူးပေမယ့် အသေအချာတော့ မြင်ဖူးတယ်လေ'





'ငါ့လက်မက တင်းပုတ်လက်မတဲ့၊ အလိုမကျရင် လူသတ်တတ်တယ်၊ နားလည်လား၊ နင် ငါ့ကို မရွေးချယ်ရင် နင့်ကို ငါ သတ်ပစ်မယ်'

'ဒီလို မှောင်မည်းနေတဲ့ ဝါးတောအကွယ်က ကောက်ရိုးပုံကြီးတွေနားမှာ ဒီလိုတော့ နင် မကြံစည်ပါနဲ့၊ နောက်က သရဲကြီးတွေ လိုက်လာရင် နင်ရော ငါရော ရှော့ခ်ရှိတယ်'

'ဘာရှော့ခ်ရှိရှိ နင် ငါ့ကို ရှော့ခ်ချင် ရှော့ခ်၊ မရှော့ခ်ရင်တော့ နင့်ကို ငါ ရှော့ခ်မှာပဲ၊ ဟောဒီမှာ တွေ့လား၊ ကိုယ်နဲ့မကွာဆောင်ထားတဲ့ ဓား'

'ဂျပုမ နင်နော်၊ မဟုတ်တာတွေ မကြံစည်စမ်းပါနဲ့၊ နင်တို့ မိန်းကလေးတွေက အမျိုးသမီးရေးရာ ရှိသေးတယ်၊ နင်တို့ရေးရာရဲ့ ဥက္ကဋ္ဌက ဒေါ်တင်နုရီ မဟုတ်လား၊ သူ့ကို သွားတိုင်ရင် ငါ ဒုက္ခရောက်လိမ့်မယ်၊ နင့်ကို ဘာမှမလုပ်ရသေးဘဲ နင့်ဘာသာ အင်္ကျီတွေဆွဲဖြဲပြီး သွားတိုင်ရင် ငါ့ကို အရေးယူမှာဟ၊ ဒါကြောင့် အားကြီးတဲ့ နင်တို့က အားနွဲ့တဲ့ တို့ယောကျ်ားလေးတွေကို သက်ညှာပေးပါဟာ'

'မညှာနိုင်ဘူး၊ နင်တို့မှာလည်း ကာလသားခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့် ရှိနေတာပဲ၊ သူ့ကို တိုင်လို့ရတာပဲ၊ ပြောင်းပြန်တွေ ပြောမနေနဲ့'

'ကိုအောင်မြင့်က စိတ်ညစ်ရင် ဘီယာပဲ ထိုင်သောက်နေတာ၊ ခုတလော ညစ်နေလို့ ပြန်သောက်နေသတဲ့၊ မြန်မာဘီယာ ဆိုတဲ့ ထန်းရည်လေ'

'တော်စမ်း… အပိုတွေ ပြောမနေနဲ့၊ နင် ငါ့ကို ချစ်မလား၊ မချစ်ဘူးလား၊ ဒါပဲပြော'

'ဟိုက်… စိတ်ညစ်ပါတယ်'

'ဘာ… 'သိပ်ချစ်ပါတယ်၊ ဟုတ်လား'

ဓားဦးနဲ့ လည်ပင်းထောက်ပြီး မေးလာ၍ ဂျိုကာလည်း မဖြစ်မနေ ခေါင်းညိတ်ပြလိုက်ရတော့၏။

'နင် သိပ်ချစ်တယ်ဆိုရင် ငါ ဝမ်းသာပြီ၊ နင် ချစ်တာကို သက်သေပြ'

'ဘယ်လိုသက်သေပြရမှာလဲ'

'အ,ချင်ယောင်ဆောင်မနေနဲ့၊ ကောက်ရိုးပုံထဲမှာ သွားထိုင်ပြီး သမီးရည်းစားတွေလို စကားပြောကြမယ်'

ဓားကြီးထောက်ပြီး ခိုင်းနေ၍ ဂျိုကာလည်း ခေါင်းကုတ်





ပြီး လိုက်လုပ်ပေးရတော့၏။

'ဘာလို့ မျက်နှာကြီး စူပုပ်နေရတာလဲ၊ ဖက်လေ၊ ငါ့ကို…'

'ဖက်ပါဘီ၊ အဟင့်…'

'ဘာအဟင့်လဲ၊ ကြင်ကြင်နာနာ ဖက်ထားစမ်းပါ'

'အင့်ဟာ… အင့်ဟာ… အင့်ဟာ…'

'ဆောင့်ဖက်ကြီး မလုပ်နဲ့၊ ငါ့ပါးကို နမ်း'

'ရှလွတ်… ရှလွတ်…'

'ခွေးလျှာလျက်သလို မလုပ်နဲ့'

'ဘယ်လိုနမ်းရမှာလဲလို့'

'ဖွဖွလေးနမ်း၊ စုံတွဲတွေ နမ်းတာ နင် မတွေ့ဘူးလား'

'ဦးအောင်မြင့်က ဒေါ်တင်နုရီကို ခိုးနမ်းတာ ထန်းတောထဲမှာ တွေ့ဖူးတယ်'

'အဲဒီလို နမ်း'

'ထန်းပင်အကွယ်ကနေ ဆတ်ခနဲ ထွက်နမ်းရတာဟ၊ ဒေါ်တင်နုရီကလည်း ရေအိုးလေးလှုပ်ပြီး ရေခပ်ဆင်းလာတော့၊ ဟောဒီလို 'ရွတ်' လိုက်တော့ ရတ်တရက်ဆိုတော့ ဒေါ်တင်နုရီ



www.burmeseclassic.com

www.burmeseclassic.com



လည်း လန့်ပြီး လက်ပြန်ရိုက်ချလိုက်တာ ဖောင်းခနဲပဲ နောက်မှ သူ့အချစ်ဆုံးကြီးဖြစ်နေလို့ ပါးကို လက်နဲ့ပွတ်ပေးပြီး ဘယ်ပြန် ညာပြန် အနမ်းခံတယ်'

'အေး… အဲဒီလို နမ်း၊ လက်ပြန်ရိုက်ပေးစရာ လိုသေး လား၊ ပြောနော်'

'ဟိုးထား… ရှတ်… ရှတ်…'

'နမ်းပြီးရင် ဘာလုပ်ရမလဲဆိုတာ သိတယ်နော်၊ မလုပ် တတ်ဘူးလို့ ညာရင် ဗိုက်ထဲကို ဒီဓားနဲ့ ထိုးသွင်းပစ်လိုက်မယ်'

'အော်မင်း… ငီး… သိပါတယ်၊ တို့ကို ကြောရရုံကြံ မယ်တော့ မကြိုးစားပါနဲ့ သံမဏိဖက်မလေးရယ်၊ တို့က အရိုးခံ စူးလေးတစ်ချောင်းပါ သံမဏိ ဖက်ပေါ်ကျရင် ကျိုးသွားမှာပေါ့ လို့'

'လျှာမရှည်နဲ့၊ လုပ်ဆိုလုပ်'

'ဘာလုပ်ရမှာလဲလို့၊ အဟင့်…'

'နှိပ်လေ… အသကုန်နှိပ်၊ ပြေးရလွှားရတာ ညောင်းနေ တယ်'

'အကြောလျှော့ထားလေ၊ လက်ကနတော့ မပေါက်ဘဲ





နေမှာပေါ့လို့၊ သူနဲ့ တွေ့မှပဲ ဘဝပြောင်းတော့မယ်၊ လူဆိုးမ'

ဂျိုကာနဲ့ ဂျပုမတို့ ဖြစ်ပျက်နေကြသလို တစ်ဖက် ကျား လှူးတောထဲမှာလည်း ဂေါ်လီနဲ့ ခင်စန်းတို့ ပွဲကြမ်းနေကြပြန် တယ်။

'ဘယ့်နှယ်… ငါ့အနားချည်း အတင်းကပ်နေရတာလဲ ခင်စန်းရဲ့'

'ကျုပ် ကြောက်လွန်းလို့ပါတော်'

'ငါလည်း ကြောက်တာပဲ၊ ခွာခွာနေစမ်းပါ၊ နင်က အဲဒီသရဲတွေနိုင်တဲ့ ဆရာမကြီးဆို၊ အခုတော့ ချေးတောင် ချမ်းနေ ပါလား'

'ခု လာခြောက်တာ သဘက်ကြီးတွေတော့၊ ကမ္ဘာစောင့် သရဲကြီးတောင် ပါလာချင် ပါလာမှာ၊ ကျုပ်တို့ လုပ်ကြရအောင် လေ၊ ဒီလိုကြီး ရပ်နေတာ ကြာပါတယ်'

'ဘာလုပ်ရမှာလဲ'

'ရွာထဲသွား၊ ရွာထဲက လူတွေ နိုးကြရအောင်'

'ရွာ လန့်ကုန်ဦးမယ်၊ ကိုယ့်ပြဿနာ ကိုယ်ရှင်း'

'တော် ရှင်းတတ်လို့လား၊ ဒီကိစ္စ ပေါ့သေးသေးဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ပေါ့ကြီးကြီးရှင့်၊ အရှင်းမတတ် ကိုယ်ပြန်ပတ်မယ်'

'တိတ်စမ်း… ခြေသံတွေ ကြားတယ်၊ လာ… ဒီကုက္ကို ပင်ကြီးနောက်မှာ ဝင်ပုန်းနေရအောင်၊ အသံမထွက်စေနဲ့နော်၊ ငါ ဖက်ထားပေးမယ်၊ မလှုပ်နဲ့ ငြိမ်နေ၊ အီးတောင် မပေါက်နဲ့'

'ကျုပ်က အပျိုကြီးရှင့်'

'အရေးထဲ… အမှတ်ယူနေသေးတယ်၊ နင့်ကို ငါက ဘာလုပ်ရမှာလဲ'

'ရှိန်းတိန်းဖိန်းတိန်းကြီးတော်၊ အပျိုကြီးပေမယ့် ယောကျ်ားနောက် တစ်ခါပဲ လိုက်ဖူးတယ်၊ ကိုဖိုးလုံးနဲ့ လေနိပ်စက်လို့ မပေါင်းနိုင်တာနဲ့ ကွာလိုက်တာ'

'တိတ်… ဘယ်သူက ပုလိပ်စစ် စစ်နေလို့လဲ၊ နင့်အသံ သရဲတွေက သူတို့ ကမ္ဘာ့ဇိဒ္ဒိအစွမ်းနဲ့ နားပါးတယ်၊ ကြားသွားမှ အသားကင် တုတ်ထိုးလုပ်စားသွားမယ်'

'အမလေး… ကြောက်ပါရဲ့'

'ဘာဆဲတာလဲ'

'ကြောက်ဖော်နဲ့ လောပြောမိတာပါ၊ ကြောက်ပါရဲ့လို့ ပြောတာပါတော်၊ အရေးထဲ ရှင့် ရှင်းနေရသေးတယ်'





နှစ်ယောက်သား အသံတိတ်သွား၏။ ဒီအချိန်နဲ့တစ်ပြိုင် နက်တည်းလိုလို ချောင်းကူးတံတားပေါ်မှာ စိုးကြီးနဲ့ ဝင်းမြခွေတို့ လည်း ရောက်ပြီး အမောဖြေနေကြလေရဲ့။

'ငါဟာ ခင်စန်းမှတ်လို့ ခေါ်လာမိတာ၊ ဝင်းမြခွေ ဖြစ်နေပါရောလားဟ၊ စားရက်ကြံ့တော့ မုတ်ဆိတ်ပေါ် သကာရည်ဖိတ်ကျတာပဲဟ'

'စိုးကြီး နင်နော် ငါ့ကို မဟုတ်တာကြံမယ် မကြံနဲ့၊ ချောင်းရေထဲ ခုန်ချပစ်လိုက်မှာ'

'နင်ကလည်း ဒါလေးများ၊ ဖြစ်နေလိုက်တာ၊ ရက်ရော စမ်းပါဟ၊ သမီးတို့အကြိုက် ဥဒ်ချိုက်လုပ်လိုက်စမ်းပါ'

'စိုးကြီးနော်… နင့်မှာ မယားကြီး ငုတ်တုတ်ရှိရဲ့သားနဲ့ ငါ့ကို လာလှုပ်မနေနဲ့၊ ငါက နဲ့နေတဲ့ငုတ်တိုင် မဟုတ်ဘူး၊ ငါ စိတ်တိုလာရင် နင့်ကို နုတ်ပစ်မယ်'

'ငှီး… ဘာနုတ်မှာလဲဟ'

'နားထင်မွေးကို ပြောတာဟဲ့'

'အဲဒီလို လုပ်စမ်းပါ၊ နင် ငါ့ကို အထင်လွဲနေတာပါ၊ နင် မြို့သားဂျိုကာနဲ့ ဂေါ်လီတို့ထဲက တစ်ယောက်ကို ပြန်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ဒီကောင်တွေက နင့်ကိုရရင် ငါ့ကို တဝကျွေးမွေးပြုစုမှာ ဟ၊ ဒါကိုပြောတာ'

ဒီတော့ ဝင်းမြဒွေလေးလည်း ငိုင်တွေစဉ်းစားသွားတော့တယ်။

'ကဲ... နင် ဘယ်သူ့ကို ကြိုက်သလဲ'

'ဟီး... ခစ်... ခစ်... နှစ်ယောက်စလုံးကို ကြိုက်တယ်'

'ဟဲ့... နင် တစ်ယောက်ပဲ ရွေးရမှာဟ'

'အဲဒါကြောင့် ရွေးရခက်နေတာပေါ့၊ နင် ပြောစမ်း ဘယ်သူကောင်းမယ် ထင်သလဲ'

'ဂျိုကာက အရုပ်ရှည်တယ်၊ အဲဒါကြောင့် မိန်းကလေးတွေ ပိုကြိုက်ကြတယ်၊ ဂေါ်လီကျတော့ လူကောင်ဘုတ်တယ် နင်က ဘယ်ဟာကို ကြိုက်လဲ'

'ရှည်ရှည်တုတ်တုတ်ကို ကြိုက်တယ်'

'ကိန်... နင့်ဟာက ပြိုင်ရွေးမှာလား'

'ရွေးသင့်ရင် ရွေးရမှာပဲ'

ဒီအချိန်မှာပင် လှမ်းအော်ပြောသံကြီးကို ကြားလိုက်ရ၏





'ရွေးစရာ ငါတစ်ယောက်ပဲ ရှိတော့တယ်ဟေ့'

'ဟင်... ဂေါ်လီအသံပဲ၊ အဲ... လေးယောက်တောင်၊ ဂျိုကာလည်း ပါလာတယ်နဲ့ တူတယ်'

'အကုန်ပါတယ်၊ ဂျိုကာက ဂျပုမနဲ့ ငြိသွားပြီ၊ ရော့... ကိုစိုးကြီး ခင်ဗျားရဲ့ မခင်စန်း၊ လူပျိုလူလွတ်ဆိုလို့ ဟောဒီ ဂေါ်လီလေးပဲ ကျန်ပါတော့တယ်'

လေးယောက်သား အနားကိုရောက်လာကာ ခြောက်ယောက်ဝိုင်းကြီး တံတားအလယ်မှာ စုဖွဲ့မိကုန်တော့တယ်။

'ဟောဒီ ဂျိုကာနဲ့ ဘုရားပရိဝုဏ်ထိပ်မှာ ဆုံခဲ့ရတယ်၊ ဂျပုမက ဂျိုကာကို သူ့ရည်းစားလို့ ကြေညာလိုက်ပြီ၊ ခင်စန်းကလည်း သူနဲ့ စိုးကြီးက ငယ်ချစ်ဟောင်းတွေပါတဲ့'

ဂေါ်လီ ရှင်းပြနေတုန်း စိုးကြီးက...

'သိပ်အသားယူမနေနဲ့၊ ဝင်းမြဒွေ ဆန္ဒလည်း မေးဦးဟ'

ဂျိုကာကြီးကတော့ ခေါင်းကြီးစိုက်လို့။ ဂျပုမ ထောင်ချောက်ထဲ စိုက်ကျခဲ့ရပြီကိုး။ ဝင်းမြဒွေလေးက...

'ဒီလိုဆိုတော့လည်း ဂေါ်လီပဲပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



ဂျိုကာကလွဲရင် အားလုံး လက်ခုပ်ဝိုင်းတီးကုန်ကြတယ် အချစ်ဖောတွေကပ်ပြီး သူတို့နောက်လိုက်တဲ့ တွေကိုတော အမှုမထားနိုင်ကြတော့ဘူး။

ဂေါ်လီက ဝင်းမြဆွေလေးကို မရဲတရဲနှင့် ဆွဲဖက်ပ လိုက်၏။ ဝင်းမြဆွေလေးက တွန့်တွန့်လေး ယှက်လိမ်သွားပါလေ ရော။

ဂျပုမကလည်း အားကျမခံ ဂျိုကာ့ ခါးကို ဆွဲဖက်ပ လိုက်၏။ ဂျိုကာတစ်ယောက် ကုလားတွန် တွန့်သွားပါလေရော

'ဘာဖြစ်တာလဲ အသည်းတုံးကြီး၊ ခါးနဲ့လှီးရမလား

'လူဆိုးမ... လူကို ဒါနဲ့ ခြိမ်းခြောက်နေတယ်'

စိုးကြီးနဲ့ ခင်စန်းကလည်း ကြယ်ရောင်မှိန်မှိန်ထဲမှာ ပြ ပြုံးကြီးတွေနဲ့ ကြည့်နေလေရဲ့။

'ဒီအတိုင်းဆို ဓာတ်လမ်းရှင်းသွားပြီ၊ ဂျိုကာနဲ့လည် လုစရာ မလိုတော့ဘူး၊ စိုးကြီး အိုကေနော်'

ဒီလိုပြောနေဆဲမှာ တံတားကြီး တသိမ့်သိမ့်လှုပ်ခါသွ တယ်။ သိသိသာသာကြီး လှုပ်ခါနေရာကနေ ဝါးရုံပင်ကြီးတွေ ကိုင်းညွှတ်အိကျလာ၏။





'ဟာ... ဟိုမှာ ဝါးရုံထိပ်မှာ ဘာကောင်ကြီးတွေလဲ'

'အီး... သရဲကြီးတွေ၊ သရဲကြီးတွေ၊ ပြေး...'

ရွှေဘိုစု ရွာဘက်ကမ်းက ဝါးရုံကြီးတွေ ညွှတ်လိုက် ရှန်းလိုက် ဖြစ်ကုန်ကြ၏။ ချမ်းသာရွာဘက်ကမ်းက ဇရပ်ရောက် အောင် ပြန်ပြေးတော့။

'အူး... ဝူ... ဝူး... ဝုတ်... ဝုတ်...'

'အူး... အူး... ဝူး... ဝူး...'

'တင်... တင်... တင်... တင်...'

ကြွေပန်းကန်လုံးကို တူဖြင့် အဆက်မပြတ် ခေါက်သံ တွေ ထွက်ပေါ်လာ၏။ တစ်ဖက် တံတားထိပ်မှာ မည်းမည်းကြီး နှစ်ကောင် ဆိုင်းရပ်နေကြတယ်။

'ရပ်... ရပ်... ရှေ့မှာ... ရှေ့မှာ'

'အမလေး... သ... သ... သရဲ...'

'နှစ်ကောင်ကြီးတောင်၊ အမြန်ရှောင်ဟေ့'

'နောက်ပြန်ဆုတ်ရင်လည်း ဝါးရုံတောကနေ မည်းမည်း ကြီးခိုဆင်းပြီး အန္တရာယ်ပေးတာ ခံရဦးမယ်၊ ပိတ်မိနေပြီ...'

'ချောင်းထဲခုန်ဆင်းကြဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'တံတားဘေးမှာ ငုတ်တိုင်တွေနဲ့ အကျမတော်ရင် ဒုက္ခရောက်ကုန်မယ်'

'အမလေး… ဟိုမှာ လာနေပြီ၊ ပြေး… ပြေးကြ'

ခြောက်ယောက်သား တံတားအလယ်က နားခိုဇရပ်ရောက်အောင် ပြန်ပြေးကုန်ကြတယ်။ နားခိုဇရပ်မှာ ညှပ်ပိတ်မိကုန်ကြတယ်။

'ဟီး… ဟီး… ဟီး… ဟီး…'

'ဟင်း… ဟင်း… ဟင်း… ဟင်း…'

ရွှေဘိုစုဘက်ကမ်းက နှစ်ကောင်၊ ချမ်းသာရွာဇရပ်ဘက်က နှစ်ကောင်၊ ၁ တံတားအလယ် ဇရပ်ရောက်အောင် အကြောတွေဆုတ်ပြီး လှုပ်လီလှုပ်လဲ့နဲ့ လာနေတယ်။

'ဘယ်လိုလုပ်ကြမလဲ၊ ဘုရား ကယ်တော်မူပါ'

'ဩကာ… ဩကာသ… အရပ်'

'…ား ရွတ်ကုန်ပြီ၊ သေချာဆိုစမ်းပါဟ'

'ရှင်များ ရွတ်ပါလား'

'ငါ မေ့ကုန်လို့၊ နေဦး… ငါ ရတာတစ်ခုရှိတယ် …ကျော်ဖော် သီဆိုထားတဲ့ ဘုရားထီးတော်တင်တဲ့ သီချင်း'





'ရတာပဲ ဆိုပေါ့တော်'

'အေး…'

စိုးကြီးက အသံဝါကြီးနဲ့ စဆိုတယ်။

*'ဗုဒ္ဓဘုရား ဟောကြားသော ဗျာဒိပ်တိုင်း တည်ပါစေသော်၊ သာသနာတစ်ဝက်၊ ရာဇာတစ်ဆက် တည်တံ့နိုင်မြဲ ရှည်ကြာစေသော်'*

'ကိုစိုးကြီး အသံတွေ တုန်အက်နေတယ်'

'ငါ… မ… ကြောက်… ပါ… ဘူးကွာ'

'ကိုကိုဂျိရေ… လုပ်ပါဦး၊ ဒီမှာ စိုး ကြောက်ဒူးတုန်နေပြီ၊ ဟိုမှာ နီးလာပြီ'

ဂျပုမက အရေးထဲ လှုပ်ချွဲနေသေးတယ်။ ဝင်းမြင့်တွေက ဂေါ်လီကို ဖက်ထားပေးနေရတယ်။

'ရှင်က ယောကျ်ားဖြစ်ပြီး မိန်းမထက် ပိုကြောက်နေသေးတယ်'

'သရဲက ပြန်ချလို့မှ မရတာ၊ လူ…းချင်းဆိုရင်တော့'

'ပြန်ချပစ်မှာပေါ့'

'ထိုင်ကန်တော့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သွား… လူကြောက်ကြီး'

'အချစ်က မွေးရင် အားဆေးပဲ၊ ကိုယ် မကြောက်တော့ဘူး၊ မွေးမွေးပေးမလား'

'တကယ်… ဒါဆို ပေးမယ်၊ ကဲ…'

'ရွှတ်…'

'အဟွတ်…'

'ဘာဖြစ်ရပြန်တာလဲ'

'နှပ်ချေးတွေ ပေကုန်လို့'

✣ ✣ ✣



## အခန်း (၁၂)

'ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး'

'ဘယ်အတိုင်းနေရမှာလဲ၊ ကင်းမြီးကောက်ထောင်နေမှာလား'

'ချောင်းရေထဲကို တိုင်ဖက်ဆင်းကြမယ်၊ သရဲတွေက…းလာပြီ၊ မြန်မြန်ဆင်းကြ'

စိုးကြီး စကားအတိုင်း အားလုံး လိုက်နာကုန်ကြတယ်။ …းကြီးက အရင်ဆင်းနေပြီကိုး။

'စိုးကြီး ငါနဲ့ ဂေါ်လီက ရေမကူးတတ်ဘူးကွ'

'မကူးတတ်လည်း ဆင်း'

'ဆင်းရဲဘူး'

'မဆင်းရဲရင် နေခဲ့'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတစ်ယောက်တည်း သွား၊ ဝင်းမြဲဆွေလေးကို ထားခဲ့၊ ဝင်းမြဲဆွေ မလိုက်နဲ့နော်၊ ဂျိုကာ ဂျပုမကို ထိန်းဦးလေကွာ'

'သူ့သဘောပဲ'

'တို့က ကိုကိုဂျိုနဲ့ပဲ နေခဲ့မယ်'

စိုးကြီးက...

'နေချင်လည်း နေခဲ့၊ ခင်စန်း ဆင်းလေ'

'ကျုပ်က ထဘီကြီးနဲ့၊ ကိုးလိုးကန့်လန့်ကြီး'

'ခါးတောင်းကျိုက်လိုက်ပေါ့ဟ'

'မကျိုက်တတ်ဘူး'

'ဂျိုကာနဲ့ ဂေါ်လီ ကျိုက်ပေးလိုက်'

'ဖြစ်မလားဗျ၊ သူက မိန်းမကြီး'

'အရေးထဲကွာ၊ ကျား/မ ခွဲနေသေးတယ်'

စိုးကြီး ပြောလို့မဆုံးခင်မှာ...

'အား... ဟား... အား... ငါ့ခြေထောက်ကို အောက်က ဆွဲ... ဆွဲနေတယ်၊ အီး... ဟီး... ကယ်ကြပါဦး'

'ဘယ်မှာလဲ... ဘယ်မှာလဲ၊ လက်ကို တင်းတင်းဆွဲခိုထား'





'အောက်က အမှောင်ထဲမှာ၊ အား... သေပါပြီဟ'

'ဘာဖြစ်လို့လဲ'

'ငါ့ရဲ့ တစ်ခုတည်းကျန်နေတဲ့ဟာကို ဖျစ်ညှစ်နေတယ်၊ သရဲနှာဘူးမနဲ့ တူတယ်၊ မတာမ သရဲမ... လွှတ်ဟ၊ နာလိုက်အောင့်လိုက်တာ'

'စိုးကြီး ပြန်တက်ခဲ့လေ'

'အောက်က ဆွဲထားတယ်ဟ'

ဂျိုကာနဲ့ ဂေါ်လီတို့ ဇရပ်ပေါ်တက်လာတဲ့ သရဲတွေကို ကြက်သီးဖြန်းဖြန်းထပြီး ကြောင်ကြည့်နေမိ၏။

ခင်စန်းက...

'ချောင်ပိတ်မိနေမှတော့ မထူးဘူး၊ သရဲကောသနီကော ပြန်ချဟာ ချမ်းသာက ခင်စန်းတဲ့ဟေ့၊ တစ်စန်းတည်းရှိတယ်၊ ယား...'

ခင်စန်းက နီးရာသရဲကို ပြေးထိုးပါလေရော။ သရဲက ယားခနဲ အော်လာတဲ့ ခင်စန်းကို ကလီတွေ ပိတ်ထိုးပစ်လိုက်လို့ ခင်စန်း ယားပြီး အော်တဲ့အသံက ပွက်လောကို ညံရောပဲ။

ဝင်းမြဲဆွေက...



www.burmeseclassic.com

'မခင်စန်း… မကြောက်နဲ့၊ ကျွန်မ လာပြီ'

'ငါလည်း ပါတယ်၊ တစ္ဆေဂျပုမတဲ့ဟေ့'

မီးမသုံးယောက်ပေါင်းပြီး အမွေးထူထူ ခေါင်းမျက်နှာ ဖုံးစွပ်ထားတဲ့ အကောင်ကြီးကို…

'ဖုန်း… ခွပ်… အင့်… ဒုတ်… အား…'

'ကိုက်တယ်၊ ကိုက်တယ်ဗျ၊ အား… နာတယ်'

'ဟင်… ဒါ ဂုံနီမွေးစွပ်ထားတဲ့ လူပဲ၊ ဟေ့… သရဲ အတုဟေ့၊ ဝိုင်းချကြ၊ ချကြ၊ အမွေးဆောင့်ဆွဲပြီး ပါးပိတ်ရိုက်ကြ'

'ဒုတ်… ခွပ်… အား… အင့်… မွေးမေ့ဗလေ'

ဒီတော့မှ ဂျိုကာနဲ့ ဂေါ်လီတို့လည်း အားတွေတက်ပြီး လက်သီးလက်မောင်းတန်းကာ…

'ကျား… ယား…'

'ချကြကွာ၊ ချ…'

'ဖုန်း…'

'ခွပ်…'

'ဂုတ်…'

'အောင်ညယ်ယေးဂျ'





'မှန်းစမ်း… ဒီအရုပ်ခေါင်းစွပ်ထားတာ'

ခင်စန်းက ဆွဲချွတ်လိုက်တယ်။ ဂျိုကာက ဂက်(စ) မီးခြစ် ခြစ်ကြည့်လိုက်တော့…

'ဟင်… ဖိုးချွန်း…'

ဂေါ်လီနဲ့ ဝင်းမြဆွေတို့က ကျန်တဲ့ သရဲဝဝကြီးကို စိမ်ပြေနပြေ ကိုင်နေတယ်။ ခင်စန်းက ပြေးသွားပြီး ခေါင်းစွပ် ကြီး ချွတ်ကြည့်လိုက်တော့…

'ဟောတော်… ချစ်ဆွေကြီး'

'အီး… ဟီး… ငါတို့က နောက်တဲ့ဟာကို၊ နင်တို့ ဘကယ်ဆော်တယ်၊ မတာမတွေ'

'ဆော်မှာပေါ့၊ နင်တို့ ခြောက်တာ လန့်သေလောက် တယ်၊ ရွှေဘိုစုရှာဘက်ခြမ်းက တက်လာတဲ့ သရဲနှစ်ကောင်က လည်း အကြောင်းပေါ်သွားလို့ သရဲဝတ်စုံတွေချွတ်ပြီး ဟိုးဟိုး ဟားဟားတွေ ရယ်ကုန်ကြတယ်။

'မသာတွေ… နင်တို့အကြံ ဒါ အကုန်ပဲလား'

'ဟေ့အေး… ကျန်သေးတယ်'

ဖိုးလုံးနဲ့ ဖိုးတုတ်က ဝတ်စုံတွေ ဆွဲချွတ်ပစ်လိုက်ရင်း မြန်ပြောလာခြင်းပင်။ ဝင်းမြဆွေက…

www.burmeseclassic.com



'ဘာကျန်သေးတာလဲ'

'စိုးကြီးလေ ဒီကောင့်ကို ခြောက်ဖို့ ကြယ်နီကြီးက ရေထဲကူးသွားတယ်'

'ဘာကွ… ငါ့ကို ကြယ်နီကြီး လုပ်နေတာ၊ ဟုတ်လား'

စိုးကြီးက လှမ်းအော်တယ်။

'တွေ့ကြသေးတာပေါ့ကွာ'

'ဝုန်း…'

'ဗွမ်း…'

'ဝုန်း…'

'ဗွမ်း… ဗွမ်း…'

'အား… တေပါဘီဂျ'

'မိပြီဟေ့… မိပြီ၊ ကြယ်နီကြီးရဲ့ ငယ်ပါကို အခုတော့ ကယ်ပါအော်နေရပြီ၊ ငါ့ကို ညှစ်တုန်းကလို စောင့်ခံလိုက်စမ်းပါ ကြယ်ကြီးရာ'

'အား… သေပါပြီ၊ ကယ်ကြပါဦးဗျို့'

'မှတ်ပြီလား၊ အဲဒါ စိုးကြီးတဲ့'

✣ ✣ ✣



BURMESE CLASSIC .com



'ဟောဒီ ချစ်ခွေကြီးက အကြံပေးတာနဲ့ စိုးကြီးတို့အဖွဲ့ကို ဝိုင်းနှောက်ရအောင် ကျောင်းစုကနေ အလှူခံဝတ်စုံတွေ တကူးတကတောင် သွားငှားခဲ့ရတာဗျ'

ဖိုးတုတ် ရှင်းပြတာကို နားထောင်နေကြရာမှ ဂေါ်လီက…

'အခုတော့ ဇာတ်လမ်းတွေက ရှင်းသွားပါပြီ၊ တစ္ဆေဂျပုမဆိုတာလည်း အတု၊ နောက်ထပ် ပေါ်လာတဲ့ သဘက်တစ္ဆေကြီးတွေဆိုတာလည်း အတု၊ အားလုံး အတုပဲ'

'မင်းက အစစ်ရသွားပါတယ် ဂေါ်လီရာ၊ ဝင်းမြခွေလေးကိုလေ၊ ငါ့မှာသာ…'

'ကိုကိုဂျိုနော်… ချိုမထောင်နဲ့၊ ဒီအိတ်ထဲမှာ ဘာပါလဲ သိလား'

'သိပါတယ် ဂျပုမရယ်၊ နင် ငါ့ကို ကြောရှုံ့ကြံစည်ပြီးပြီ၊ လူပျိုနုနုထွတ်ထွတ် ငါ့ဘဝလေးကို နင် ဖျက်ဆီးခဲ့ပြီး ပန်းကောင်းအညွန့်ကျိုးရတဲ့ ငါ့ဘဝ နင်တို့လို ပန်းစားဘီလူးမတွေကြောင့် တို့ယောကျ်ားတွေ ဒူးနဲ့မျက်ရည် သုတ်နေရတာပဲ၊ နားလည်လား'



www.burmeseclassic.com

www.burmeseclassic.com



'သိတယ်၊ တိတ်တော့'

'သူများလို ဒိုင်ယာလော့ခ်မှန်မှန် အိုက်တင်ကောင်းကောင်းနဲ့ ပြန်မပြောတတ်ဘူး'

'တိတ်ဆို တိတ်ဟာ၊ ငါ နှိပ်လိုက်ရ'

'လူကြားထဲမှာ… ရှင်နော်'

'ဟင်း… ဟင်း… ဟင်း…'

'ပန်းစားဘီလူးမကြီး'

ဒီမှာတင် စိုးကြီးက…

'ကဲပါ… တော်ကြပါတော့၊ ငါတို့ လုပ်တာနဲ့ ရွာလည်းလန့်တော့မယ်၊ ဟိုကောင် ဖိုးတုတ် ဘာဖြစ်တာလဲ၊ ခါးတွေနာနေလို့လား'

'ဟုတ်တယ်၊ ဝါးရုံထိပ် ခိုစီးပြတာလေ၊ ဝါးကိုင်းနဲ့ ခတ်မိလိုက်လို့'

'ကိုယ့်ဒဏ်ကိုယ်သင့်တာ ခံပေါ့ကွာ'

'တောက်… သူများ ဆေးပေးမလို့ မေးသလား မှတ်တယ်၊ ဒါတော့ ငါသိတာပေါ့ ဥတစ်လုံးရဲ့'

'ငါ့ကို အဲဒီလို မခေါ်နဲ့၊ ဆဲတာထက်တောင် နာသေး





တယ်၊ ဥတစ်လုံးပေမယ့် လူစဉ်မီပါသေးတယ်ကွ'

မခင်စန်းက…

'ဟုတ်ပါ့တော်… သိပါ့… သိပါ့၊ ခတ်သိကြီး'

ဂျိုကာက…

'မခင်စန်းနဲ့ ဘာဆိုင်လို့ သိတာလဲ'

မခင်စန်းက စိတ်ကောက်ပြီး ဆောင့်အောင့်ထွက်သွားတယ်။ စိုးကြီးက မျက်စပစ်ပြီး လိုက်သွားတယ်။

'ဟေ့… စိုးကြီး၊ မနက်သုံးနာရီထိုးနေပြီ၊ လင်းဆွဲလေးဆွဲမလို့လား'

'အေး…'

'အရက်ဝိုင်းဆွဲမှာကို ပြောတာနော်'

'ငါ ပြန်လာခဲ့မယ်'

ဒီမှာတင် ဂေါ်လီကလည်း ဝင်းမြဆွေလေးကို သိုင်းဖက်လိုက်ပြီး…

'လာ… သွားစို့ အချစ်လေး'

'ဘယ်ကိုလဲ'

'အိမ်ကို လိုက်ပို့ပေးမယ်လေ'



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'မြို့သွားပို့ပြီးရင် ပြန်လာခဲ့နော်၊ ကျုပ်ဆိုင်မှာ ဝိုင်း သောက်ရအောင်'

'စိတ်ချ… ကိုချစ်ဆွေရေ'

ဖိုးတုတ်၊ ဖိုးလုံး၊ ဖိုးချွန်၊ ကြယ်သီး၊ ချစ်ဆွေတို့က နောက်ဆုံးစုံတွဲကို အကဲခတ်ကြည့်ကြတယ်။ ဂျပုမက…

'သွားမယ်လေ… ဒီမှာ ဘာလုပ်နေတာလဲ'

'ဘယ်ခေါ်သွားမှာလဲ'

'ကျွန်မက တစ္ဆေဂျပုမပဲဟာ'

'အဲဒီတော့'

'သင်္ချိုင်းကုန်းကို ခေါ်သွားမှာပေါ့လို့'

'အော်မငိုး… တေပါဘီဟ'

BURMESE CLASSIC .com

ခေါ်ဝ်



www.burmeseclassic.com